တောင်တွင်းကြီးမြို့

ရွှေမော်ဓော ကျောင်းတိုက်ကြီး၏

ဦးစီးနာယက

ပရိယတ္တိဝိသာရဒ ဝိနယဂရုက

## ဘဒ္ဒန္တ ကောဏ္ဍညာဘိဝံသ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက

## ရွှေမော်ဓော ဆရာတော်ဘုရားကြီး

ဆုံးဖြတ်အပ်သော

# ကထိန ဝိနိစ္ဆယကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ခရစ် ၁၉၈၆

တောင်တွင်းကြီးမြို့

ရွှေမော်ဓော ကျောင်းတိုက်ကြီး၏

ဦးစီးနာယက

ပရိယတ္တိဝိသာရဒ ဝိနယဂရုက

## ဘဒ္ဒန္တ ကောဏ္ဍညာဘိဝံသ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက

## ရွှေမော်ဓော ဆရာတော်ဘုရားကြီး

ဆုံးဖြတ်အပ်သော

# ကထိန ဝိနိစ္ဆယကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

ပထမအကြိမ် ပုံနှိပ်ခြင်း

၁၉၈၆-ခု၊ မေလ

အုပ်ရေ-၁၅၀၀

၂၁၉၆၂

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေး ဦးစီးဌာနအတွက်
ဒေါ်နှင်းနှင်းဝေ
ရန်ကုန်မြို့၊ အမှတ် ၃၃၃၊ အုန်းရောင်စုံပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (၀၃၀၅၆)က ပုံနှိပ်၍
ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေး ဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

# အမှာနိဒါန်း

**ကထိန ဝိနိစ္ဆယ။** ။ဤကျမ်းကား ကထိန်နှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီး ဆုံးဖြတ် ဖြေဆိုအပ်သော ''အဆုံးအဖြတ်''များကို စုံပေါင်းလျက် ''**ကထိန ဝိနိစ္ဆယကျမ်း**''ဟု အမည်ပေး၍ ပုံနှိပ်ထုတ်ဝေထားခြင်း ဖြစ်ပေသည်။

ဤအဆုံးအဖြတ် စာမူများကို စာမူအတိုင်းထားသော် အကျိုးမရှိ၊ အများလေ့လာကြည့်ရှု သိရှိနိုင်ကြစေရန်အလို့ငှါ ပုံနှိပ်ထုတ်ဝေဖြန့်ချီရပါမှုကား ဆရာတော်ဘုရားကြီးလည်း ဓမ္မဒါနဖြစ်၊ အများအတွက်လည်း အကျိုးရှိ၊ အကျိုးရှိရာ၏၊ အကျိုးရှိတန်ရာ၏-ဟူသော ရည်ရွယ်ချက်ဖြင့် ရိုက်နှိပ်ထုတ်ဝေထားခြင်းသာ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ၎င်းအား မေးလျှောက်သည့် ကထိန်နှင့် ပတ်သက်သော အမေးပုစ္ဆာပြဿနာများကို ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာ စသည် လာသည့်အတိုင်း ပြန်လည်ဖြေကြား ဆုံးဖြတ်ထားသဖြင့် ကြည့်ရှုလေ့လာမှတ်သားရန် ကောင်းသော အဆုံးအဖြတ်များသာ ဖြစ်ပေသည်။

အရှင်ဝိမလ မေးလျှောက်ထားသည့် အမေးပုစ္ဆာများကို ဆုံးဖြတ် ဖြေကြားထားရာ၌ ပါဠိတော်က ဘယ်သို့၊ အဋ္ဌကထာက ဘယ်ပုံ၊ ဋီကာက ဘယ်နည်း၊ ယောဇနာက ဘယ်ကဲ့သို့ ဟု ပါဠိတော်နည်း, အဋ္ဌကထာနည်း, ဋီကာနည်း, ယောဇနာနည်း စသည်ဖြင့် တိတိကျကျ ပြတ်ပြတ်သားသား ပြယုဂ် ဥဒါဟရုဏ် စုံလင်စွာနှင့် တခမ်းတနား ဆုံးဖြတ်ဖြေဆိုထားပေသည်။

# အမှာနိဒါန်း

အင်ကြင်းပင်ဆရာတော်ဘုရားကြီး မေးတော်မူအပ်သည့် အမေးပုစ္ဆာကိုလည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသည် စသည်ဖြင့် ''ဆိုရေးရှိက ဆိုထိုက်စွ''ဟူသည်နှင့်အညီ ဖြေရေးရှိ၍ အကျယ်ဝေဖန်လျက် ဖြေဆိုဆုံးဖြတ်ထားပေသည်။

ထို့ပြင် ကထိနတ္ထာရ – စာတမ်းကလည်း ကထိန်နှင့်ပတ်သက်လျှင် ကထိန်အကြောင်း သိကောင်းစရာ လေ့လာစရာတခုပင် ဖြစ်ပေသည်။

သဟုဗ္ဗာရ အဆုံးအဖြတ်ကတော့၊ ဆရာတော်ဘုရားကြီးက မေးသည့်အတွက် ဆရာတော်ဦးနန္ဒိယ၏ အဆုံးအဖြတ်တခုသာ ကထိန်နှင့်ပတ်သက်၍ သိရှိထိုက်ရကား၊ နောက်ဆက်တွဲတွင် ဗဟုသုတအလို့ငှါ ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကား 'ကထိန ဝိနိစ္ဆယကျမ်း' ဆိုပေမယ့်၊ ကထိန်အကြောင်းသာမဟုတ်၊ ပရိဝတ် မာနတ်စသည့် အကြောင်းများလည်း ပါရှိပေသည်။

အနာရောစန စာတမ်းမှာ ပရိဝတ် မာနတ်အကြောင်း လေ့လာသိရှိနိုင်သလို၊

သိမ်အကြောင်းတွင်လည်း သိမ်ပေါ် ကံဆောင်ပုံနှင့် သိမ်နိမိတ်ကြားပုံများကိုလည်း လေ့လာသိရှိနိုင်ပေသည်။

သိမ်နိမိတ် ကြားပုံ ကြားနည်းကလည်း ကျက်မှတ်ဆောင်ထားအပ်သည့် ဆောင်ထားရမည့် အခန်းကဏ္ဍတခုပင် ဖြစ်ပေသည်။

''ဘုန်းကြီးဆူတုံး တန်ဆောင်မုန်း''ဟု ဆိုရိုးပြုကြသည့်အတိုင်း နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်မုန်းရောက်လျှင် ကထိန်နှင့် မကင်း

နိုင်ကြရကား ရဟန်းရှင်လူ အများလက်တွင် အမြဲဆောင်ထားသင့်သော စာအုပ်တအုပ်သာ ဖြစ်ပေလိမ့်မည်ဟု ယုံကြည် ယူဆ မိပါသတည်း။

**မှတ်ချက်။** ။နိဒါန်းအကျယ် ကြည့်ရှုလိုပါက သြကာသအခမ်းပွဲ ကျမ်း နိဒါန်းကို ကြည့်ရှုကြပါရန်။

ဦးသောဘိတ
ရွှေမော်ဓောတိုက်
တောင်တွင်းကြီးမြို့၊
မကွေးတိုင်း။

၁၃၄၆-ခုနှစ်၊ ဝါဆိုလ။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမ | .... | ၁ |
| ၂။ | ဝါးကြီးအိုင်ရွာ ကျောင်းကြီးကျောင်း အရှင်ဝိမလ၏ ကထိန်နှင့် ပတ်သက်သည့် အမေးပုစ္ဆာ(၃)ချက် လျှောက်ထားလွှာ | .... | ၂ |
| ၃။ | ဒေဝမိ, ဒေဝမ မပါပဲ သင့်-မသင့် ဟူသော ပဌမပုစ္ဆာ အဖြေ | — | ၂ |
| ၄။ | သံဃာ မထည့်ပဲ အပ်-မအပ် ဟူသော ဒုတိယပုစ္ဆာ၏ အဖြေ | .... | ၉ |
| ၅။ | သက်နီးကာလ အတွင်း "သံဃာ"ဟု ထည့်လှူဒါန်းသမျှ အကာလသင်္ကန်း မည်-မမည် ဟူသော တတိယပုစ္ဆာ၏ အဖြေ | .... | ၂၆ |
| ၆။ | အောင်လံမြို့ အင်ကြင်းပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါယမ၏ အမေးပုစ္ဆာ | .... | ၆၅ |
| ၇။ | ၎င်းအမေးပုစ္ဆာ၏ အဖြေ | .... | ၆၆ |
| ၈။ | ကထိနတ္ထာရစာတမ်း ထွက်ပေါ်လာရခြင်း၏ အကြောင်း | .... | ၇၆ |
| ၉။ | ကထိနတ္ထာရစာတမ်း | .... | ၇၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နောက်ဆက်တွဲ | |
| ၁၀။ | ရွှေမော်ဓော ဆရာတော်က မေးလျှောက်၍ မဟာဝိသုတာရာမတိုက် ရတနာသိဒ္ဓိကျောင်း ဆရာတော် ဦးနန္ဒိယ ဖြေကြားအပ်သော သဟုဗ္ဗာရ အဆုံးအဖြတ် .... | ၈၂ |
| ၁၁။ | အနာရောစနစာတမ်းထွက်ပေါ်ရခြင်းအကြောင်း.... | ၈၆ |
| ၁၂။ | အနာရောစနစာတမ်း .... | ၈၈ |
| ၁၃။ | မှော်ဘီမြို့ တပ်ကြီးကုန်းရွာ ကွင်းကျောင်း ဆရာတော် ဦးပဒုမ၏ သိမ်နှင့်ပတ်သက်သော အမေးပုစ္ဆာ လျှောက်ထားလွှာ .... | ၉၄ |
| ၁၄။ | ၎င်းသိမ်နှင့် ပတ်သက်သော အမေးပုစ္ဆာ၏ အဖြေ .... | ၉၄ |
| ၁၅။ | သိမ်နိမိတ်ကြားပုံ .... | ၉၉ |
| ၁၆။ | နိဂုံး .... | ၁၀၇ |

# ကထိန ဝိနိစ္ဆယကျမ်း

........ ဝ ........

## ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမော တဿ ယတော မဟိမတော ယဿ တမော န။

အဟံ၊ ကောဏ္ဍညဟု နာမသမုတ် အကျွန်ုပ်သည်။ မဟိမတော၊ အနည်းငယ်ကို အကြီးအကျယ်ဖြစ်အောင် ဖန်ဆင်းနိုင်သော တန်ခိုး ရှိတော်မူထသော။ ယဿ ဘဂဝတော၊ ဘုန်းတော်ခြောက်ပွင့် အဆင့် ဆင့်တို့ မြင့်မြင့်ထူးထွေ ဖူးစေချင်ရာ မင်္ဂလာကိုးဂုဏ် တန်ခိုး ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ ယတော၊ အကြင် ကြောင့်။ ယတော၊ အကြင်အရဟတ္တမဂ် ဓား သန်လျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်းခြင်းကြောင့်။ တမော၊ အဝိဇ္ဇာသည်။ တမော၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ မပြတ်လည်ရာ ဝဋ္ဋာမူလ မိုက်မှောင်သည်။ န၊ ရှိတော်မမူ။ တတော၊ ထို့ကြောင့်။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ နမော၊ လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။ နမော၊ ကာယဝစီ မနောသုံးလီဒွါရ ပဏာမဖြင့် ကြည်စွာသဒ္ဒါ ရှိခိုးပါ၏ ဘုရား။

## ဝါးကြီးအိုင်ရွာ ကျောင်းကြီးကျောင်း အရှင်ဝိမလ၏

## အမေးပုစ္ဆာ လျှောက်ထားလွှာ

ဘုရားတပည့်တော် 'ဝါးကြီးအိုင်' ရွာ ကျောင်းကြီးကျောင်း ရှင်ဝိမလ ရှိသေစွာ လျှောက်ထားဝံ့ပါသည် ဘုရား။

တပည့်တော်များနှင့်တကွ နောင်လာနောင်သား ပုဂ္ဂိုလ်များ တို့သည် ယုံမှားသံသယ မရှိပဲ သိရှိလိုက်နာရအောင် အောက်ပါ ပုစ္ဆာ တို့ကို—

ဓမ္မဝိနယ ကျနစွာ ဖြေရှင်း ပေးသနားတော်မူပါရန် လျှောက် ထားဝံ့ပါသည် ဘုရား။

(၁) "ဣမိနာ ကထိနံ အတ္ထရထ" ဟု ဆိုရုံမျှနှင့် ဒေမိ,ဒေမ မပါပဲ သင့်၊ မသင့်။

(၂) "သံဃဿ" မထည့်ပဲ "ဣမံ ကထိန စီဝရံ ဒေမ"ဟု ဆို၍ လှူဒါန်းရာ အပ်-မအပ်။

(၃) သင်္ကန်းကာလအတွင်း "သံဃဿ" ဟု ထည့်လှူဒါန်း သမျှ သင်္ကန်းတို့အား အကာလသင်္ကန်း မည်-မမည်။

## ပဌမပုစ္ဆာ အဖြေ

(၁) "ဣမိနာ ကထိနံ အတ္ထရထ"ဟု ဆိုရုံမျှနှင့် "ဒေမိ,ဒေမ" မပါပဲ သင့်-မသင့် ဟူသော အမေးပြဿနာကို မေးထားရာ၌ ထို အမေးကို ကျမ်းဂန်လာတိုင်း သေချာစွာ ဉာဏ်ဖြင့် သက်ဝင် စိစစ်၍ ရေးသားပေအံ့။

သစေ ပုရိမ ဝဿံ ဝုတ္ထာနံ ဂဟဋ္ဌ ပဗ္ဗဇိတေသု ယောကောစိ ဓမ္မေန သမေန စီဝရံ ဒေတိ၊ ဣမိနာ ကထိနံ အတ္ထရထာတိ။

(ကင်္ခါဝိတရဏီအဋ္ဌကထာ)

ဂဟဋ္ဌ ပဗ္ဗဇိတေသု၊ လူ ရှင် ရဟန်းတို့တွင်။ ယောကောစိ၊ အမှတ်မရှိ တယောက်ယောက်သောသူသည်။ ပုရိမ ဝဿံ ဝုတ္ထာနံ၊ ပုရိမဝါမှ ထကြွကုန်သော သံဃာတော်တို့အား။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီမျှသဖြင့်။ စီဝရံ၊ သင်္ကန်းကို။ ဣမိနာ စီဝရေန၊ ဤ သင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်ကို။ တုမှေ၊ အရှင်ဘုရားတို့သည်။ အတ္ထရထ၊ ခင်းတော်မူပါကုန် ဘုရား။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သစေ ဒေတိ၊ အကယ်၍ ပေးလှူငြားအံ့။

**တနည်း။** ။စီဝရံ၊ သင်္ကန်းကို။ ဣမိနာ ကထိနံ အတ္ထရထာတိ၊ ဣမိနာ ကထိနံ အတ္ထရထ ဟူ၍။ သစေ ဒေတိ၊ အကယ်၍ လှူငြားအံ့။ (အနက်)

ဤ အဋ္ဌကထာစကားကို လိုအပ်သော အဓိပ္ပာယ် ပေါ်လွင် ထင်ရှားအောင် အစိတ်စိတ်ခွဲ၍ ရှင်းပြပါမည်။

"ပဓာနာပဓာနေသု ပဓာနံ ဂဟေတဗ္ဗံ" ဟူ၍ လည်းကောင်း။

"သဗ္ဗဝါကျာနံ ကြိယာန ပဓာနတ္တာ" ဟူ၍ လည်းကောင်း။

"ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ပဓာနကြိယာ၊ ကောက်မြဲသာတည်း" ဟူ၍ လည်းကောင်း။

"လုံးဝါကျ ဆုံးလေရာ ကြိယာကိုဖြင့်၊ အာဒိယူမြဲ။ စပ်သွားဟန်၊ ကတ္တားကံ၊ အစဉ်ရသမို့၊ သူ့အနေ နသမ္ဘေ၊ စဉ်တလျှောက်ကို၊ သိကောက်လို့ခွဲ" ဟူ၍ လည်းကောင်း။

ရှေးဆရာတော်များ မိန့်တော်မူသောကြောင့် "သစေ ၊ပ၊ အတ္ထ-ရထာတိ" ဟူသော စကားရပ်၌—

လိုရင်းကား- "သစေ ဒေတိ" ဟူသည်တည်း။
အကယ်၍ လှူသည်ဖြစ်အံ့ ဟူလို။

အဘယ်သူသည် လှူဒါန်းသနည်းဟု မေးဖွယ်ရှိ၍ ကတ္တားကို ပြလို၍ ယောကောစိ ဟူသော ပါဠ်ကို မိန့်တော်မူသည်။

ယော ကောစိ- သည် အပေါင်းမှခွဲထုတ်အပ်သော နိဒ္ဒါရဏီယ ဖြစ်၏။

နိဒ္ဒါရဏကား အဘယ်နည်းဟုမေးဖွယ်ရှိ၍ "ဂဟဋ္ဌပဗ္ဗဇိတေသု" ပါဠ်ကို မိန့်တော်မူသည်။

လူရှင် ရဟန်းတို့တွင် တယောက်ယောက်သောသူသည် အကယ်၍ လှူငြားအံ့ဟူလို။

အရှင်အဋ္ဌကထာဆရာ....လူ ရှင် ရဟန်းတို့တွင် တယောက်ယောက် သောသူသည် အကယ်၍ လှူငြားအံ့- ဟုဆို၏။

ဘာကိုလှူပါသလဲ။

ငှက်ပျောသီးကို လှူပါသလောဟု မေးရန်ရှိ၍ "စီဝရံ" ဟူသော ပါဠ်ကို မိန့်တော်မူသည်။

အရှင်အဋ္ဌကထာဆရာ....သင်္ကန်းသည်—

၁။ တရားသဖြင့် ရသောသင်္ကန်း၊

၂။ မတရားသဖြင့် ရသောသင်္ကန်း—ဟု နှစ်မျိုးရှိရာ၊

အဘယ်သင်္ကန်းကို လှူပါသလဲဟုမေးဖွယ်ရှိ၍ "ဓမ္မေန သမေန" ပါဠ်ကိုမိန့်။

လူ ရှင် ရဟန်းတို့တွင် တယောက်ယောက်သောသူသည် တရားနှင့် ညီသဖြင့် (ဝါ) တရားနှင့်ညီညွတ်စွာ ရအပ်တဲ့ သင်္ကန်းကို အကယ်၍ လှူငြားအံ့....ဟူလို။

အရှင်အဌကထာဆရာ....

ဒါ ခါတုသမ္ဘဒါနံ ပဋိပါဒေတိ-ဟု လာအပ်သည်နှင့်အညီ၊ ဒါ-ခါတ်၏ သမ္ဘဒါန်ကား-အဘယ်မှာလဲဟု မေးဖွယ်ရှိ၍ ''ပုရိမဝဿံဝုဋ္ဌာနံ'' ဟူသော ပါဌ်ကိုမိန့်။

ပုရိမဝါမှ ထကြွကုန်သော သံဃာတော်တို့အား လူ ရှင် ရဟန်းတို့တွင် တယောက်ယောက်သောသူသည် တရားနှင့်ညီစွာ ရအပ်သော သင်္ကန်းကို အကယ်၍လှူသည်ဖြစ်အံ့....ဟူလို။

အရှင်အဌကထာဆရာ....

ဤလိုသင်္ကန်းကာလ၌ သာမည လှူသောသင်္ကန်းကို ကထိန်ခင်း ကောင်းပါသလောဟု မေးဖွယ်ရှိ၍၊

ဣမိနာ ကထိနံ အတ္ထရထာတိ- ဟူသော အာကာရနိဒဿန ပါဌ်ကို မိန့်တော်မူသည်။

လူရှင်ရဟန်းတို့တွင် တယောက်ယောက်သောသူသည် ပုရိမဝါ ကျွတ်ကုန်သော သံဃာတော်တို့အား တရားနှင့် ညီစွာ ရအပ်တဲ့ သင်္ကန်းကို။

ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူပါဘုရား- ဟုဆို၍ အကယ်၍ လှူငြားအံ့။

ထိုသို့ဆို၍လှူသောသင်္ကန်းသာ ကထိန်ခင်းခြင်းငှါထိုက်ပေသည်။

**မှတ်ချက်။** (၁) ပုရိမဝဿံ ဝုတ္ထာနံ- စကားဖြင့်၊ ဝါ,မကျိုးမပျက်မူ၍ ပုရိမဝါကျွတ်သော သံဃာများသာ ကထိန်ခင်းထိုက်သည်။ ပုရိမဝါပင် ဆိုသော်လည်း ဝါကျိုးဝါပျက်သော သံဃာ၊ ပစ္ဆိမဝါကပ်သော သံဃာတော်များသည် ကထိန် မခင်းထိုက်ပေ- ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။

(၂) ဂဟာဋ္ဌ ပဗ္ဗဇိတေသု ယောဂေဝစိ– စကားဖြင့် ရဟန်း ယောကျ်ား, ရဟန်း မိန်းမ, သာမဏေ ယောကျ်ား, သာမဏေ မိန်းမ, သိက္ခမာန်-ဟူသော သီတင်းသုံးဖော် ငါးယောက်နှင့်တကွ လူ, နတ်, ဗြဟ္မာတို့တွင် တဦးဦးကလှူလျှင် ကထိန်ခင်းထိုက်၏-ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။

(၃) ဓမ္မေန သမေန စီဝရံ– စကားဖြင့် တရားသဖြင့်ရတဲ့ သင်္ကန်းသာလျှင် ကထိန်ခင်းထိုက်သည်။
မတရားသဖြင့် ရတဲ့သင်္ကန်း, ဝိညတ် ပရိယာယ် ကထာ ဩဘာနိမိတ်ဖြင့် ရအပ်သော သင်္ကန်းများမှာ ကထိန်မခင်းထိုက်ပေ– ဟူသော အဓိပ္ပာယ်ကိုပြတော်မူသည်။

(၄) ဣမိနာ ကထိနံ အတ္ထရထာတိ- စကားဖြင့် ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူပါဟုဆို၍ လှူသောသင်္ကန်းသာ ကထိန်ခင်းထိုက်သည်။

သာမညာ ပုရိမဝဿံဝုတ္ထ သံဃာအား "စီဝရံ ဒေမ"ဟု ဆို၍ လှူသောသင်္ကန်းကို ကထိန်ဟူသော အမည်မပါသောကြောင့် ကထိန် မခင်းထိုက်, ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။

ရှင်းပြပေအံ့။

(၁) အာကာ်ရဝန္တ ဝါကျ၊
(၂) အာကာရ ဝါကျ၊
(၃) နိဒဿေတဗ္ဗ ဝါကျ၊
(၄) နိဒဿန ဝါကျ၊

(၁) ပုရိမ ဝဿံ ဝုတ္ထာနံ ၊ပေ၊ စိဝရံ ဒေတိ-ကား အာကာရ-ဝန္တ-နိဒဿေတဗ္ဗ ဝါကျ။

(၂) ဣမိနာ ကထိနံ အတ္ထရထာတိ- ကား အာကာရ- နိဒဿန ဝါကျ။

ဣမိနာ ကထိနံ အတ္ထရထာတိ- ဟူသော အာကာရ-နိဒဿန ဝါကျသည် (ဝါ) စကားသည်၊ ပုရိမဝဿံ ဝုတ္ထာနံ ၊ပေ၊ စီဝရံ ဒေတိ၊ ဟူသော အာကာရဝန္တ နိဒဿေတဗ္ဗ ဝါကျသို့ (ဝါ) စကားသို့ ဆိုက်စပ်ရသည်။

ထိုသို့ ဆိုက်စပ်ရ ပေါင်းရလေသောကြောင့် "ဣမိနာ ကထိနံ အတ္ထရထ"ဟု သက်သက်ခွဲခြား၍ သီဆိုခြင်းငှါ မသင့်ပေ။

ရှေး ပုရိမ ဝဿံ ဝုတ္ထာနံ ၊ပေ၊ ဒေတိ" စကားနှင့်သာ တစပ်တည်း-စပ်၍ဆိုရမည်။

ဒါလိုဆို၍ လှူမှသာ သင့်လျော်ကောင်းမြတ်ပေသည်။

ဥပမာပြပေအံ့-

တဘက်သောပါးစောင်ဖြင့် မီးမှုတ်သောသူသည် မီးကိုမတောက်စေနိုင်သကဲ့သို့၊ တပါးစပ် (ပါးစောင်နှစ်ဘက်)လုံး၊ လေအားကောင်းကောင်းနှင့်မှုတ်မှ မီးကိုတောက်စေနိုင်သကဲ့သို့။ ထိုအတူပဲ-

"ဣမိနာ ကထိနံ အတ္ထရထ" သက်သက်ကိုသာ ခွဲခြား၍ ဆိုလျှင် မသင့်လျော်၊ မကောင်းပေ၊ ပါးစောင်းတဘက်နှင့်သာ မီးမှုတ်သည်နှင့် တူပေ၏။

"ပုရိမ ဝဿံ ဝုတ္ထာနံ ၊ပေ၊ ဒေတိ၊ ဣမိနာ ကထိနံ အတ္ထရထ" ဟု တွဲဘက်၍ ပြည့်စုံစွာဆိုမှသာ သင့်လျော်ကောင်းမြတ်ပေ၏၊ပါးစပ်တခု (ပါးစောင်နှစ်ဘက်)လုံး လေအားကောင်းကောင်းနှင့် မီးမှုတ်သည်နှင့် တူပေ၏။

ထို့ကြောင့် "ဣမိနာ ကထိနံ အတ္ထရထ" သက်သက်ဖြင့် ခွဲခြား၍ ဆိုခြင်းငှါ မသင့်လျော်ဟု မုချဆတ်ဆတ် မှတ်ယူအပ်၏။

သာသနာတော်နောက်ပိုင်းရောက်တဲ့အခါ အပြည့်အစုံစကားဥဿုံ အလုံးစုံကို ဆိုရမည်၊ ယူရမည်နေရာ၌ တစိတ်တဒေသအစိတ်အပိုင်းကိုသာ ယူကြ ဆိုကြ ပြောကြခြင်းသည် သာသနာတော်ပျက်စီးကြောင်းအမှန်ပင် ဖြစ်ပေသည်။

ထို့ကြောင့်—

အလုံးစုံခြုံ၍ ယူရမည့်နေရာကို တစိတ်တဒေသ အစိတ်အပိုင်းမျှကို မယူမိကြလေအောင် ကြပ်ကြပ်ကြီး သတိဆောင်ကြပါကုန်။

"ဣမံ စီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ"ဟု ဆို၍လှူဒါန်းရမည်ကို အဋ္ဌကထာဆရာ ပြတော်မူလိုသောကြောင့်သာလျှင် "ပုရိမဝဿံ ဝုတ္ထာနံ ၊ပေ၊ အတ္ထရထာတိ" ဟူသော စကားကို မိန့်တော်မူသည်။

"ဣမိနာ ကထိနံ အတ္ထရထ" ကိုသာလျှင် ယူ၍ ဆိုရမည်ကို ပြတော်မူလို၍ မိန့်တော်မူသည် မဟုတ်ဟု မှတ်ပါလေ။

ထို့ကြောင့်"ဣမံ စီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ" ဟု ဆို၍ ကထိန်သင်္ကန်း လှူဒါန်းဆက်ကပ်ကြပါလေကုန်။

ပုရိမဝဿံ ဝုတ္ထာနံ ဒေတိ- ဟူရာ၌ ပုရိမဝဿံ ဝုတ္ထ ရဟန်းတို့ သည် မိမိတို့အတွက် အလှူခံသည်မဟုတ်၊ သံဃာ၏ကိုယ်စား အလှူ ခံသည်ဟု မှတ်ရမည်၊ အလှူခံ ရဟန်းများ မပိုင်၊ သံဃာသာ ပိုင် ဆိုင်၏။

စက္ခုံအန္ဓံ၁၀ ဆဇနာ၊ ပရာမာသန ဟတ္ထိနံ။
ကေဒေသေန ဂဏ္ဌေသုံ၊ န ဂဏှေယျုံ ဗဟူဇနာ။
(ပထမနကာရ)

ဟတ္ထိနံ (ဟတ္ထိနံ)၊ ဆင်တို့ကို။ ကေဒေသေန၊ အစိတ်အပိုင်းဖြင့်။ ပရာမာသန- ပရာမာသနာ၊ သုံးသပ်ကြ ကိုင်တွယ်ကြကုန်သော။ စက္ခု အန္ဓာ၊ စက္ခုအလင်း မရှိကြကုန်သော။ ဆဇနာ၊ ခြောက်ယောက် ကုန်သော လူတို့သည်။ ဂဏှိတွ္ဗ ဣဝ၊ ဆင်ဆိုသည်မှာကား မြွေကြီးနှင့် တူ၏။ ကျည်ပွေ့နှင့် တူ၏။ ဖျာသင်ဖြူးနှင့် တူ၏။ အိမ်နံရံနှင့် တူ၏။ အိမ်တိုင်နှင့် တူ၏။ တံမြက်စည်းနှင့် တူ၏ဟု အသီးသီး ယူကြကုန်သကဲ့ သို့။ တထာ၊ ထို့အတူ။ ဗဟူဇနာ၊ များစွာကုန်သော ရဟန်း ရှင် လူ တို့သည်။ ဂန္ထေသု၊ ကျမ်းဂန်တို့၌။ ကေဒေသေန၊ အလုံးစုံ ယူသင့် ယူထိုက်သော အရာ၌ အစိတ်အပိုင်းကလေးမျှဖြင့်။ နဂဏှေယျုံ၊ ဘယ် အခါကာလမှ မယူကြကုန်ရာ။

ပထမပုစ္ဆာ—အဖြေ ပြီး၏။

---

## ဒုတိယပုစ္ဆာ အဖြေ

(၂) သံဃသ မထည့်ပဲ ''ဣမိနာ ကထိနစီဝရံ ဒေမ'' ဟုဆို၍ လှူဒါန်းရာ အပ်-မအပ် ဟု မေးထား၏။

ထိုအမေးကို ပါဠိတော် အဋ္ဌကထာ ဋီကာ အနု မဓု ယော ဇနာ ဗျာကရုဏ်း ကျမ်းအားလုံးကို ညှိနှိုင်း၍ ဆုံးဖြတ်ပေအံ့။

ဒါ-ခာတ်တို့မည်သည် သမ္ပဒါန်ကို ပြီးစေ၏။ သမ္ပဒါန်ကိုငဲ့၏။ ထိုသို့ သမ္ပဒါန်ကိုပြီးစေ သမ္ပဒါန်ကို ငဲ့လေသောကြောင့်။

သံဃသ-ဟူသော သမ္ပဒါန်ကို ထည့်ပေးရမည်ဟု မုချ မှတ်ပါ လေ။

ထိုသို့ဖြစ်ခဲ့သော် မဟာဝါ အဋ္ဌကထာ၌ အဘယ့်ကြောင့် မပါ သလဲဟု မေးစရာရှိပေ၏၊ အဋ္ဌကထာဆရာသည် သံဃသ-ဟူသော သမ္ပ- ဒါန်ပုဒ်ကို မပါသင့်-မဖြစ်သင့်—မထည့်သင့်သောကြောင့် မထည့်မဟုတ် ပေ၊ ပါဠိတော်မှာ ပါရှိပြီးဖြစ်၍ ထင်ရှားသောကြောင့်သာလျှင် မထည့် ခြင်းဖြစ်ပေသည်။

ကင်္ခါ အဋ္ဌကထာနှင့် မဟာဝဂ္ဂ အဋ္ဌကထာဆရာသည် တယောက်တည်းဖြစ်ပါတယ်၊ အဋ္ဌကထာချင်း မဆန့်ကျင်ကြပေ၊ ကင်္ခါ အဋ္ဌကထာမှာလည်း ပုရိမဝဿံ ဝုတ္ထာနံ-ဟု သမ္ဗန္ဓ ပါရှိလေပြီ။

ဍ္ဍဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ။

(မဟာဝဂ္ဂပါဠိတော်)

သစေ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ ဟောတိ၊ သံဃေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ သံဃေန ဥတ္တိ ဒုတိယေန ကမ္မေန ကထိနတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ။

(ပရိဝါ ပါဠိတော်)

ထိုမဟာဝဂ္ဂ, ပရိဝါ ပါဠိတော်များ၌ သံဃ ဟူသောပုဒ်ထင်ရှားတိုက်ရိုက်ပါရှိလေသောကြောင့် သံဃဿ-ဟူသောပုဒ်ကို အဋ္ဌကထာဆရာ မထည့်ခြင်းဖြစ်ပေသည်၊ မဖြစ်သင့်လို့မဟုတ်ပေ။

(၁) သုတ္တ

(၂) သုတ္တာနုလောမ

(၃) အာစရိယဝါဒ

(၄) အတ္တနောမတိ....လေးမျိုး ရှိပါသည်။

(၁) သုတ္တ....ဘုရားဟောပါဠိတော်ကို ခေါ်သည်။

(၂) သုတ္တာနုလောမ....မဟာပဒေသ-လေးပါးကို ခေါ်သည်။

(၃) အာစရိယဝါဒ....အဋ္ဌကထာကို ခေါ်သည်။

(၄) အတ္တနောမတိ....ထေရဝါဒနှင့်တကွ ဋီကာကို ခေါ်သည်။

ဤလေးမျိုးကို ညီညွတ်နိုးနှော မကွဲမပြား၊ တသားတည်းကျအောင် ယူရသည်။

ဤလေးမျိုးကို မကွဲမပြား တသားတည်း ညီညွတ်တိုက်ဆိုင်အောင် ယူမှသာလျှင် ဤဝါဒမှန်ကန်သည်ဟု မှတ်ယူရမည်။

ဥပမာ-

ရွှေပြားကြီး လေးပြားကို ခပ်လိုက်တဲ့အခါ မကွဲမပြား တသားတည်းဖြစ်သလို၊

(၁) သုတ္တံ
(၂) သုတ္တာနုလောမ
(၃) အာစရိယဝါဒ
(၄) အတ္တနောမတိ။

ဤလေးပါး တကွဲတပြားစီ မနေရပေ၊ တသားတည် နေရမည်။

ထို့ကြောင့် ပါဠိတော်မှာလည်း သံဃဿ-ဟု ဟောတော်မူသည်။ အဋ္ဌကထာမှာလည်း ပုရိမဝဿံဝုတ္ထာနံ-ဟု မိန့်တော်မူသည်၊ ဋီကာတို့၌လည်း မိန့်တော်မူပေသည်။

ထို့ကြောင့်

> ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ သံဃဿ ကထိနစီဝရံ ဒေမာတိ ဝတ္တဗ္ဗံ၊ ဧဝဉ္ဟိ သတိ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ သမေတိ၊ အထ စ ပန ပုဗ္ဗေ ကတပရိစယတ္တာ သံဃဿာတိ အဝုတ္တေပိ သမ္ပဒါနံ ပါကဋန္တိ ကတွာ အဝုတ္တံ သိယာတိ။

ဟူ၍ ဝိနယာလင်္ကာရဋီကာဆရာ မိန့်တော်မူပေသည်။

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ၊ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ-ဟူသော စကား၌။ သံဃဿ ကထိနစီဝရံ ဒေမာတိ၊ သံဃဿ ကထိန စီဝရံ ဒေမ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဟိ၊ ကိုစကားမှန်၏။ ဧဝံ၊ ဤသို့ သံဃဿပုဒ် ထည့်၍ဆိုသည်။ သတိ၊ ရှိသော်။ ဣဒံ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ၊ ဣဒံ

၂၂-၅-၅၇

သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ—ဟူသော ကမ္မဝါစာနှင့်။ သမေတိ၊ ညီညွတ်ပေ၏။

အထ စ ပန၊ တနည်းကား။ ပုဗ္ဗေ၊ ရှေး၌။ သံဃေန၊ သံဃာသည်။ ကတပရိစယတ္တာ၊ ပြုအပ်သော ဆည်းပူး ပြုလုပ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ သံဃဿာတိ၊ သံဃဿဟူ၍။ အဝုတ္တေပိ၊ အဋ္ဌကထာ၌ မဆိုအပ်သော်လည်း။ (ဝါ) အဋ္ဌကထာ၌ မဆိုလျှင်မူလည်း။ သမ္ပ-ဒါနံ၊ သံဃဿ ဟူသော သမ္ပဒါန်သည်။ ပါကဋံ၊ ထင်ရှား ပေါ်လွင်ပေ၏။ ဣတိ ကတွာ—ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝုတ္တံ၊ အဋ္ဌကထာဆရာ မဆိုသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်သားအပ်၏။ (ဋီကာနက်)

ဝိနယာလင်္ကာရ ဋီကာ၌သာ မိန့်တော်မူသည် မဟုတ်သေး၊ဝိနည်းဋီကာတို့တွင် အစဖြစ်သော ဝဇီရဗုဒ္ဓိဋီကာ၌လည်း-

> တသ္မာ ပရိနိဋ္ဌိတ ပုဗ္ဗကရဏမေဝ စေ ဒါယကော
> သံဃဿ ဒေတိ၊ သမ္မုခီဘူတာ ကမ္မဝါစာယ ဒါတဗ္ဗံ။

ဟု မိန့်တော်မူသည်။

တသ္မာ၊ ထို့ကြောင့်။ ပရိနိဋ္ဌိတ ပုဗ္ဗကရဏမေဝ၊ ပြီးပြီးသော ပုဗ္ဗကရဏရှိသော သင်္ကန်းကိုသာလျှင်။ ဒါယကော၊ ဒါယကာသည်။ သံဃဿ၊ သံဃာအား။ စေ ဒေတိ၊ အကယ်၍ လှူငြားအံ့။ ဧဝံ၊ ဤသို့ လှူသည်ရှိသော်။ သမ္မုခီဘူတာ၊ အလှူခံ၍။ ကမ္မဝါစာယ၊ ဥတ္တိ ဒုတိယကမ္မဝါစာဖြင့်။ ကထိနတ္ထာရကဿ၊ ကထိန်ခင်းထိုက်သောရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ (ငှင်းဋီကာနက်)

ဗျာကရဏ်ကျမ်းတို့အဆို

ဒါ-ဓာတ်သည် သမ္ပဒါန် ငဲ့ကြောင်း-အောက်ပါစကားတို့ကို ဗျာကရဏ သိရောမဏိ ဖြစ်တော်မူကြတဲ့ ဆရာတော်များ မိန့်တော်မူကြပြီ။

ဒါ-ခါတု သမ္ပဒါနံ ပဋိပါဒေတိ။

(ဗျာကရုဏ်း)

ဒါ-ခါတု၊ ဒါခါတ်သည်၊ သမ္ပဒါနံ၊ သမ္ပဒါန်ကို။ ပဋိပါဒေတိ၊ ပြီးစေ၏။

**မှတ်ချက်။** ။ဒါ-ခါတ်သည် သမ္ပဒါန်ကို ပြီးစေတယ်၊ သမ္ပဒါန်ပါမှ ဖြစ်တယ်ဟု ဆိုလိုတယ်။

ဒဒါတိကြိယာယောဂေ ဝေါယံ တဒနု ပရောဓေနာတိ ဝစနတော။

(ရူပသိဒ္ဓိဋီကာ)

အယံ ဝိဘတ္တိ၊ သမ္ပဒါန်အနက်၌ သက်သော ဤသတ္တမီဝိဘတ်သည်။ တဒနုပရောဓေနာတိ ဝစနတော၊ တဒနုပရောဓေန-ဟု သုတ်ကို မိန့်ဆိုခြင်းကြောင့်။ ဒဒါတိ-ကြိယာယောဂေ ဝေါ၊ ဒါခါတ်အနက်နှင့် ယှဉ်ရာ၌သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။

**မှတ်ချက်။** ။တဒနုပရောဓေန-ဟုဆိုသောကြောင့် (ဝါ) မြတ်စွာဘုရား ပါဠိတော်အား မဆန့်ကျင်သဖြင့်ဟု ဆိုသောကြောင့် ဤ သမ္ပဒါန်အနက်၌သက်သော သတ္တမီဝိဘတ်သည် ဒါ-ခါတ် အနက်နှင့် ယှဉ်ရာသာလျှင် ဖြစ်သည်ဟူလို။

သံဃေတိ ဒါ-ခါတုယောဂတ္တာ သမ္ပဒါနံ သံဃဿ ဒိန္နံ ဒါနံ မဟပ္ဖလန္တိ-အတ္ထော။

(ဝိဘတျတ္ထဋီကာ)

သံဃေတိ ဧတ္ထ၊ သံဃေ-ဟူသော ပါဌ်၌။ ဒါခါတုယောဂတ္တာ၊ ဒါ-ခါတ်နှင့်ယှဉ်ခြင်းကြောင့်။ သမ္ပဒါနံ၊ သမ္ပဒါန်သည်။ ဟောတိ၊ ဖြစ် ၏။ သံဃဿ၊ သံဃာတော်အား။ ဒိန္နံ၊ ပေးလှူအပ်သော။ ဒါနံ၊ အလှူ သည်။ မဟပ္ဖလံ၊ ကြီးကျယ်ခမ်းနားသော အကျိုးရှိပါပေ၏။ ဣတိ အတ္ထော၊ ဤသို့သောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**မှတ်ချက်။** ။ဒါ-ဓာတ်နှင့် ယှဉ်ခြင်းကြောင့်သာ သမ္ပဒါန်အနက်၌ သတ္တမီ ဝိဘတ် သက်ထားသည်။ မယှဉ်လျှင် သတ္တမီ အနက်၌ သတ္တမီ ဝိဘတ်ပင် ဖြစ်သည်ဟု မှတ်ပါလေ။ သံဃေ၊ သံဃာအား-ဟု အနက် ပေးပါဟူလို။

သံဃေ ဒိန္နန္တိ သမ္ပဒါနေ၊ ဒါ-ဓာတုယာ သမ္ပဒါနာ ပေက္ခတ္တာ။

(ကစ္စာယနသာရဋီကာ)

သံဃေ ဒိန္နန္တိ ဧတ္ထ၊ သံဃေ ဒိန္နံ-ဟူသော ပါဌ်၌။ ဒါ-ဓာတုယာ၊ ဒါ-ဓာတ်၏။သမ္ပဒါနာ ပေက္ခတ္တာ၊ သမ္ပဒါန်ကို ငဲ့သည်၏အဖြစ်ကြောင့်။ သမ္ပဒါနေ၊ သမ္ပဒါန်အနက်၌။ သတ္တမီ၊ သတ္တမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။ဒါ-ဓာတ်သည် သမ္ပဒါန်ငဲ့သောကြောင့် သမ္ပဒါန်အနက်၌ သတ္တမီ ဝိဘတ် သက်ရသည်-ဟူလို။

န ဒေတိ နချကံ တံ တေ။

(ဈာသပါဠိ)

ဤဈာသ ပါဠိတွင်၊ တေ-ကို ဒေတိ-ကြိယာနှင့်ယှဉ်ခြင်းကြောင့် အောက်ပါအတိုင်း ဖွင့်ကြသည်။

တေတိ-တေသံ ဇနာနံ။

(သံပျင်ဋီကာ)

တေတိ–တေသံ ဇနာနံ သမ္ပဒါနတ္ထေ စေတံ ပစ္စတ္တဝစနံ၊ (နိရုတ္တိ မဉ္ဇူသာဋီကာ)

တေတိ ပဒဿ၊ တေ- ဟူသော ပုဒ်၏။ တေသံ ဇနာနံ၊ ထိုလူတို့အား။ ဣတိအတ္ထော၊ ဤသို့သောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ–မှန်လှပေ၏။ ဧတံ ဝစနံ၊ ဤဝိဘတ်သည်။ သမ္ပဒါနတ္ထေ၊ သမ္ပဒါန် အနက်၌။ ပစ္စတ္တဝစနံ၊ ပဌမာဝိဘတ်သည်၊ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ဒါခတ်နှင့်ယှဉ်၍သာ သမ္ပဒါန်အနက်၌ ပဉ္စမီဝိဘတ် ဖြစ်ရသည်ဟူလို။

အာခရ ဝိဝက္ခာယံ သတ္တမီပိ သိယာ သံဃေ ဒေဟိ။

(မောဂ္ဂလ္လာန်)

ဝတ္တိစ္ဆာနိဗန္ဓနတ္တာ ကာရကဘာဝဿ သမ္ပဒါနတ္တေ နာဝ စနိစ္ဆာယ မာခရတ္တေ နေဝါဘိမတေ သတ္တမီပိ ဘဝတီတိ ဒဿနတ္ထံ ဝုတ္တမာခရစ္စာဒိ။

(မောဂ္ဂလ္လာန်အဖွင့်ပဉ္စိကာ)

ဝတ္တိစ္ဆာနိဗန္ဓနတ္တာ၊ ဆိုလိုသောပုဂ္ဂိုလ်၏ အလိုနှင့်စပ်သည်၏အဖြစ်ကြောင့်။ ကာရကဘာဝဿ၊ ကာရကအဖြစ်၏။ သမ္ပဒါနတ္တေန၊ သမ္ပဒါန်ဝိဘတ်၏အဖြစ်ဖြင့်။ အဝစနိစ္ဆာယံ၊ မဆိုလိုသည်ရှိသော်။ အာခရတ္တေန ဝ၊ သတ္တမီဝိဘတ်အဖြစ်ဖြင့်သာလျှင်။ အဘိမတေ၊ အလိုရှိသည်ရှိသော်။ သတ္တမီပိ၊ သတ္တမီဝိဘတ်သည်လည်း။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ အာခရစ္စာဒိ၊ အာခရ ဤသို့ စသည်ကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

မှတ်ချက်။ ။ဝတ္တိစ္ဆာနုဗ္ဗိကာ သဒ္ဒပတိပတ္တိ-ဟု နျာသ-ရူပသိဒ္ဓိကျမ်းတို့၌ လာသည်လျော်စွာ ဆိုလိုသောပုဂ္ဂိုလ်က သမ္ပဒါန်ဝိဘတ်နှင့် မဆိုလိုပဲ သတ္တမီဝိဘတ်နှင့် ဆိုလိုသော် သတ္တမီဝိဘတ်နှင့် ဆို။

အနက်ကား ဒါခတ်နှင့် ယှဉ်သောကြောင့် သမ္ပဒါန်အနက်ဟု မှတ်ပါလေ။

ကတ္ထ ဒါနံ ဒါတဗ္ဗံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလံ၊ သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော တထာ ဒုဿီလေ ဒဒေယျ ဥဇုဘူတေသု ဧမာဒီသု ဒါနကြိယာယောဂေ သမ္ပဒါနေ သတ္တမီ ဗဟုလံ ဒိဿတိ။

(ဗာလာဝတာရဋီကာ)

(၁) သံဃဿ ဒေတိ၊
(၂) သံဃေ ဒေတိ၊

နှစ်မျိုးတို့တွင် ဆိုချင်ရာ ဆိုနိုင်၏။

သံဃေ ဒေတိ၌ အနက်ကား-သမ္ပဒါန်၊ ဝိဘတ် သတ္တမီတည်း။ ထို့ကြောင့် "သံဃေ-သံဃာအား"ဟု သမ္ပဒါန်ယူပါ ဟူလို။

ထုတ်ပြခဲ့သော ဗျာကရုဏ်းကျမ်းတို့ အဆိုအမိန့်အရလည်း ဒါ-ဓာတ်သည် သမ္ပဒါန်ကို ပြီးစေသောကြောင့် (ဝါ) သမ္ပဒါန်ပါမှ ဖြစ်နိုင်သောကြောင့်၊ သံဃဿ-ဟူသော သမ္ပဒါန်ပုဒ်ကို ထည့်၍ လူရမည်ဟူသော အနက်သဘောသည် ထင်ရှားလှ၏။ ရင်းပြင် ဥပရိပဏ္ဏာသဋီကာ၌လည်း—

သံဃေ ဂေါတမီ ဒေဟီတိ သံဃဿ ဒါနာယ **နိယော**
ဇေတိ-ဟု မိန့်၏။

သံဃေ ဂေါတမီ ဒေဟီတိ၊ သံဃေ ဂေါတမီ ဒေဟိ- ဟူသော **စကား**ကို။ သံဃဿ၊ သံဃာတော်အား။ ဒါနာယ၊ ပေးလှူခြင်းငှါ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိယောဇေတိ၊ တိုက်တွန်းတော်မူ၏။ (ဤကား ဋီကာအနက်)

မှတ်ချက်၊ ။ဤပဏ္ဏာသဋီကာ၌ သံဃေ - ပုဒ်ကို သံဃဿ - ဟု သမ္ပဒါန်ဖြင့် ဖွင့်ပြခြင်းသည် သံဃေ-ပုဒ်၌ သတ္တမီ ဝိဘတ်သည် သမ္ပဒါန်အနက်၌ သက်ထားသည်ဟု သိစေ ပါသည်။

ဤ ဥပရိပဏ္ဏာသဋီကာ စကားအရလည်း ဒါ-ဓာတ်နှင့် ယှဉ်ရာမှာ သမ္ပဒါန်-မုချကေန် ပါရမည်ဖြစ်၍ သံဃဿ-ဟူသော သမ္ပဒါန် ပါမှသာလျှင် ဝိညူပသဋ္ဌ အတိသုန္ဒရ ဖြစ်မည်ဟု မှတ်ယူပါလေ။

ကောသလသံယုတ်ပါဠိတော်၌-

ယတ္ထ စိတ္တံ ပသီဒတိ တတ္ထ ဒါတဗ္ဗံ-ဟူ၍ လည်းကောင်း၊

ကောသလသံယုတ် အဋ္ဌကထာ၌လည်း-

ယတ္ထာတိ ယသ္မိံ ပုဂ္ဂလေ စိတ္တံ ပသီဒတိ၊ တသ္မိံ ဒါတဗ္ဗံ၊ တဿ ဝါ ဒါတဗ္ဗန္တိ အတ္ထော။

ဟု ဖွင့်ပြတော်မူ၏။

**မှတ်ချက်။** ။ဤ အဋ္ဌကထာ၌ တတ္ထ—ဟူသော ပါဠိတော်ကို၊ တသ္မိံ ဒါတဗ္ဗံ—ဟူ၍ လည်းကောင်း၊ တဿ ဝါ ဒါတဗ္ဗံ-ဟူ၍ လည်းကောင်း ဖွင့်ပြတော်မူခဲ့၏။ ထိုသို့ ဖွင့်ပြရာဝယ် တတ္ထ -ကို တဿ - ဟု ဖွင့်ပြ ခြင်းသည် တတ္ထ - ၌ တ္ထ-ပစ္စည်းသည် သမ္ပဒါန်အနက်၌ သက်ထားသော တ္ထ-ပစ္စည်းဟု ပြလို၍ ဖွင့်ပြခြင်း ဖြစ်ပေ၏။ တတ္ထ၊ ထို ပုဂ္ဂိုလ်အား။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏- ဟူလို။

ဤ ကောသလသံယုတ်ပါဠိတော်နှင့် အလားတူပင် ဗုဒ္ဓဝံသ ပါဠိတော်၌ မဟာရဇ္ဇံ ဇိနေ အာဒိံ-ဟု ဟောတော်မူ၏။ ဤပါဠိတော်ကို ဇိနေတိ ဘဂဝတိ သမ္ပဒါနတ္ထေ ဝါ ဘုမ္မံ ဒဋ္ဌဗ္ဗံ-ဟု ဗုဒ္ဓဝံသ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူ၏။

**မှတ်ချက်။** ။ဤ ဗုဒ္ဓဝံသ အဋ္ဌကထာ၌ "သမ္ပဒါနတ္ထေ ဝါ ဘုမ္မံ ဒဋ္ဌဗ္ဗံ"ဟု ဖွင့်ပြခြင်းသည် ဇိနေ-၌ သ္မိံ ဝိဘတ်သည် သမ္ပဒါန်အနက်၌ သက်ထားသည်။ သတ္တမီအနက်၌ သက်ထားခြင်း မဟုတ်ဟု သိစေပါ၏။

ဤအဋ္ဌကထာတို့၌ -

(၁) တသ္မိံ ဒါတဗ္ဗံ
(၂) တဿ ဒါတဗ္ဗံ- ဟူ၍ ကောသလသံယုတ် အဋ္ဌကထာ၌ လည်းကောင်း။
(၁) ဘဂဝတိ-
(၂) သမ္ပဒါနတ္ထေ ဝါ ဘုမ္မံ - ဟူ၍ ဗုဒ္ဓဝံသ အဋ္ဌကထာ၌ လည်းကောင်း။

သတ္တမီအနက်, သမ္ပဒါန်အနက် နှစ်မျိုးတို့ဖြင့် ဖွင့်ပြငြားသော်လည်း "ယော ယော အဋ္ဌကထာ ဝါဒေါ ပစ္ဆာ ဝုတ္တော သော ဝ ဂဟေတဗ္ဗော" ဟူသော အဋ္ဌကထာဆရာ၏ အမိန့်အတိုင်း နောက်ဖွင့်ပြသော သမ္ပဒါန်အနက်ကိုသာ အဋ္ဌကထာဆရာကြီးများ ယူလိုရင်းဖြစ်ပေသည်ဟု မုချ မှတ်သားကြပါလေကုန်။

သံဃေ ဒါနံ ဒသ္သာမီတိ ဘိက္ခုသံဃဿ ဒဿာမိ။

ဒါရုကမ္မိကသုတ် (ဆက္ကနိပါတ်-အင်္ဂုတ္တိုရ် အဋ္ဌကထာ)

တယာ နုသိင်္ဃ အတုလံ ဒတွာ သံဃေတိ အရိယသံဃဿ အတုလံ ဥဠာရံ ဒါနံ ဒတွာ မယှံ အနုကမ္ပာယ တယာ အနုသိင်္ဃ။

(ပေတဝတ္ထုအဋ္ဌကထာ)

သံဃေ ဒေဟီတိ မံ အဝေါစာတိ ယဒိ တွံ သုဘဒ္ဒေ အဋ္ဌန္နံ ဘိက္ခူနံ ဒါတုကာမာ ယသ္မာ ပုဂ္ဂလဂတာယ ဒက္ခိဏာယ သံဃဂတာ ဧဝ ဒက္ခိဏာ မဟပ္ဖလတရာ တသ္မာ သံဃေ ဒေဟိ-သံဃံ ဥဒ္ဒိဿ ဒါနံ ဒေဟီတိ မံ အဘာသိ။

(ဝိမာနဝတ္ထု အဋ္ဌကထာ)

ဤ အဋ္ဌကထာတို့၌လည်း သံဃေ-ပုဒ်တို့၌ အရိယ သံဃဿ-ဟူ၍လည်းကောင်း၊ အဋ္ဌန္နံ ဘိက္ခူနံ-ဟူ၍လည်းကောင်း ဖွင့်ပြခြင်းသည် ဒါ-ဓာတ်နှင့်ယှဉ်ရာ သမ္ပဒါန်အနက်၌ သို ဝိဘတ် သက်ထားသည်ဟု ပြလိုသောကြောင့်သာလျှင် ဖွင့်ပြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဝံသ အဋ္ဌကထာ၌ သံသယ ကင်းပျောက် ဆုံးဖြတ်ခြင်းသို့ ရောက်ခြင်းသဘောရှိသော ဒဠှဗ္ဗ-သဒ္ဒါနှင့် ထားခဲ့ပေသတည်း။

အနုပသမ္ပန္နေတိ သမ္ပဒါနတ္ထေ ဘုမ္မံ၊ အနုပသမ္ပန္နဿာတိ အတ္ထော။

(ဝိနယ ဝိနိစ္ဆယဋီကာ ဒုဗ္ဗလကထာ ဝဏ္ဏနာ)

ဤသို့ အဋ္ဌကထာ ဋီကာ ဗျာကရုဏ်းဆရာတို့သည် ဒါ- ဓာတ်နှင့် ယှဉ်ရာ၌ သမ္ပဒါန်ဖြစ်ရမည်၊ ရှိရမည်ဟု တညီတညွတ်တည်း ဆိုကြခြင်းသည် ပါဠိတော် အကိုးအကား အထောက်အထားမရှိပဲ ဆိုသည် မဟုတ်၊ ပါဠိတော် အကိုးအကား အထောက်အထား ရှိ၍သာ ဆိုတော်မူကြသည်ဟု မှတ်ယူကြပါ။

ထို့ကြောင့် ပါဠိတော်များကို ထုတ်ပြပေအံ့။

၁။ တဿ ဘိက္ခုနော အန္နံ အဒံသု။

(ပါရာဇိကဏ် ပါဠိတော် တတိယ)

၂။ ဘိက္ခုဿ သာမံ စီဝရံ ဒတွာ။

(ပါစိတ် ပါဠိတော်)

၃။ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ။

(မဟာဝါ ပါဠိတော်)

၄။ ဒေဟိ မေ ပတ္တံ။

(စူဠဝါ ပါဠိတော်)

၅။ ဘိက္ခုဿ သာမံ စီဝရံ ဒတွာ။

(ပရိဝါ ပါဠိတော်)

၆။ သမဏ ဗြာဟ္မဏ ကပဏဒ္ဓိက ဝဏိဗ္ဗက ယာစကာနံ ဒါနံ ဒတွာ။

(သုတ်ပါထေယျ စက္ကဝတ္တိ)

၇။ ဣမာဟံ ဘန္တေ အာရာမံ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ။

(သုတ်မဟာဝါ ပါဠိတော် ပရိနိဗ္ဗာန)

၈။ မယှမေဝ ဒါနံ ဒါတဗ္ဗံ၊ န အညေသံ ဒါနံ ဒါတဗ္ဗံ။

(မဇ္ဈိမပဏ္ဏာသပါဠိတော် ဥပါလိ)

ထို့အတူ– မဟာဝါပါဠိတော် ဘေသဇ္ဇ။

၉။ သံဃေ တုဏှိ ဂေါတမီ ဒေဟိ။
(ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာ)

၁၀။ ဂူတ္ထာဂါရိယာ ဒွါနိ ဗီယိတ္ထ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-ဒေဝတာ)

၁၁။ တွေ ဒိန္နံ မဟပ္ဖလံ။
(ဒုကင်္ဂုတ္တရ ပါဠိတော်)

၁၂။ မုယ္ဗမေဝ ဒါနံ ဒါတဗ္ဗံ၊ န အညေသံ ဒါနံ ဒါတဗ္ဗံ။
(တိကင်္ဂုတ္တရ ပါဠိတော်)

၁၃။ ပဋိဂ္ဂဟကာနံ စတ္တာရိ ဌာနာနိ ဒေတိ။
(စတုက္ကင်္ဂုတ္တရ ပါဠိတော်)

၁၄။ အာဂန္တုကဿ ဘတ္တံ ဒေတိ။
(ပဉ္စင်္ဂုတ္တရ ပါဠိတော်)

၁၅။ သော တံ ဒါနံ ဒေတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ။
(သတ္တင်္ဂုတ္တရ ပါဠိတော်)

၁၆။ ဂူဓ ဘိက္ခဝေ ကေစ္စော ဒါနံ ဒေတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ။
(အဋ္ဌင်္ဂုတ္တရ ပါဠိတော်)

၁၇။ ဒဒါမိ ဘောတော ဘရိယံ။
(စရိယာ ပိဋက ပါဠိတော်)

၁၈။ ဗုဒ္ဓဿာဟံ ဝတ္ထယုဂံ အဒါသိံ။
(ဝိမာနဝတ္ထုပါဠိတော်-နာဂ)

၁၉။ ဝလ္လိတာလ ဖလံ ဂယှ- သယမ္ဘုဿ အဒါသဟံ။
(ထေရအပဒါန်ပါဠိတော်–ဘလ္လိယ)

၂၀။ ကင္ဍုစ္ဆူဘိက္ခ္ဟံ ပဂယှ—ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။
(ထေရီ အပဒါန် ပါဠိတော်)

၂၁။ အဟံ ဝတ္ထံ ဒဒါမိ တေ။
(ထေရဂါထာ ပါဠိတော်—လကုဏ္ဍ)

၂၂။ ပုဏ္ဏပတ္တံ ဒဒါမိ တေ။
(ထေရီဂါထာ ပါဠိတော်-သုန္ဒရီ)

၂၃။ ဟန္ဒုတ္တရိယံ ဒဒါမိ တေ။
(ပေတဝတ္ထုပါဠိတော် - နန္ဒ)

၂၄။ ဇဝံ ဒဒန္တိ ဉာတီနံ၊ ယေ ဟောန္တိ အနုကမ္ပကာ။
(ခုဒ္ဒကပါဌ ပါဠိတော် - တိရောကုဋ္ဋ)

၂၅။ အဒါနသီလာ န စ ဒေန္တိ ကဿစိ။
(သုတ္တနိပါတ်ပါဠိတော် - အာမဂန္ဓ)

၂၆။ တသ္မာ ဟိ ဝိတရာဂေသု ဒိန္နံ ဟောတိ မဟပ္ဖလံ။
(ဓမ္မပဒပါဠိတော်-တဏှာဝဂ်)

၂၇။ နာဝထာနာဝထာနံ ဒတွာန ဟိမဝန္တံ ဥပဂါမိံ။
(ဗုဒ္ဓဝံသ—ပါဠိတော်)

၂၈။ သက္ကော ဒေဝါန မိန္ဒော အာယသ္မတော မဟာကဿ-
ပဿ ပိဏ္ဍပါတံ ဒါတုကာမော ဟောတိ။
(ဥဒါန်း—ပါဠိတော်)

၂၉။ အဂ္ဂသ္မိံ ဒါနံ ဒဒတံ။
(ဣတိဝုတ်—ပါဠိတော်)

၃၀။ ဒေဟိ မေ ခီရဃဋံ။
(မိလိန္ဒပဉှာ - ပါဠိတော်)

၃၁။ နစ္စေန တေ ဓီတရံ နော ဒဒါမိ။
(ပါဠိဇာတ် ပါဠိတော် ဧကနိပါတ - နစ္စ)

၃၂။ တေ တေ ဒဒါမီတိ ဝဒါမိ မာဏဝ။
(ပါဠိဇာတ်ပါဠိတော် ဒုက—သုသီမ)

၃၃။ ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏိံ။
(ပါဠိဇာတ်ပါဠိတော် တိက-ဒူတ)

၃၄။ ကိလောမံ သမ္မ ဒမ္မိ တေ။
(ပါဠိဇာတ်ပါဠိတော် စတုက္က-သဗ္ဗမံသလာဘ)

၃၅။ နေဝ တံ ယာစိတော ဒဇ္ဇံ။
(ပါဠိဇာတ်ပါဠိတော် ပဉ္စက-အဟိတုဏ္ဍိက)

၃၆။ မဏိဉ္စာပိ ဒဒါမိ တေ။
(ပါဠိဇာတ်ပါဠိတော် ဆက္က-ပါရာတ)

၃၇။ ဒဒံ ဗုဒ္ဓါနံ ကုမ္မာသံ။
(ပါဠိဇာတ်ပါဠိတော် သတ္တက-ကုမ္မာသပိဏ္ဍိ)

၃၈။ ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ။
(ပါဠိဇာတ် ပါဠိတော် အဋ္ဌက-အာဒိတ္တ)

၃၉။ ဝရဉ္စေ မေ ဟံသ တုဝံ ဒဒေယျ။
(ပါဠိဇာတ် ပါဠိတော် နဝက-သုဝ)

၄၀။ ဒဒါမိ တေ ဓမ္မပူဇာယ ဓီရ။
(ပါဠိဇာတ် ပါဠိတော် ဒသက- စတုပေါသထိယ)

၄၁။ ဒဒါဟိ မေ ဂါမဝရာနိ ပဉ္စ။
(ပါဠိဇာတ် ပါဠိတော် ဧကာဒသ-ဇုဏှ)

၄၂။ န သုနခဿ တေ အဒေန္တိ မံသံ။
(ပါဠိဇာတ် ပါဠိတော် ဒွါဒသ-မေဏ္ဍ)

၄၃။ ဝရံ ကဿပ တေ ဒမ္မိ။
(ပါဠိဇာတ် ပါဠိတော် တေရသ-အကိတ္တိ)

၄၄။ တံ တွံ ဘတ္တံ ပဋိဂ္ဂယှ-ဣသိဿ ဘောဇနံ အဒါ။
(ပါဠိဇာတ် ပါဠိတော် ပကိဏ္ဏက-ဘိက္ခပရံပရ)

၄၅။ န မာဒိသာ တုယှံ ဒဒန္တိ ဇမ္ဗု။
(ပါဠိဇာတ် ပါဠိတော် ဝီသတိ-မာတင်္ဂ)

၄၆။ ဒဿာမိ တေ ဂါမဝရာနိ ပဉ္စ။
(ပါဠိဇာတ် ပါဠိတော် တိံသတိ-ဆဒ္ဒန္တ)

၄၇။ တံ တေ ဒဒါမိ သဗ္ဗမ္ပိ။
(ပါဠိဇာတ်ပါဠိတော် စတ္တာလီသ-စူဠသုတသောမ)

၄၈။ သက္ကော စ မေ ဝရံ ဒဇ္ဇာ။
(ပါဠိဇာတ်ပါဠိတော် ပဏ္ဏာသ-ဥမ္မာဒန္တိ)

၄၉။ ရဇ္ဇံ နိယျာဒယာမိ တေ။
(ပါဠိဇာတ်ပါဠိတော် သဋ္ဌိ-သောဏက)

၅၀။ ဒဒါဟိ နေသံ ဧကေကံ။
(ပါဠိဇာတ်ပါဠိတော် သတ္တတိ-ကုသ)

၅၁။ ယဿာဟိ သော ဒဿတိ သာဝ သေယျာသိ။
(ပါဠိဇာတ်ပါဠိတော် အသီတိ-သုဓာဘောဇန)

၅၂။ နိဝေသနာနိ ရမ္မာနိ အဟံ ပုတ္တံ ဒဒါမိ တေ။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ မူဂပက္ခ)

၅၃။ ဒဒါဟိ ဒါနာနိ မေ ဘရိယံ။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ ဥမင်္ဂ)

၅၄။ ရာဇာ သဗ္ဗဝိဒေဟာနံ ဒဒါ ဒါနံ အရိန္ဒမော။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ နိမိ)

၅၅။ ဓိတရံ ဒေဟိ ရာဇိနော။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ ဘူရိဒတ္တ)

၅၆။ ဒါနာနိ ဒေဟိ ကောဏ္ဍည-အဟိံသာ သဗ္ဗဘူတ ဘဗျာနံ။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ ခဏ္ဍဟာလ)

၅၇။ ဒဇ္ဇေ မုခေါ ပဉ္စသတာနိ ဘောတော။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ နာရဒ)

၅၈။ ဒဇ္ဇေ မုခေါ တေ သုတနုံ သုနေတ္တံ။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ ဝိဓူရ)

၅၉။ ဗြာဟ္မဏာနံ အဒါ ဒါနံ။
(ပါဠိဇာတ် ပါဠိတော် မဟာနိပါတ ဝေဿန္တရာ)

၆၀။ လဒ္ဓာ စေတသိကော ဓမ္မော ပရေသံ ဒါတုမိစ္ဆိ။
(ကထာဝတ္ထုပါဠိတော် ဒါနကထာ)

ဤပါဠိတော်များဖြင့် မြတ်စွာဘုရားရှင်သည် ဒါဓာတ်နှင့် ယှဉ်ရာ၌ သမ္မဒါန်ဖြစ်ရမည်၊ သမ္မဒါန်ရှိရမည်ဟု ပြတော်မူပေသည်။

ထိုထို နိကာယ် အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာတို့၌လည်း ဒါဓာတ်နှင့်ယှဉ်ရာ သမ္မဒါန်ထားသော ပါဠိများကို ရေးသား မိန့်ဆိုကြပါ၏။ ထိုသို့ ဆိုကြသော်လည်း ဤနေရာ၌ ကျယ်သွားမှာ စိုးသော

ကြောင့် လည်းကောင်း၊ ရာဇာ အာဂစ္ဆတိ–ဟူသော ပဓာနနည်းကဲ့သို့ လည်းကောင်း။

အရင်းလဲ အဖျား ထင်းဖြစ်သကဲ့သို့ လည်းကောင်း၊ မူရင်း ပါဠိတော်ကို ထုတ်ပြသဖြင့် အဖွင့် အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာတို့ကို ထုတ်ပြဖို့မလို၊ ပြီးပြီးသား ဖြစ်သောကြောင့် လည်းကောင်း ထုတ်၍ မပြတော့ပါ။

အလိုရှိပါက ထိုထို အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာတို့၌ ကြည့်ရှု၍ ယူတော်မူကြပါကုန်။

ဤသို့ နိကာယ် ငါးရပ် ပါဠိတော်နှင့်တကွ အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ဗျာကရဏ်း ကျမ်းအားလုံးတို့၌ ဒါ ဓာတ်နှင့် ယှဉ်လျှင် သမ္ပဒါန် ရှိရမည် နေရမည် ဖြစ်ရမည်ဟု တညီတညွတ်တည်း တသံတည်း မိန့်တော်မူကြသောကြောင့် သံဃဿ–ဟု မုချပါရမည်။ သံဃဿ–ပါမှသာ သင့်လျော် ကောင်းမြတ် အပ်သော အလှူခံနည်း ဖြစ်သည်ဟု မှတ်ပါလေကုန်။

ထို့ကြောင့် ''ဣမံ ကထိန စီဝရံ သံဃဿ ဒေမ''ဟု ဆို၍ လှူကြပါလေကုန်။

မဟဏ္ဏဝမ္ပိ မေရုဟိ၊ ဝိလောလေတွာဝ ဒဿိတံ။
ပါဠျတ္ထေဟိ ဗျာကရဏံ၊ တံ ပဿန္တု မဟာဇနာ။
(တတိယ ဘကာရ ဝိပုလဂါထာ)

မဟဏ္ဏဝံ၊ နက်နဲကျယ်စွာ မဟာသမုဒ္ဒရာကို။ မေရုဟိ၊ မြင်းမိုရ် တောင်တည်းဟူသော စုတ်တံဖြင့်။ ဝိလောလေတွာ၊ မွှေနှောက် ချောက်ချား၍။ ဒဿိတံ ဣဝ၊ ပြသကဲ့သို့။ တထာ၊ ထို့အတူ။ မယာ၊ ကောဏ္ဍညဟု ခေါ်ပြုသမုတ် အကျွန်ုပ်သည်။ ပါဠျတ္ထေဟိ၊ ပါဠိတော် အဋ္ဌကထာတို့နှင့် တကွ။ ဗျာကရဏံပိ၊ သဒ္ဒါအားလုံး ဗျာကရဏ်းကျမ်းကိုလည်း။ ဉာဏေန၊ ဉာဏ်တည်းဟူသော စုတ်တံဖြင့်။ ဝိလောလေတွာ၊ မွှေနှောက်၍။ ယော ဝိနိစ္ဆယော၊ အကြင် အဆုံး

အဖြတ်ကို။ ဒဿိတော၊ လက်ဝယ်တင်ထား ပတ္တမြားသို့ ထင်ရှားစွာ ပြအပ်ပြီ။ တံ ဝိနိစ္ဆယံ၊ ထို အဆုံးအဖြတ်ကို။ မဟာဇနာ၊ များစွာ ကုန်သော ဦးမဲ ဦးဖြူ ရဟန်း ရှင် လူ အပေါင်းတို့သည်။ ပဿန္တု၊ တပ်အပ်ထင်ထင် ရှုမြင်ကြပါစေကုန်သတည်း။ ပဿန္တု၊ သုတမယ စိန္တာမယ ဉာဏ်နှစ်ဝတို့ဖြင့် အဖန်ဖန် ကြံဆ၍ ရှုကြည့်ကြပါစေကုန် သတည်း။

**မှတ်ချက်။** ။မေရူဟိ ပုဒ်၌ ဝစနဝိပ္ပလ္လာသ၊
တနည်း - သလာကပုဒ် ကျေသည်၊
တနည်း - အတ္တာတိသယနည်းဟု မှတ်ပါ။
ပါဠိုျတ္တေဟိပုဒ်၌ အာဓိသဒ္ဒါ ကျေနေသည်ဟု မှတ်ပါ။

ဒုတိယပုစ္ဆာ အဖြေ ပြီး၏။

---

## တတိယပုစ္ဆာ အဖြေ

တတိယပုစ္ဆာ၌–

(၃) သင်္ကန်းကာလအတွင်း သံဃဿ-ဟု ဆို၍ လှူသမျှ သင်္ကန်းသည် အကာလသင်္ကန်း မည်သလော - မမည် သလောဟု မေးထား၏။

ထိုအမေးကို ပါဠိတော် အဋ္ဌကထာ ဋီကာလာတိုင်း ယထာဘူတ ကျနမှန်ကန်စွာ ဖြေကြားပါအံ့။

သင်္ကန်း၏ဖြစ်ရာ သမယသည်-

(၁) ကာလ
(၂) အကာလ
(၃) ကုစ္ဆိသမယ
(၄) ပိဋ္ဌိသမယ-ဟူ၍ လေးပါး ပြား၏။

ထိုသို့ လေ့ပေါင်းပြားသော်လည်း-

(၁) ကာလ

(၂) ကုစ္ဆိသမယသည် သဘောချင်း အတူတူဟု မှတ်ပါ။

(၃) အကာလ

(၄) ပိဋ္ဌိသမယသည် သဘောချင်း အတူတူဟု မှတ်ပါ။

ထို့ကြောင့် ကာလဆိုလျှင် ကုစ္ဆိသမယလည်း ပါ၏၊ ဆိုသည် မည်၏။

အကာလဆိုလျှင် ပိဋ္ဌိသမယလည်း ပါ၏၊ ဆိုသည် မည်၏။

ဤကဲ့သို့ ပါလေရကား တခုခုသော အမည်ကိုသာလျှင် စကား သုံးနှုန်း ရေးသားပေအံ့။

ကာလဆိုသည်ကား ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့် ကျော် တရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တလ သည် 'ကာလ' မည်၏။

ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ကစ၍ တပေါင်းလပြည့်တိုင်အောင် ငါးလသည် 'ကာလ' မည်၏ဟု ခွဲခြား၍ မှတ်ကြပါ။

ထို့ကြောင့်-

စီဝရကာလသမယောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ။

(ပါရာဇိကဏ် ပါဠိတော်)

ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ဝဿာ-နဿ၊ မိုးဥတု၏။ ပစ္ဆိမော၊ နောက်ဆုံးဖြစ်သော။ မာသော၊ တလ သည်။ စီဝရကာလသမယောနာမ၊ သင်္ကန်းကာလအခါမည်၏။ ကထိနေ၊

ကထိန်ကို။ အတ္ထတေ၊ခင်းအပ်သည်ရှိသော်။ ပဥ္စမာသာ၊ ငါးလတို့သည်။ စီဝရကာလသမယောနာမ၊ သင်္ကန်းကာလအခါမည်၏။

(ပါဠိတော်အနက်)

> စီဝရဒါနသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဥ္စမာသာ။
>
> (ပါစိတ် ပါဠိတော်)

ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ဝဿာနဿ၊မိုးဥတု၏။ ပစ္ဆိမော မာသော၊ နောက်ဆုံးဖြစ်သော ကာလသည်။ စီဝရဒါနသမယော နာမ၊ သင်္ကန်းပေးလှူသော ကာလမည်၏။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်ပြီးသည်ရှိသော်။ ပဥ္စမာသာ၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တပေါင်းလပြည့်တိုင်အောင် ငါးလတို့သည်။ စီဝရဒါနသမယော နာမ၊ သင်္ကန်းပေးလှူသော ကာလမည်ပေ၏။ (အနက်)

> အကာလစီဝရံ နာမ ယွာယံ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဥ္စမာသာတိ စီဝရ-ကာလော ဝုတ္တော။
>
> (ကင်္ခါ အဋ္ဌကထာ)

ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ဝဿာနဿ၊ မိုးဥတု၏။ ပစ္ဆိမော၊ နောက်ဆုံးဖြစ်သော။ မာသော၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ပိုင်းခြားအပ်သော ကာလသည်။ စီဝရကာလော၊ စီဝရကာလ မည်၏။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်ပြီးသည်ရှိသော်။ ပဥ္စမာသာ၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ပိုင်းခြားအပ်ကုန်သော ငါးလတို့သည်။ စီဝရကာလော၊ စီဝရကာလမည်၏။ ဣတိ–ဤသို့။ ယွာယံ-ယောအယံ

စိဝရကာလေ၊ အကြင် သင်္ကန်း ကာလကို။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ (အနက်)

**မှတ်ချက်။** ။အကာလ စီဝရံ နာမ-ကို ဤနေရာ၌ မလို။ ကာလေပီတိ အနတ္ထတေ ကထိနေ စီဝရ မာသေ၊ အတ္ထတေ ကထိနေ ပဉ္စမာသေတိ ယထာဝုတ္တ စီဝရကာလေပိ။

(ကင်္ခါဋီကာသစ်)

ကာလေပီတိ၊ ကာလေပိ—ဟူသည်ကား။ ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။စီဝရမာသေ၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် ပိုင်းခြားအပ်သော စီဝရ မာသ၌။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်ပြီးသည်ရှိသော်။ ပဉ္စမာသေ၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တပေါင်းလပြည့်တိုင်အောင် ပိုင်းခြားအပ်သော ငါးလ၌။ဣတိ၊ဤသို့။ ယထာဝုတ္တစီဝရကာလေပိ၊ အကြင် ဆိုအပ်ပြီးသော သင်္ကန်း ကာလ၌လည်း။ (ဋီကာနက်)

## "ကာလ ခွဲပြချက်"

(၁) ပထမကာလ=တလ၊ ကထိန်=မခင်းရာ၌ ရ၏။

(၂) ဒုတိယကာလ=ငါးလ၊ကထိန်ခင်းပြီးသော် ရ၏။

ထိုနှစ်မျိုးသော ကာလတို့တွင် ပထမကာလဟု ဆိုအပ်သော သင်္ကန်းကာလ၌—

(၁) အနာမန္တစာရ

(၂) အသမာဒါနစာရ

(၃) ယာဝဒတ္ထစီဝရ

(၄) ဂဏဘောဇန

(၅) ယော စ တတ္ထ စီဝရုပ္ပါဒ–

ဟူသော အာနိသင် ငါးပါးတို့တွင် အသမာဒါနစာရ အာနိသင်ကို ထား၍ ကျန်လေးပါးတို့ကို ရဟန်းတော်များ ရကြကုန်၏။

ဤလေးပါးတို့ကို ရသည် ဆိုသည်မှာ-

(၁) အနာမန္တစာရ

(၂) ယာဝဒတ္ထစီဝရ

(၃) ဂဏဘောဇန

(၄) ယော စ တတ္ထ စီဝရုပ္ပါဒ။

ဤ လေးပါးတို့၏ အပြစ်ကို ပြသော သိက္ခာပုဒ်တို့ကြောင့် အာပတ်မသင့်ခြင်းအကျိုး၊ အပြစ်မရှိခြင်းအကျိုးကို ရသည် ဟူလို။

ထို့ကြောင့်-

အနတ္ထတ ကထိနာ ပန ဣမေသု ပဉ္စသု အာနိသံသေသု စီဝရမာသေ အသမာဒါနစာရံ ထပေတွာ သေသာနိသံသေ လဘန္တိ။

(ကင်္ခါဋီကာသစ်)

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ အနတ္ထတ ကထိနာ၊ ကထိန် မခင်းအပ်ကုန်သော ရဟန်းတော်တို့သည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣမေသု အာနိသံသေသု၊ ဤ အာနိသင်တို့တွင်။ စီဝရမာသေ၊ သင်္ကန်းကာလ၌။ အသမာဒါနစာရံ၊ ဝိနည်းတိစီဝရိက်သင်္ကန်းနှင့် အရုဏ်ကင်း၍ နေရခြင်းဟု ဆိုအပ်သော အသမာဒါနစာရကို။ ထပေတွာ၊ ကြဉ် ထား၍။ သေသာနိသံသေ၊ ကြွင်းသော အာနိသင် လေးပါးတို့ကို။ လဘန္တိ၊ ရကြပေကုန်၏။ (ဋီကာနက်)

ဤသို့ ပြအပ်ခဲ့ပြီးသော သက်နီး၌ ,၀ါ- တလ္လ၊ ငါးလ၌ "ဣမံ စီဝရံ သံဃဿ ဒေမ" ဟူ၍ လည်းကောင်း၊

"ဣမာနိ စီဝရာနိ သံဃဿ ဒေမ"ဟူ၍ လည်းကောင်း ဆို၍ လှူသော သက်နီးများသည် ကာလသက်နီးသာ ဖြစ်မည်ဟု မုချ မှတ်ကြပါလေ။

ထို့ကြောင့် မဟာဝဂ္ဂပါဠိတော်၌—

ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ကေကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာ- ရာယ-

ဟု မြတ်စွာဘုရား ဟောတော်မူလေပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ပန၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကေကော၊ တယောက်ထည်းတည်း။ ဝဿံ၊ ဝါသို့။ ဝသတိ၊ ဆိုနေ၏။ တတ္ထ၊ ထို တပါးထည်းတည်း နေသော အရပ်၌။ မနုဿာ၊ လူတို့သည်။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သံဃဿ၊ သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ စီဝရာနိ၊ သင်္ကန်းတို့ကို။ ဒေန္တိ၊ လှူဒါန်းကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿေဝ၊ ထို တပါးထည်းတည်း ဝါဆိုသော ရဟန်းအားသာလျှင်။ ကထိနဿ၊ ကထိန်ကို။ ယာဝ ဥဗ္ဘာရာယ၊ နုတ်သည်တိုင်အောင်။ အနု- ဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

မဟာဝဂ္ဂ အဋ္ဌကထာ၌လည်း အကျယ်ဖွင့်ပြပေ၏။
ဖွင့်ပြပုံမှာ—

တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာ- ရာယာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ ဟောတိ။ ပဉ္စမာသေ နော စေ အတ္ထတံ ဟောတိ၊ ဧကံ

စီဝရမာသမေဝ၊ ယံ သံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ သံဃံ ဥဒ္ဒိဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿံဝုတ္ထသံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ သစေပိ မတက-စီဝရံ အဝိဘဇိတွာ တံ ဝိဟာရံ ပဝိသန္တိ၊ သဗ္ဗံ တဿေဝ ဘိက္ခုနော ဟောတိ၊ ယမ္ပိ သော ဝဿ ဝါသတ္ထာယ ဝဍ္ဎိံ ပယောဇေတွာ ထပိတ ဥပနိက္ခေပတော ဝါ တတြုပ္ပါဒ-တော ဝါ ဝဿာဝါသိကံ ဂဏှာတိ၊ သဗ္ဗံ သုဂ္ဂဟိတ မေဝ ဟောတိ၊ ဣဒဥ္စေတ္ထ လက္ခဏံ–ယေန တေနာကာရေန သံဃဿ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတကထိနဿ ပဉ္စမာသေ အနတ္ထတ ကထိနဿ ဧကစီဝရမာသံ ပါပုဏာတီတိ။

(မဟာဝါအဋ္ဌကထာ)

တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ၊ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယ-ဟူသည်ကား။ ဂဏပူရကော၊ ဂိုဏ်းပြည့်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ လဘိတွာ၊ ရ၍။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ ပဉ္စမာသေ၊ ငါးလတို့ တိုင်တိုင်။ ထပိတုံ၊ ထားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ နော စေ ဟောတိ၊ အကယ်၍ မခင်းအပ်သည် ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မဖြစ်သည်ရှိသော်။ ဧကံ စီဝရမာသမေဝ၊ သင်္ကန်းကာလ တလ တိုင်တိုင်။ ထပိတုံ၊ ထားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ယံ စီဝရံ၊ အကြင်သင်္ကန်းကို။ သံဃဿ၊ သံဃာအား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဒေန္တိဝါ၊ လှူကုန်သည်မူလည်း ဖြစ်စေ။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဒေန္တိဝါ၊ လှူကုန်သည်မူလည်းဖြစ်စေ။ ဝဿံ ဝုတ္ထသံဃဿ၊ ဝါ-မှ ထကုန်သော သံဃာတော်မြတ်အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဒေန္တိ ဝါ၊ လှူကုန်သည်မူလည်း ဖြစ်စေ။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။

ဒေန္တိဝါ၊ လူကုန်သည်မှုလည်း ဖြစ်စေ။ မတကာစီဝရံ၊ သေသောသူ၏ သင်္ကန်းကို။ အဝိဘဇိတွာ၊ မဝေဖန်မူ၍။ တံ ဝိဟာရံ၊ ထို တပါးတည်း နေသော ကျောင်းသို့။ သစေ ပဝိသန္တိ၊ အကယ်၍ ဝင်ကုန်သည် ဖြစ်ငြားအံ့။ သဗ္ဗံ၊ အလုံးစုံသော သင်္ကန်းသည်။ ဝသော ဝ ဘိက္ခုနော၊ ထို တယောက်ထည်းတည်း ဝါဆိုသော ရဟန်းအားသာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ သော ဘိက္ခု၊ ထိုတယောက်ထည်းတည်း ဝါဆိုသော ရဟန်းသည်။ ယမ္ပိ စီဝရံ၊ အကြင်သင်္ကန်းကိုလည်း၊ ဝဿ ဝါသတ္ထာယ၊ ဝါဆိုသင်္ကန်းအလို့ငှါ။ ဝေယျာဝစ္စကာရေဟိ၊ အမှုကြီးငယ်ကို ပြုလုပ်သော ကပ္ပိယကာရကတို့ကို။ ဝဿိ ပယောဇေတွာ၊ အတိုး အပွား အကြွေးချစေ၍။ ထပိတ ဥပနိက္ခေပတောဝါ၊ ထားနှံ့သော သင်္ကန်းမှ လည်းကောင်း။ တတြုပ္ပါဒ တောဝါ၊ ထိုကျောင်း၏ အုံး အရံ စသည်မှ ဖြစ်သော သင်္ကန်းမှ လည်းကောင်း၊ ဝဿဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဂဏှာတိ၊ ခံယူအံ့။

သဗ္ဗံ၊ အလုံးစုံသည်။ သုဂ္ဂဟိတမေဝ၊ ကောင်းစွာယူခြင်းသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကား မှန်၏။ ဣဒံ၊ ဤ ဆိုလတ္တံ့သော စကားသည်။ ဧတ္ထ၊ ဤအရာ၌။ လက္ခဏံ၊ မှတ်ကြောင်း လက္ခဏာတည်း။ ယေန တေနာကာရေန၊ ဟုတ်ဟုတ်ငြားငြားသော အချင်းအရာအားဖြင့်။ သံဃဿ၊ သံဃာတော်အား။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝတ္ထုံ၊ အဝတ်သည်။ အတ္ထတကထိနဿ၊ ကထိန်ခင်းပြီးသောရဟန်းအား။ ပဉ္စမာသေ၊ ငါးလတို့ပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ အနတ္ထတကထိနဿ၊ ကထိန်မခင်းအပ်သော ရဟန်းအား၊ ဧကံ စီဝရမာသံ၊ သင်္ကန်းကာလ တလ ပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

(အဋ္ဌကထာ အနက်)

(၁) ကောတိက္ခုကေ ဝိဟာရေ သံဃဿ စီဝရေသု ဥပ္ပန္နေသု သစေ ပုဗ္ဗေ ဝုတ္တနယေနေဝ သော ဘိက္ခု သဗ္ဗာနိ မယှံ ပါပုဏန္တီတိ ဂဏှာတိ သုဂ္ဂဟိတာနိ။

(မဟာဝါ အဋ္ဌကထာ)

(၁) ကောတိက္ခုကေ၊ တယောက်တည်းနေသော။ ဝိဟာရေ၊ ကျောင်း၌။ သံဃဿ၊ သံဃာတော်အား။ စီဝရေသု၊ သင်္ကန်းတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တနယေနေဝ၊ ဟောတော်မူအပ်ပြီးသော နည်းဖြင့်သာလျှင်။ သော ဘိက္ခု၊ ထို တယောက်တည်းနေသော ရဟန်းသည်။ သဗ္ဗာနိ၊ အလုံးစုံသော သင်္ကန်းတို့သည်။ မယှံ၊ ငါ့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ သစေ ဂဏှာတိ၊ အကယ်၍ ယူသည်ဖြစ်အံ့။ သုဂ္ဂဟိတာနိ၊ ကောင်းစွာ ယူအပ်သည် မည်ကုန်၏။ (မဟာဝါ အဋ္ဌကထာအနက်)

(၂) ပုဗ္ဗေ ဝုတ္တနယေနာတိ တုယှေဝ ဘိက္ခု တာနိ စီဝရာနီတိ ဘဂဝတာ ဝုတ္တနယေန။

(ဝိနယာလင်္ကာရဋီကာ)

(၂) ပုဗ္ဗေ ဝုတ္တနယေနာတိ၊ ပုဗ္ဗေ ဝုတ္တနယေန-ဟူသည်ကား။ တုယှေဝ ဘိက္ခု တာနိ စီဝရာနီတိ၊ တုယှေဝ ဘိက္ခု တာနိ စီဝရာနိ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တနယေန၊ ဟောတော်မူအပ်သော နည်းဖြင့်။ (ဝိနယာလင်္ကာရဋီကာအနက်)

(၃) သစေ ကောစိ ဘိက္ခု ဧကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ ဒေန္တိ၊ တတ္ထ ကိံ ကာတဗ္ဗန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ ဝစနတော သစေ ဂဏပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ

ဟောတိ ပဉ္စမာသေ၊ နော စေ အတ္တတံ ဟောတိ ဧကံ
စီဝရမာသံ၊ အညတ္တ ဂဟေတွာ နိတာနိပိ တသော၀
တာနိ စီဝရာနိ န တေသံ အညော ကောစိ ဠာသရော၊
ယံ ယံ ဟိ သံဃဿ ဒေမာတိ ၀ါ သံဃံ ဥဒ္ဒိဿ
ဒေမာတိ ၀ါ ၀ဿံဝုတ္ထသံဃဿ ဒေမာတိ ၀ါ ၀ဿ-
၀ါသိကံ ဒေမာတိ ၀ါ ဒေန္တိ၊ သစေပိ မတကစီဝရံ
အဝိဘဇိတွာ တံ ဝိဟာရံ ပဝိသတိ၊ တံ သဗ္ဗံ တသော၀
ဘိက္ခုနော ဟောတိ၊ ယမ္ပိ သော ၀ဿ ၀ါသတ္တာယ
ဝစိံ ပယောဇေတွာ ဌပိတ ဥပနိက္ခေပတော ၀ါ
တတြုပ္ပါဒတော ၀ါ ၀ဿ ၀ါသိကံ ဂဏှာတိ၊ သဗ္ဗံ
သုဂ္ဂဟိတမေ၀ ဟောတိ၊ ဠဒ္ဓေတ္တ လက္ခဏံ ယေန
တေနာ ကာရေန သံဃဿ ဥပ္ပန္နဝတ္ထံ အတ္တတ-
ကထိနဿ ပဉ္စမာသေ၊ အနတ္တတ ကထိနဿ ဧကံ
စီဝရမာသံ ပါပုဏာတိ။

(ဝိနယသင်္ဂဟ အဋ္ဌကထာ)

(၃) ကောစိ၊ တစုံတယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ဧကော၀၊ တယောက်တည်းသာလျှင်။ ၀ဿံ၊ ၀ါသို့။ ၀သတိ၊ နေ၏။ တတ္ထ၊ ထိုကျောင်း၌။ မနုဿာ၊ လူတို့သည်။ သံဃဿ၊ သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သစေ ဒေန္တိ၊ အကယ်၍ လှူကုန်သည်ဖြစ်အံ့။ တတ္ထ၊ ထိုသို့ လှူဒါန်းရာ၌။ ကိံ ကာတဗ္ဗံ၊ ဘယ်လို ပြုအပ် ပြုသင့် ပြုထိုက်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတေ၊ မေးအပ်သည်ရှိသော်။ အနုဇာနာမိ ဘိက္ခဝေ ။ပ။ ကထိနဿ ဥဗ္ဘာရာယာတိ၊ အနုဇာနာမိ ဘိက္ခဝေ ။ပ။ ကထိနဿ ဥဗ္ဘာရာယ-ဟူ၍။ ဝစနတော၊ ဟောတော်မူအပ်သောကြောင့်။ ဂဏ-ပူရကေ၊ ဂိုဏ်းပြည့်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ လဘိတွာ၊ ရ၍။ ကထိနံ၊ ကထိန်ကို။ အတ္တတံ၊ ခင်းအပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပဉ္စမာသေ၊ ငါးလတို့တိုင်တိုင်။ ကထိနံ၊ ကထိန်ကို။

အတ္ထတံ၊ ခင်းအပ်သည်။ နေဝ စေ ဟောတိ၊ အကယ်၍ မဖြစ်အံ့။ ကေ့ံ စီဝရမာသံ၊ သင်္ကန်းကာလ တလတိုင်တိုင်။ ထပိတုံ၊ ထားအံ့သောငှါ။ ဝဋ္ဋတိ၊ သင့်၏။ အညတ္ထ၊ တပါးသောအရပ်၌။ ဂဟေတွာ၊ ယူ၍။ နိတာနိပိ၊ ဆောင်ကုန်သော်လည်း။ တဿေဝ၊ ထို ရဟန်းအားသာလျှင်။ တာနိ စီဝရာနိ၊ ထိုသင်္ကန်းတို့သည်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ တေသံ၊ ထိုသင်္ကန်းတို့ကို။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော ရဟန်းသည်။ န ဣဿရော၊ အစိုးမရပေ။ (ကြွင်းအနက် ရှေးနှင့်တူပြီ) (ဝိနယသင်္ဂဟ အဋ္ဌကထာအနက်)

> ဟောဋ္ဌ ဟိ အကာလစီဝရံနာမ အနတ္ထတေ ကထိနေ ဧကာဒသ မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရန္တိ ဝစနတော အနတ္ထတ ကထိနာနံ ဧကစီဝရ မာသေ ဥပ္ပန္နံ၊ တေသံယေဝ ဟောတီတိ သိဒ္ဓံ။
>
> (ဝဇိရဗုဒ္ဓိဋီကာ)

ဟိ သစ္စံ၊ မှန်၏။ (ဒဠှီ စိတ္တာဝရ) ဟောဋ္ဌ၊ အောက်ဖြစ်သော ပါရာဇိကကဏ် ပါဠိတော်၌။ အကာလ စီဝရံနာမ အနတ္ထတေ ကထိနေ ဧကာဒသမာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နံ ဧတံ အကာလစီဝရန္တိ၊ အကာလစီဝရံနာမ ။လ။ အကာသစီဝရံ-ဟူ၍။ ဘဂဝတာ၊ သည်။ ဝစနတော၊ ဟောတော်မူအပ်သောကြောင့်။ အနတ္ထတ ကထိနာနံ၊ ကထိန် မခင်းအပ်သော ရဟန်းတို့အား။ ဧကစီဝရမာသေ၊ သင်္ကန်းကာလ တလ၌။ ဥပ္ပန္နံ၊ ဖြစ်သောသင်္ကန်းသည်။ တေသံယေဝ၊ ထိုကျောင်း၌ဝါဆိုသော ရဟန်းတို့အားသာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ သိဒ္ဓံ၊ ပြီးစီးသည် (ဝါ) ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ (ဋီကာနက်)

> ဝဿံဝါသိကလာဘဝသေန ဝါ မတကစီဝရဝသေန ဝါ တတြုပ္ပါဒဝသေန ဝါ အညေန ဝါ ကေနစိ အာကာရေန

သံဃံ ဥဒ္ဒိဿ ဥပ္ပန္နစီဝရံ သဗ္ဗံ တဿေဝ အတ္ထတ ကထိနဿ
ပဉ္စမာသေ အနတ္ထတ ကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတိ။
(ဝေရသကဏ္ဍဋီကာ)

ဝဿံဝါသိကလာဘဝသေန ဝါ၊ ဝါဆိုသင်္ကန်းရသည်၏ အစွမ်းအားဖြင့် လည်းကောင်း။ မတကစီဝရ သေန ဝါ၊ မတက သင်္ကန်း၏ အစွမ်းအားဖြင့် လည်းကောင်း။ တတြုပ္ပါဒဝသေန ဝါ၊ ထို သံဃိက အရံမှ ဖြစ်သောသင်္ကန်း၏ အစွမ်းအားဖြင့် လည်းကောင်း။ အညေန၊ ဆိုအပ်ခဲ့ပြီးသည်မှ တပါးသော။ အာကာရေန ဝါ၊ တစုံတခုသော အခြင်းအရာဖြင့် လည်းကောင်း၊ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဥပ္ပန္နစီဝရံ၊ ဖြစ်သောသင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော သံဃိက သင်္ကန်းကို။ တဿေဝ အတ္ထတ ကထိနဿ၊ ထို ကထိန်ခင်းအပ်ပြီး ရဟန်းအားသာလျှင်။ ပဉ္စမာသေ၊ ငါးလတို့ ပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ တဿေဝ အနတ္ထတ ကထိနဿ၊ ထို ကထိန် မခင်းအပ်သော ရဟန်းအားသာလျှင်။ ဧကံ စီဝရမာသံ၊ သင်္ကန်းကာလ တလပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ (ၐင်းဋီကာနက်)

ဤပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ လိုရင်း အချုပ် အဓိပ္ပာယ်မှာ— သင်္ကန်းကာလ=တလ, ငါးလတို့၌ သံဃိကသင်္ကန်းမှန်သမျှသည် ကထိန် မခင်းရသော ရဟန်းတို့အား တလအတွင်း၌ စိုးပိုင်၏၊ အကုန်ရ၏။

ကထိန်ခင်းအပ်သော ရဟန်းတို့အား ငါးလအတွင်း၌ စိုးပိုင်၏၊ အကုန်ရ၏။

မိမိတိုက တခြား ဝါဆို၍ နောက်မှရောက်လာသော ရဟန်းတို့အား ခွဲဝေ၍ ပေးချင်မှ ပေးရသည် ဟူလို။

ဤလို စိုးပိုင်ခြင်းသည် ဘာကြောင့်လဲ။

နောက်ကဆိုခဲ့ပြီးသော ကာလအတွင်း၌ "ယော စ တတ္ထ စီဝရုပ္ပါဒေါ"ဟူသော အာနိသင်ကို လက်ကိုင်ရရှိသောကြောင့် သံဃိက သင်္ကန်းအလုံးစုံကို စိုးပိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်- ကာလအတွင်း၌

သံဃာသာ-ဟူ၍ လှူဒါန်းသော သင်္ကန်းများသည် ကာလသင်္ကန်း သာလျှင် မည်ပေ၏။ အကာလသင်္ကန်း မမည်ပေဟု- ယုံကြည်စွာ မှတ်ယူကြပါလေကုန်။

ကာလသင်္ကန်း အဆုံးအဖြတ် ပြီး၏။

ဤနေရာ၌ အကာလသင်္ကန်းကို ဆက်လက်၍ ပြပေအံ့။

အကာလသင်္ကန်းသည် နှစ်မျိုး ရှိပါသည်။

နှစ်မျိုးကား—

(၁) ကထိန်မခင်းလျှင် ၁၁-လ
ကထိန်ခင်းလျှင် ၇-လ

ဤအတွင်း၌ လှူဒါန်းသမျှ သင်္ကန်း။

(၂) သင်္ကန်းကာလဟု ဆိုအပ်သော တလ, ငါးလအတွင်း၌ သံဃာအား အကာလသင်္ကန်းပါ ဘုရားဟု ဆို၍ လှူသော သင်္ကန်း, ပုဂ္ဂလိကလှူဒါန်းသော သင်္ကန်း၊

ဤသို့ နှစ်မျိုး ရှိပါသည်။

ထိုနှစ်မျိုးသော အကာလသင်္ကန်းကို ပြတော်မူလိုသောကြောင့် မြတ်စွာဘုရား သခင်သည် ညွှန်ပြ အပ်လတ္တံ့သော ပါဠိတော်ကို ဟောတော်မူအပ်ပြီ။

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ
ဧကာဒသ မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ
သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နံ၊
ဧတံ အကာလစီဝရံ နာမ။

(ပါရာဇိကကဏ် ပါဠိတော်)

အကာလစီဝရံနှာမ၊ အကာလသက်န်းမည်သည်ကား။ ယံစီဝရံ၊ အကြွင်သက်န်းသည်။ ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည် ရှိသော်။ ကောဒသမာသေ၊ တဆယ့်တလ၌။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်သည် ရှိသော်။ သတ္တမာသေ၊ ခုနစ်လ၌။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ ယံ၊ အကြွင်သက်န်းကို။ ကာလေပိ၊ သင်္ကန်းကာလဟုဟုအပ်သော တလ, ငါးလ၌လည်း။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ ပေးလှူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧတံ၊ ဤအလုံးစုံသော သင်္ကန်းသည်။ အကာလ စီဝရံနှာမ၊ အကာလသင်္ကန်း မည်၏။ (ပါဠိတော်အနက်)

ထို နှစ်မျိုးတို့တွင် ပိဋ္ဌိသမယ အကာလသင်္ကန်းအရကား—

ကထိန်မခင်းလျှင် တန်ဆောင်မုန်း လဆုတ် တရက်နေ့မှ စ၍ သီတင်းကျွတ်လပြည့်တိုင်အောင် ၁၁-လ။

ကထိန်ခင်းသော် တပေါင်း လဆုတ် တရက်နေ့က စ၍ သီတင်းကျွတ် လပြည့်တိုင်အောင် ၇-လ အတွင်း၌ သိမာယ ဒေတိ-ဟူ၍ လည်းကောင်း၊ ကတိကာယ ဒေတိ-ဟူ၍ လည်းကောင်း။ ဘိက္ခာ-ပညတ္တိယာ ဒေတိ-ဟူ၍ လည်းကောင်း။ သံဃဿ ဒေတိ-ဟူ၍ လည်းကောင်း။ ဥဘတော သံဃဿ ဒေတိ-ဟူ၍ လည်းကောင်း။ ဝဿံ ဝုတ္ထသံဃဿ ဒေတိ-ဟူ၍ လည်းကောင်း။ အာဒိဿ ဒေတိ-ဟူ၍ လည်းကောင်း။ ပုဂ္ဂလဿ ဒေတိ-ဟူ၍ လည်းကောင်း-ဆို၍ လှူသော သင်္ကန်းမှန်သမျှတို့သည် အကာလသင်္ကန်းတို့ မည်ကုန်၏။

ထို့ကြောင့်—

(၁) ဧကာဒသမာသေတိ ဧကံ ပစ္ဆိမ ကတ္တိကမာသံ ထပေတွာ သေသေ ဧကာဒသ မာသေ။
သတ္တမာသေတိ ကတ္တိကမာသံ ဟေမန္တိကေစ စတ္တာရောတိ ပဉ္စမာသေ ထပေတွာ သေ သေ သတ္တမာသေ။
(ပါရာဇိကကဏ် အဋ္ဌကထာ)

(၁) ကောဒသမာသေတိ၊ ကောဒသမာသေ- ဟူသည်ကား။ ကေ် ပစ္ဆိမ ကတ္တိက မာသံ၊ မိုးဥတုအဆုံး တန်ဆောင်မုန်း တလကို။ ထပေတွာ၊ ထား၍။ သေသေ၊ ကြွင်းသော။ ကောဒသမာသေ၊ တဆယ့်တလ၌။

သတ္တမာသေတိ၊ သတ္တမာသေ-ဟူသည်ကား။ ကတ္တိကမာသဥ္စ၊ တန်ဆောင်မုန်းလ လည်းကောင်း။ ဟေမန္တိကေ၊ ဆောင်းဥတု ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးလတို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စမာသေ၊ ငါးလတို့ကို။ ထပေတွာ၊ ထား၍။ သေသေ၊ ကြွင်းသော။ သတ္တမာသေ၊ ခုနစ်လ၌။ (ပါရာဇိကဏ် အဋ္ဌကထာအနက်)

(၂) အညဒါတိ အနတ္ထတေ ကထိနေ ကောဒသမာသေ။
အတ္ထတေ ကထိနေ သတ္တမာသေ။

(ကင်္ခါဋီကာသစ်)

(၂) အညဒါတိ၊ အညဒါ ဟူသည်ကား—ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ကောဒသမာသေ၊ တဆယ့်တလ၌။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်သည်ရှိသော်။ သတ္တမာသေ၊ ခုနစ်လ၌။

(ကင်္ခါဋီကာသစ်အနက်)

ဤလို အကာလသင်္ကန်းကို ရည်တော်မူ၍ အောက်ပါ ပါဠိတော်ကို ဟောတော်မူခဲ့ပေသည်။

အဋ္ဌိမာ ဘိက္ခဝေ မာတိကာ စီဝရဿ ဥပ္ပါဒါယ သီမာယ ဒေတိ၊ ကတိကာယ ဒေတိ၊ ဘိက္ခာပညတ္တိယာ ဒေတိ၊ သံဃဿ ဒေတိ၊ ဥဘတော သံဃဿ ဒေတိ၊ ဝဿံ ဝုတ္ထသံဃဿ ဒေတိ၊ အာဒိဿ ဒေတိ၊ ပုဂ္ဂလဿ ဒေတိ။

(မဟာဝါ ပါဠိတော်)

ကင်္ခါ အဋ္ဌကထာ၌လည်း ထိုနည်းအတူ ယူ၍ ပြတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စီဝရဿ၊ သင်္ကန်း၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ မာတိကာ၊ မာတိကာတို့သည်။ ဣမာ အဋ္ဌ၊ ဤ ရှစ်ပါး တို့တည်း။

အဋ္ဌ၊ ရှစ်ပါးကုန်သော မာတိကာတို့သည်။ ကတမာ၊ အဘယ် သည်တို့နည်း။

သီမာယ၊ သိမ်အား။ ဒေတိ၊ ပေး၏။ ကတိကာယ၊ ကတိဝတ် ပြုရာ အရပ်အား။ ဒေတိ၊ ပေး၏။ ဘိက္ခုပညတ္တိယာ၊ အမြဲဆွမ်းဝတ် တည်ရာ အရပ်အား။ ဒေတိ၊ ပေး၏။ သံဃဿ၊ သံဃာအား။ ဒေတိ၊ လှူ၏။ ဥဘတော သံဃဿ၊ ဥဘတော သံဃာအား။ ဒေတိ၊ လှူ၏။ ဝဿံ ဝုတ္ထ သံဃဿ၊ ဝါ မှ ထသော သံဃာအား။ ဒေတိ၊ လှူ၏။ အာဒိဿ၊ ရည်၍။ ဒေတိ၊ လှူ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒေတိ၊ လှူ၏။ ဣတိ ဣမာ အဋ္ဌ၊ ဤရှစ်ပါးတို့ပင်တည်း။ (ပါဠိတော်အနက်)

ဤသို့ ပိဋ္ဌိသမယ အကာလ၌ လှူဒါန်းသော သံဃိက သင်္ကန်း မှန်သမျှကို။

(ဥပစာရသိမ်ခေါ်) ကျောင်းအရံတွင်း၌ ရှိသမျှသော သံဃာ များ ဝေဖန်၍ ယူရသည်၊ ဝေဖန်၍ ပေးအပ်သည်။

ထို့ကြောင့် ပါဠိတော်၌လည်း ဟောတော်မူသည်။ အဋ္ဌကထာ တို့၌လည်း ဖွင့်တော်မူခဲ့ကြလေသည်။

သံဃဿ ဒေတိ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ။

(ပဒဘာဇနီ ပါဠိတော်)

သံဃဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ သံဃဿ ဒမ္မီတိ ဒေတိ။ သမ္မုခီ ဘူတေနာတိ ဥပစာရ သီမာယ

ဋ္ဌိတေန သံဃေန ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ဘာဇေတဗ္ဗံ။

(မဟာဝါ အဋ္ဌကထာ)

သံဃဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ သံဃဿ ဒမ္မီတိ ဒိန္နံ၊ ဥပစာရ သီမာဂတာနဉ္စ တတော ဗဟိဒ္ဓါပိ တေဟိ သဒ္ဓိံ ကောဗဒ္ဓါနဉ္စ ပါပုဏာတိ။

(ကင်္ခါ ဝိတရဏီ အဋ္ဌကထာ)

သံဃဿ ဒေတီတိ ဧတ္ထ ပန သစေ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ သံဃဿ ဒမ္မီတိ ဒေတိ၊ ဥပစာရ သီမာယ ဋ္ဌိတေန သံဃေန ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ဘာဇေတဗ္ဗာနိ။

(ဝိနယသင်္ဂဟ အဋ္ဌကထာ)

သံဃဿ၊ သံဃာတော်အား။ ဒေတိ၊ လှူအံ့။ သမ္မုခီ ဘူတေန၊ ဥပစာရသိမ်တွင်း၌ တည်သည်ဖြစ်၍ မျက်မှောက်ဖြစ်သော။ သံဃေန၊ သံဃာသည်။ ဘာဇေတဗ္ဗံ၊ ဝေဖန်အပ်၏။(ပဒဘာဇနီပါဠိတော်အနက်)

သံဃဿ ဒေတီတိ၊ သံဃဿ ဒေတိ-ဟူသည်ကား။ ဝိဟာရံ၊ ကျောင်းတိုက်သို့။ပဝိသိတွာ၊ ဝင်၍။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ သံဃဿ၊ သံဃာအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဒေတိ၊ လှူအံ့။ သမ္မုခီ ဘူတေနာတိ၊ သမ္မုခီဘူတေန ဟူသည်ကား။ ဥပစာရ သီမာယ၊ ဥပစာရသိမ်၌။ ဋ္ဌိတေန၊ တည်သော။ သံဃေန၊ သံဃာသည်။ ဃဏ္ဍိံ၊ ခေါင်းလောင်းကို။ ပဟရိတွာ၊ တီး၍။ ကာလံ၊ ဝေဖန်အံ့သော အခါကို။ ဃောသေတွာ၊ ကြွေးကြော်၍။ ဘာဇေတဗ္ဗံ၊ ဝေဖန်အပ်၏။ (မဟာဝါ အဋ္ဌကထာအနက်)

သံဃဿ ဒေတီတိ၊ သံဃဿ ဒေတိ-ဟူသည်ကား။ · ဝိဟာရံ၊ ကျောင်းတိုက်သို့။ ပဝိသိတွာ၊ ဝင်၍။ သံဃဿ၊ သံဃာအား။ ဒမ္မိ၊

လှူပါ၏။ ဣတိ၊ ဤသို့။ ဒိန္နံ၊ လှူအပ်သော သက်နီးသည်။ ဥပစာရ **သီမာဂတာနဥ္စ**၊ ဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ကုန်သော ရဟန်း **တို့အား လည်းကောင်း**။ တတော၊ ထို ဥပစာရသိမ်မှ။ ဗဟိဒ္ဓါပိ၊ အပ၌ **လည်း**။ **တေဟိ**၊ ထို ဥပစာရသိမ်တွင်း၌ တည်ကုန်သော ရဟန်းတို့နှင့်။ **သဒ္ဓိံ**၊ **တက္ခ**။ **ကောဗဒ္ဓါနဥ္စ**၊ **တစပ်တည်း** စပ်ကုန်သော ရဟန်းတို့အား **လည်းကောင်း**။ **ပါပုဏာတိ**၊ **ရောက်၏**။ (ကင်္ခါ အဋ္ဌကထာအနက်)

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ သံဃဿ ဒေတီတိ စေတ္တ၊ သံဃဿ ဒေတိ ဟူသော **စကား**ရပ်၌။ ဝိဟာရံ၊ ကျောင်းတိုက်သို့။ ပဝိသိတွာ၊ **ဝင်၍**။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ သံဃဿ၊ သံဃာအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ သစေ ဒေတိ၊ အကယ်၍ ပေးလှူအံ့။ **စေံ**သတိ၊ ဤသို့ လှူသည်ရှိသော်။ ဥပစာရ သီမာယ၊ ဥပစာရသိမ်၌။ ဌိတေန၊ တည်သော။ သံဃေန၊ သံဃာတော်သည်။ ဃဏ္ဍိံ၊ ခေါင်းလောင်းကို။ ပဟရိတွာ၊ တီး၍။ ကာလံ၊ ဝေဖန်သောအခါကို။ ဃောသေတွာ၊ ကြွေးကြော်၍။ ဘာဇေတဗ္ဗာနိ၊ ဝေဖန်အပ်ကုန်၏။ (ဝိနယသင်္ဂဟ အဋ္ဌကထာအနက်)

## "သမ္မုခီဘူတ သံဃိက"

သမ္မုခီ ဘူတ သံဃိက ဆိုသည်မှာ-ဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ရှိသော သံဃာကို ယူရသည်။

သို့သော် အရံတွင်း၌တည်သော သံဃာနှင့် တစပ်တည်း စပ်၍ တည်သော အရံပ၌ရှိသော သံဃာကိုလည်း ယူရသည်ဟု မှတ်ကြပါ လေကုန်။

ထိုသို့ အရံတွင်းသက်သက် သံဃာကို ရည်၍ "သမ္မုခီဘူတေနာတိ အန္တော ဥပစာရသီမာယံ ဌိတေန"ဟု မဟာဝါ အဋ္ဌကထာ၌ ဖွင့်ပြတော်မူပေသည်။

သမ္မုခိ ဘူတေနာတိ၊ သမ္မုခိ ဘူတေန-ဟူသည်ကား။ အန္တော ဥပစာရသီမာယံ၊ ဥပစာရ သိမ်တွင်း၌။ ဌိတေန၊ တည်သော။ သံဃေန၊ သံဃာသည်။ (အနက်)

အရံတွင်း၌တည်သော သံဃာနှင့် တစပ်တည်းစပ်၍ တည်သော အရံ ပ၌ရှိသော သံဃာများပါ ယူရမည်ကို၊

တတော ဗဟိဒ္ဓါပိ တေဟိ သဒ္ဓိံ ကောဗဒ္ဓါနဉ္စ ပါပုဏာတိ၊ တသ္မာ တေသံ ဂါဟကေ သတိ အသမ္မုတ္တာနမ္ပိ အာဒါတဗ္ဗော—

ဟု ကင်္ခါ အဋ္ဌကထာ၌ မိန့်တော်မူသည်။

သစေ ပန ဥပမာရသီမံ ဩတ္ထဋ္ဌေဟိ ကောဗဒ္ဓါ ဟုတွာ အတ္တနော ဝိဟာရဒ္ဒါရေ ဝါ အန္တော ဝိဟာရေယေဝ ဝါ ဟောန္တိ ပရိသဝသေန ဝဍ္ဍိတာနာမ ဟောတီတိ သီမာ တသ္မာ ဒါတဗ္ဗံ။

မဟာဝါ အဋ္ဌကထာ ဝိနယ သင်္ဂဟ အဋ္ဌကထာ၌လည်း မိန့်တော်မူသည်။

ဥပစာရသီမံ၊ ဥပစာရသိမ်သို့။ ဩတ္ထဋ္ဌေဟိ၊ သက်ကုန်သော ရဟန်းတို့နှင့်။ ကောဗဒ္ဓါ၊ တစပ်တည်းစပ်သည်။ ဟုတွာ၊ ဖြစ်၍။ အတ္တနော၊ မိမိ၏။ ဝိဟာရဒ္ဒါရေဝါ၊ ကျောင်းတံခါး၌ လည်းကောင်း။ အန္တောဝိဟာရေယေဝ ဝါ၊ ကျောင်းအတွင်း၌ လည်းကောင်း။ သစေ ပန ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ပရိသဝသေန၊ ပရိသတ်၏အစွမ်းဖြင့်။ သီမာ၊ သိမ်သည်။ ဝဍ္ဍိတာနာမ၊ တိုးပွားသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ (အနက်)

တေဟိ သဒ္ဓိံတိ ဥပစာရသီမာဂတေဟိ သဒ္ဓိံ ကောဗဒ္ဓါနဉ္စ ပါပုဏာတိ ပရိသဝသေန ဝဍ္ဍိတာ သီမာ ဟောတီတိ ကတွာတိ အဓိပ္ပါယော၊ တသ္မာတိ ယသ္မာ ဥပစာရသီမာ-

ဂတာနံ ပါပုဏာတိ ယသ္မာ စ တတော ဗဟိဒ္ဓါပိ ဥပစာရ-
သီမောက္ကန္တေဟိ ကောဗဒ္ဓါနံ ပါပုဏာတိ တသ္မာ။

တေသန္တိ ဥပစာရသီမာ ဂတာနံ၊ တတော ဗဟိဒ္ဓါ
တေဟိ သဒ္ဓိံ ကောဗဒ္ဓါနဥ္စ။

အသမ္ပတ္တာနမ္ပိတိ ဥပစာရသီမာယံ ဌိတေဟိ ဃဏ္ဍို
ပဟာရိတ္ဃာ ကာလံ ဃောသေတွာ လာဘဘာဇနဋ္ဌာနံ အသမ္ပတ္တာ-
နမ္ပိ ဥပစာရသီမာယ ပဝိဋ္ဌာနံ တေဟိ ဝါ သဒ္ဓိံ ကောဗဒ္ဓါ
ဟုတွာ အတ္တနော ဝိဟာရဒ္ဓါရေ ဝါ အန္တောဝိဟာရေယေဝ ဝါ
ဌိတာနဥ္စာတိ အတ္ထော။

(ကင်္ခါဋီကာသစ်)

တေဟိ သဒ္ဓိံတိ၊ တေဟိ သဒ္ဓိံ ဟူသည်ကား။ ဥပစာရသီမာ-
ဂတေတိ၊ ဥပစာရသိမ်၌ တည်ကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။
ပရိသဝသေန၊ ပရိသတ်၏အစွမ်းအားဖြင့်။ သီမာ၊ ဥပစာရသိမ်သည်။
ဝဍ္ဎိတာ၊ တိုးပွားသည်။ ဟောတိ၊ ဖြစ်၏။ ဣတိကတွာ-ဣတိတသ္မာ၊
ထို့ကြောင့်။ ကောဗဒ္ဓါနဥ္စ၊ တစပ်တည်း စပ်ကုန်သော ရဟန်းတို့
အားလည်း။ ပါပုဏာတိ၊ ရောက်၏။ ဣတိ အဓိပ္ပါယော-ကို။
ဝေဒိတဗ္ဗော၊ ၏။ တသ္မာတိ၊ တသ္မာ ဟူသည်ကား။ ယသ္မာ၊ အကြင်
ကြောင့်။ ဥပစာရသီမာ ဂတာနံ၊ ဥပစာရသိမ်ခေါ် အရံတွင်း၌
တည်ကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ တသ္မာ စ၊
ထို့ကြောင့်လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ တတော၊ ထို
ဥပစာရသိမ်ခေါ် အရံမှ။ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ ဥပစာရသီ-
မောက္ကန္တေဟိ၊ ဥပစာရ အရံတွင်းသို့ သက်ကုန်သော ရဟန်းတို့နှင့်။
ကောဗဒ္ဓါနဥ္စ၊ တခပ်တည်း စပ်ကုန်သော ရဟန်းတို့အားလည်း။
ပါပုဏာတိ၊ ရောက်၏။ တသ္မာ စ-ထို့ကြောင့်လည်းကောင်း—

တေသန္တိ၊ တေသံ-ဟူသည်ကား။ ဥပစာရသီမာ ဂတာနဥ္စ၊ ဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ကုန်သော ရဟန်းတို့အားလည်းကောင်း။ တတော၊ ထိုဥပစာရသိမ်ခေါ် အရံမှ။ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ ဌိတာနံ၊ ထိုဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဧကာဗဒ္ဓါနဥ္စ၊ တစပ်တည်း စပ်ကုန်သော ရဟန်းတို့အားလည်းကောင်း။

အသမ္ပတ္တာနမ္ပီတိ၊ အသမ္ပတ္တာနမ္ပိ - ဟူသည်ကား။ ဥပစာရသီမာယံ၊ ဥပစာရသိမ်ခေါ် အရံတွင်း၌။ ဌိတေဟိ၊ တည်ကုန်သော ရဟန်းတို့သည်။ ဃဏ္ဍိံ၊ ခေါင်းလောင်း ကျောက်စည်ကို။ ပဟရိတွာ၊ တီး၍။ ကာလံ၊ ဘတ္တာ ဝေဖန်အံ့သော အခါကို။ ဃောသေတွာ၊ ကြွေးကြော်၍။ လာဘဘာဇနဋ္ဌာနံ၊ လာဘ်ဝေဖန်ရာ အရပ်သို့။ အသမ္ပတ္တာနမ္ပိ၊ မရောက်သည်လည်း ဖြစ်ကုန်သော။ ဥပစာရ သီမာယံ၊ ဥပစာရသိမ်ခေါ် အရံတွင်း၌။ ပဝိဋ္ဌာနဥ္စ၊ ဝင်ကုန်သော ရဟန်းတို့အားလည်းကောင်း။ တေဟိ ဝါ၊ ထိုဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ကုန်သော ရဟန်းတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ ဧကာဗဒ္ဓါ၊ တစပ်တည်း စပ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ အတ္တနော၊ မိမိ၏။ ဝိဟာရဒွါရေဝါ၊ ကျောင်းတံခါး၌လည်းကောင်း။ အန္တော ဝိဟာရေယေဝ ဝါ၊ ကျောင်း၏အတွင်း၌သာလျှင်လည်းကောင်း။ ဌိတာနဥ္စ၊ တည်ကုန်သော ရဟန်းတို့အားလည်းကောင်း။ ပါပုဏာ:တိ၊ ရောက်၏။ ဣတိ အတ္ထော-ကို။ ဝေဒိတဗ္ဗော၊ အပ်၏။ (ဋီကာနက်)

န စ ပိဋ္ဌိသမယေ ဥပ္ပန္နံ၊ ဝုတ္ထဝဿဿေဝ ပါပုဏာတိ၊ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊ တေနေဝ ပရတော ဝက္ခတိ အသုက ဝိဟာရေ ဝဿံ ဝုတ္ထသ သံဃဿာတိ ဧဝတိ တတြ ဝဿံ ဝုတ္ထာနမေဝ ယာဝ ကထိနဿုဗ္ဘာရ ပါပုဏာတိ၊

သစေ ပန ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဧဝံ ဝိဒတိ။ တတြ သမ္ပုဓိဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊ ကသ္မာ မိဋ္ဌိ-သမယေ ဥပ္ပန္နတ္တာတိ။

(တေရသကဏ်ဋီကာ)

ပိဋ္ဌိသမယေ၊ ပိဋ္ဌိသမယ အကာလအခါ၌၊ ဥပ္ပန္န၊ ဖြစ်ပေါ် လာသော သံဃိကသင်္ကန်းသည်။ ဝုတ္ထဝဿသဿေဝ၊ ဝါကျွတ်ပြီးသော ရဟန်းအားသာလျှင်။ န စ ပါပုဏာတိ၊ မရောက်ပေ။ သမ္ပုခိဘူတာနံ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌ ဖြစ်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ပရတော၊ နောက်၌။ အသုကဝိဟာရေ ။လ။ ဥပ္ပန္နတ္တာတိ—ဟူ၍။ ဝက္ခတိ၊ ဆိုလတ္တံ့။ အသုကဝိဟာရေ၊ ဤမည်သောကျောင်း၌။ ဝဿံ ဝုတ္ထသံဃဿတိ၊ ဝဿံ ဝုတ္ထဿ သံဃဿ-ဟူ၍။ ဝဒတိ၊ ဆိုအံ့။ တတြ၊ ထိုကျောင်းတိုက်၌။ ဝဿံ ဝုတ္ထာန မေဝ၊ ဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင်။ ကထိနဿ၊ ကထိန်၏။ ယာဝ-ဥဗ္ဘာရာ၊ နုတ်သည်ထိုင်အောင်။ ပါပုဏာတိ၊ ရောက်၏။

**မှတ်ချက်။** ။ဤကား ကာလကိုရည်၍ မိန့်တော်မူသည်၊ ဤ၌ မလိုပေ။

ပန၊ အဖို့တပါးကို ဆိုလိုက်ပါဦးအံ့။ ဂိမှာနံ၊ နွေလတို့၏။ ပဌမဒိဝသတော၊ ရှေးဦးစွာသော နေ့မှ။ ပဋ္ဌာယ၊ စ၍။ ဧဝံ၊ ဤသို့။ သစေ ဝဒတိ၊ အကယ်၍ဆိုအံ့၊ တတြ၊ ထိုကျောင်းတိုက်၌။ သမ္ပုခိ-ဘူတာနံ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌ ဖြစ်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။

ကသ္မာ၊ အဘယ့်ကြောင့်။ ပါပုဏာတိ၊ ရောက်ပါသနည်း။ ပိဋ္ဌိသမယေ၊ ပိဋ္ဌိသမယ-ဟု ဆိုအပ်သော အကာလ အခါ၌။ စီဝရဿ၊ သံဃိကသင်္ကန်း၏။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပါပုဏာတိ၊ ရောက်၏။ (တေရသကဏ်ဋီကာနက်)

နစ ပိဋ္ဌိသမယေ ဥပ္ပန္နံ ဝုတ္ထဝဿာ ဿဝ ပါပုဏာတီတိ သမ္မုခီဘူတာနံ သဗ္ဗေသမ္ပိ ပါပုနာတော၊ တေနေဝ ဝက္ခတိ၊ သစေ ပန ဂိမှာနဿ ပဌမဒိဝသတော ပဋ္ဌာယ ဝေံ ဝဒတိ၊ တတြ သမ္မုခီ ဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊ ကသ္မာ ပိဋ္ဌိ-သမယေ ဥပ္ပန္နတ္တာတိ။

(စိမတိဝိဋ္ဌိကာ)

ပိဋ္ဌိသမယေ၊ ပိဋ္ဌိသမယ-ဟု ဆိုအပ်သော အကာလ အခါ၌။ ဥပ္ပန္နံ၊ ဖြစ်သော သံဃိကသက်ံနိးသည်။ သမ္မုခီဘူတာနံ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌ ဖြစ်ကုန်သော။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော ရဟန်းတို့အားလည်း။ ဌတိ-ပါပုဏနတော၊ ရောက်ခြင်းကြောင့်။ ဝုတ္ထဝဿာ-ဿဝ၊ ဝါကျွတ်သော ရဟန်းအားသာလျှင်။ နစ ပါပုဏာတိ၊ မရောက်။ တေနေဝ၊ တို့ကြောင့်သာလျှင်။ သစေ ပန ။လ။ ဥပ္ပန္နတ္တာတိ၊ ဟူ၍။ ဝက္ခတိ၊ အဋ္ဌကထာ၌ ဆိုလတ္တံ့။

ပန၊ အဖွိတပါးကို ဆိုဦးအံ့။ ဂိမှာနဿ၊ နွေလ၏။ ပဌမ ဒိဝသတော၊ ရှေးဦးစွာသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဝေံ၊ ဤသို့။ သစေ ဝဒတိ၊ အကယ်၍ဆိုအံ့။ တတြ၊ ထိုကျောင်းတိုက်၌။ သမ္မုခီ-ဘူတာနံ၊ မျက်မှောက် ဥပစာရသိမ်အတွင်း၌ ဖြစ်ကုန်သော။ သဗ္ဗေသံ၊ အလုံးစုံသော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။

ကသ္မာ၊ အဘယ့်ကြောင့်။ ပါပုဏာတိ၊ ရောက်ပါသတဲ့နည်း။ ပိဋ္ဌိသမယေ၊ ပိဋ္ဌိသမယ—ဟု ဆိုအပ်သော အကာလ အခါ၌။ စီဝရဿ၊ သံဃိကသက်ံနိး၏။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပါပုဏာတိ၊ ရောက်၏။ (စိမတိဝိဋ္ဌိကာနက်)

ဤသို့လျှင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ပိဋ္ဌိသမယဟု ဆိုအပ်သော အကာလ (၁၁)လ, (၇)လအတွင်း၌ ဖြစ်ပေါ်လာသော သံဃိကသက်ံနိးမှန်သမျှသည် သမ္မုခီဘူတ သံဃာတော်များ ဝေဖန်၍ သုံးဆောင်ရမည်ဟု တညီတညွတ်တည်း မိန့်ဆိုတော်မူကြပေသတည်း။

ဤကား မုချ အကာလသက်ံနိးကို ပြဆိုရာ အဆုံးအဖြတ်တည်း။

## (၂) ကုစ္ဆိသမယ

ကုစ္ဆိသမယ=ကာလ-ဟု ဆိုအပ်တဲ့ တလ, ငါးလ အတွင်း၌ သံဃာအား အကာလသက်န်းပါ ဘုရားဟု ဆို၍ လှူသောသက်န်း။

ပုဂ္ဂလိက ကိုယ်ပိုင်လှူသောသက်န်းများ စသည်တို့သည် အကာလ သက်န်းတို့ မည်ကုန်၏။

ထို့ကြောင့်—

ပါရာဇိကဏ်ပါဠိတော်၌

ကာလေပိ အာဒိဿ ဒိန္နံ ဧတံ အကာလစီဝရံနာမ-ဟု ဟောတော်မူအပ်ပြီ။ (အနက် ပေးခဲ့ပြီ)

ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ ဣဒံ အကာလစီဝရန္တိ ဥဒ္ဒိသိတွာ ဒိန္နံ၊ ဧကပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နံ။

(ပါရာဇိကဏ် အဋ္ဌကထာ)

ကာလေပိ အာဒိဿ ဒိန္နန္တိ၊ ကာလေပိ အာဒိဿ ဒိန္နံ ဟူသည်ကား။ ကာလေပိ၊ သက်န်းကာလ၌လည်း။ သံဃဿဝါ၊ သံဃာအားလည်း။ ဣဒံ၊ ဤသက်န်းသည်။ အကာလစီဝရံ၊ အကာလသက်န်းပါ ဘုရား။ ဣတိ၊ ဤသို့။ ဥဒ္ဒိသိတွာ၊ ရွှတ်ဆို မြွက်ကြား၍။ ဒိန္နံ၊ လှူအပ်၏။ ဧက ပုဂ္ဂလဿ ဝါ၊ တပါးတည်းသော ပုဂ္ဂိုလ်အားလည်း။ ဣဒံ၊ ဤသက်န်းကို။ တုယှံ၊ အရှင်ဘုရားအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဥဒ္ဒိသိတွာ၊ မြွက်ကြား၍။ ဒိန္နံ၊ လှူအပ်၏။ ဧတံ၊ ဤသို့ဆို၍ လှူဒါန်းသော သက်န်းသည်။ အကာလစီဝရံနာမ၊ အကာလသက်န်း မည်၏။ (ပါရာဇိကဏ် အဋ္ဌကထာအနက်)

ယဉ္စ ကာလေပိ သံဃဿ ဝါ ဣဒံ အကာလစီဝရန္တိ ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ တေ အကာလစီဝရံ နာမ။

(ကင်္ခါအဋ္ဌကထာ)

ကာလေပိ၊ သင်္ကန်းကာလ၌သော်လည်း။ ဣဒံ စီဝရံ၊ ဤသင်္ကန်းသည်။ အကာလစီဝရံ၊ အကာလ သင်္ကန်းပါတည်း။ ဣတိ၊ ဤသို့။ ဥဒ္ဒိသိတွာ၊ ရွတ်ဆို မြွက်ကြား၍။ သံဃဿ ဝါ၊ သံဃာ အားလည်း။ ဒိန္နံ၊ လှူအပ်သော။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ တုယှံ၊ အရှင်ဘုရားအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ပုဂ္ဂလဿ ဝါ၊ ပုဂ္ဂိုလ်အားလည်း။ ဒိန္နံ၊ လှူအပ် သော။ ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ တေ စီဝရံ၊ ထိုသင်္ကန်းမျိုးသည်လည်း။ အကာလစီဝရံ နာမ၊ အကာလ သင်္ကန်း မည်၏။ (အဋ္ဌကထာအနက်)

ဤသို့လျှင် ကုဋ္ဌိသမယ ကာလအတွင်း၌ သံဃာအား အကာလ သင်္ကန်းပါဟုဆို၍ လှူဒါန်းသောသင်္ကန်း၊ ပုဂ္ဂိုလ်အား လှူဒါန်းသော သင်္ကန်း စသည်တို့သည် အကာလသင်္ကန်းတို့သာလျှင် မည်ကုန်၏။

အကာလစီဝရန္တိ အကာလစီဝရံ နာမ၊ အနတ္ထတေ ကထိနေ ဧကာဒသ မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နန္တိ ဝစနတော အနတ္ထတေ ကထိနေ ဝိဟာရေ စီဝရမာသောတိ၊ ယော ပုဗ္ဗကတ္တိက ကာဠပက္ခ ပါဋိပဒတော ပဋ္ဌာယ ယာဝ အပရ-ကတ္တိက ပုဏ္ဏမီ တာဝ မာသော ဝုတ္တောတိ၊ တတော ပရေသု ဧကာဒသသု မာသေသု ဥပ္ပန္နဥ္စ၊ အတ္ထတကထိနေ ဝိဟာရေ ယော စီဝရမာသော၊ ဟေမန္တာ စတ္တာရော မာသာတိ ပဉ္စ-မာသာတော ဗဟိ သတ္တသု မာသေသု ဥပ္ပန္နဥ္စ အတ္ထာဘကထိနေ

ပဉ္စမာသာ ယထာပရိစ္ဆိန္နကာလေ သံဃဿ စ ကပ္ပိယံ အကာလ-
စီဝရံ ဒမ္မိတိ ပုဂ္ဂလဿ စ ကပ္ပိယံ တုယှံ ဒမ္မိတိ ဒိန္နစ္စေတိ ကပ္ပိယံ
အကာလစီဝရန္တိ အတ္ထော။

(ဝိနယဝိနိစ္ဆယဋီကာ)

အကာလစီဝရံနာမ အနတ္ထတေ ကထိနေ ဧကာဒသ
မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ
အာဒိဿ ဒိန္နံ၊ ကပ္ပိယံ အကာလစီဝရန္တိ။

(ခုဒ္ဒသိက္ခာဋီကာဟောင်း)

အကာလစီဝရန္တိ အနတ္ထတေ ကထိနေ ဝဿာနဿ
ပစ္ဆိမမာသံ ဌပေတွာ သေသေ ဧကာဒသမာသေ အတ္ထတေ
ကထိနေ တဉ္စ မာသံ ဟေမန္တိကေ စတ္တာရော မာသေ စ
ဌပေတွာ သေသေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ သံဃဿ
ဝါ ကပ္ပိယံ အကာလစီဝရန္တိ၊ ဧကပုဂ္ဂလဿ ဝါ ကပ္ပိယံ တုယှံ
ဒမ္မိတိ ဥဒ္ဒိသိတွာ ကပ္ပိတရံ ပန ကာလစီဝရံ။

(ခုဒ္ဒသိက္ခာဋီကာသစ်)

အကာလစီဝရန္တိ—အကာလေ စီဝရံ။

(မူလသိက္ခာဋီကာဟောင်း)

အနက်ကား လွယ်ပြီ။

ကာလောနာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော
မာသော၊ အတ္ထတေ ကထိနေ သော စ မာသော ဟေမန္တိကာ
စတ္တာရော မာသာ။

(မူလသိက္ခာဋီကာသစ်)

ဤ ကုစ္ဆိသမယ ကာလအတွင်း၌ အကာလသင်္ကန်းပါဟူသော
ဝိသေသစကား မပါမူ၍ သာမည ''သံဃဿ ဒမ္မိ''ဆို၍ လှူဒါန်းလျှင်
ကာလသင်္ကန်းသာ မည်၏ဟု မှတ်ယူကြပါကုန်။

မေး — ဤ ကုစ္ဆိသမယ ကာလအတွင်း၌ ရည်၍ လှူအပ်သော သင်္ကန်းသည် အဘယ့်ကြောင့် အကာလသင်္ကန်း မည်ပါသနည်း။

ဖြေ — ပိဋ္ဌိသမယ အကာလအတွင်း၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်းတို့ကို သမ္မုခီဘူတ သံဃာတော်တို့သည် ဝေဖန်ခြင်းငှါ ရအပ်ကုန်သကဲ့သို့၊ ကုစ္ဆိသမယ ကာလအတွင်း၌ ရည်၍ လှူဒါန်းအပ်သော သံဃိကသင်္ကန်းတို့ကိုလည်း သမ္မုခီဘူတ သံဃာတော်တို့သည် ဝေဖန်ခြင်းငှါ ရအပ်ကုန်၏။

ထိုသို့ သမ္မုခီဘူတ သံဃိကအဖြစ်ဖြင့် တူလေသောကြောင့် ကုစ္ဆိသမယ ကာလအတွင်း၌ ရည်၍ လှူအပ်သော သင်္ကန်းတို့သည် အကာလသင်္ကန်း မည်ကုန်၏။

**မှတ်ချက်။** ။ရည်၍ ဆိုသည်မှာ အကာလသင်္ကန်းပါဘုရားဟု ဆို၍ လှူသော သင်္ကန်းကို ယူကြပါလေ။

ပုဂ္ဂိုလ်အား လှူဒါန်းသော သင်္ကန်းစသည်တို့ကို ရည်မှတ်ပုံခြင်း တူလေသောကြောင့် အကာလသင်္ကန်းမည်၏ဟု မှတ်ယူအပ်ကုန်၏။

ဤ ကုစ္ဆိသမယ ကာလအတွင်း၌ဖြစ်သော အကာလသင်္ကန်းတို့ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ တလ, ငါးလ, ထားနိုင်၏။ ဤ တလ, ငါးလ, တိုင်တိုင် အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော်လည်း အာပတ် မသင့်ဟု မှတ်ယူကြပါကုန်။

ထို့ကြောင့်—

ဋီကာတို့၌ မိန့်ဆိုကြကုန်၏။

ယဒိ ဧဝံ ကာလေပိ အာဒိဿ ဒိန္နံ တော် ဒံ့ကာလစီဝရန္တိ၊ ဣဒံ ကဿာ ဝုတ္တန္တိ စေ၊ အကာလစီဝရ သာမညတော အတ္ထုဒ္ဓါရ ဝသေန ဝုတ္တံ ပဌမာနိယတေ သောတဿ

ရဟော ဝိယ၊ ကောဒသမာသေ သတ္တမာသေ ဝ ဥပ္ပန္နဥ္စ စီဝရံ ဝုတ္တဝဿေဟိ သေသေဟိ စ သမ္မုခီဘူတေဟိ ဂါဟေတုံ လဗ္ဘတီတိ အကာလစီဝရံ နာမ ဇာတံ။

ကာလေ ပန သံဃဿ ဥဒ္ဒိံ အကာလစီဝရံ ဒမ္မီတိ အနုဒ္ဒိသိတွာ သံဃဿ ဒမ္မီတိ ဒိန္နံ ဝုတ္တ ဝဿေဟိယေဝ ဘာဇေတဗ္ဗံ န အညေဟီတိ ကာလစီဝရန္တိ ဝုစ္စတိ အာဒိဿ ဒိန္နံ ပန သမ္မုခီဘူတေဟိ သဗ္ဗေဟိယေဝ ဘာဇေတဗ္ဗန္တိ အကာလ-စီဝရံ။

တသ္မာ ကာလေပိ အာဒိဿ ဒိန္နဿ ဝုတ္တဝဿေဟိ သေသေဟိ စ သမ္ဗတ္တေဟိ ဘာဇနီယတ္တာ။

အကာလစီဝရသာမညတော ကာလေပိ အာဒိဿ ဒိန္နံ တေ အကာလစီဝရန္တိ အတ္ထုဒ္ဓါရဝသေန ဝုတ္တံ၊ ယဒိ ဧဝံ ပုဂ္ဂလဿ ဝါ ဥဒ္ဒိံ တုယှံ ဒမ္မီတိ ဒိန္နန္တိ ကသ္မာ ဝုတ္တံ၊ န ဟိ ပုဂ္ဂလဿ အာဒိဿ ဒိန္နံ ကေနစိ ဘာဇနီယံ ဟောတီတိ နာယံ ဝိရောဓော အာဒိဿ ဝစနသာမညတော လဗ္ဘမာန မတ္တံ ဒဿေတုံ တထာ ဝုတ္တံ။

(တေရသကဏ္ဍဋီကာ)

စီဝရမာသေ၊ သင်္ကန်းကာလ၌။ ဒသာဟတော၊ ဆယ်ရက်ထက်။ ပရမ္ပိ၊ အလွန်လည်း။ အနာဓိဋ္ဌိတမ္ပိ၊ အဓိဋ္ဌာန်မတင်ပဲလည်း။ အဝိကပ္ပိ-တမ္ပိ၊ ဝိကပ္ပနာ မပြုပဲလည်း။ ထပေတုံ၊ ထားခြင်းငှါ။ ယဒိ ဝဋ္ဋတိ၊ အကယ်၍ သင့်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤကဲ့သို့ သင့်ခဲ့သည်ရှိသော်။ ကာလေပိ အာဒိဿ ဒိန္နံ တေ အကာလစီဝရန္တိ၊ ကာလေပိ ။ပ။ စီဝရံဟူ၍၊ ဝါ-ဟူသော။ ဥဒ္ဒိံ၊ ဤစကားကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ ဟောပြော်မူပါသနည်း။ ဥပါ၊ ဤသို့။ စေပုစ္ဆေယျ၊ အကယ်၍ မေးငြားအံ့။

အကာလစီဝရသာမညတော၊ အကာလသက်န်းသာမညအားဖြင့်။ အတ္ထုဒ္ဓါရဝသေန – အနက်ကို ထုတ်ဆိုသည်၍ အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောသတော်မူအပ်၏။

ကောဝိယာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား–

ပဌမာနိယတော၊ ပဌမ အနိယတ သိက္ခာပုဒ်၌။ သောတဿ ရဟော ဝိယ၊ သောတဿ ရဟော–ကဲ့သို့တည်း။

ဟိ- ချဲ့၍ဆိုလိုက်ဦးအံ့။ ကောဒသမာသေ စ၊ တဆယ့်တလ၌လည်းကောင်း။ သတ္တမာသေ စ၊ ခုနစ်လ၌လည်းကောင်း။ ဥပ္ပန္နံ၊ ဖြစ်သော။ စီဝရံ၊ သက်န်းကို။ ဝုတ္တဝသေဟိ စ၊ ဝါကျွတ်သည်လည်း ဖြစ်ကုန်သော။ သေသေဟိစ၊ ဝါကျွတ်သော ရဟန်းမှ ကြွင်းသည်လည်း ဖြစ်ကုန်သော။ သမ္မုခီဘူတေဟိ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌ ဖြစ်ကုန်သော ရဟန်းတို့သည်။ ဂါဟေတုံ၊ ယူခြင်းငှါ။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အကာလစီဝရံနာမ၊ အကာလသက်န်းမည်သည်။ ဇာတံ၊ ဖြစ်၏။

ပန၊ အဖို့တပါးကို ဆိုလိုက်ပါဦးအံ့။ ကာလေ၊ ကာလ၌။ သံဃဿ၊ သံဃာအား။ ဣဒံ အကာလစီဝရံ ဒမ္မိတိ၊ ဒမ္မိ-ဟူ၍။ အနုဒ္ဒိဿိတွာ၊ မရွတ်ဆိုမူ၍။ သံဃဿ ဒမ္မိတိ၊ သံဃဿ ဒမ္မိ- ဟူ၍။ ဒိံ ၊ ပေးလှူအပ်သော သက်န်းကို။ ဝုတ္ထဝဿေဟိယေဝ၊ ဝါကျွတ်သော ရဟန်းတို့သည်သာလျှင်။ ဘာဇေတဗ္ဗံ၊ ဝေဖန်ထိုက်၏။

အညေဟိ၊ တပါးသော ရဟန်းတို့သည်။ န ဘာဇေတဗ္ဗံ၊ မဝေဖန်ထိုက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကာလစီဝရန္တိ၊ ကာလ သက်န်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ လှူအပ်သော သက်န်းကို။ သမ္မုခီဘူတေဟိ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌

ဖြစ်ကုန်သော။ သမ္ဘဝဟိယေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ ဘာဇေတဗ္ဗံ၊ ဝေဖန်ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အကာလ- စီဝရန္တိ၊ အကာလသင်္ကန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တသ္မာ– ထိုကြောင့်–

ကာလေပိ၊ ကုဋ္ဌိသမယ ကာလ၌လည်း။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်း၏။ ဝုတ္တဝသေဟိ စ၊ ဝါကျွတ်သည်လည်း ဖြစ်ကုန်သော။ သေသေဟိ စ၊ ဝါကျွတ်သည်မှ ကြွင်းသည်လည်း ဖြစ်ကုန်သော။ သမ္ပတ္တေဟိ၊ ဥပစာရအရံတွင်း၌ ရောက်လာကြကုန် သော ရဟန်းတို့သည်။ ဘာဇနိယတ္တာ၊ ဝေဖန်အပ်သည်၏အဖြစ်ကြောင့်။ အကာလစီဝရသာမညတော၊ အကာလသင်္ကန်း သာမညအားဖြင့်။ ကာလေပိ အာဒိဿ ဒိန္နံ ဧတံ အကာလစီဝရန္တိ၊ ကာလေပိ ။ပ။ စီဝရံ-ဟူ၍။ အတ္ထုဒ္ဓါရဝသေန၊ အနက်ကို ထုတ်ဆိုသည်၏ အစွမ်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ယဒိဝေံ၊ ဤကဲ့သို့ ဖြစ်ခဲ့သည်ရှိသော်။ ကေပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နန္တိ၊ ဒိန္နံ-ဟူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ အဋ္ဌကထာ၌ မိန့်ဆိုအပ်သနည်း။

ဟိသစ္စံ၊ မှန်လှပေ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ ပေးလှူအပ်သော သင်္ကန်းသည်။ ကေနစိ၊ တစုံတယောက် သော ပုဂ္ဂိုလ်သည်။ ဘာဇနိယံ၊ ဝေဖန်ထိုက်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ ဤသည်လျှင်။ စောဒနာ၊ စောဒနာခြင်းတည်း။

အယံ၊ ဤစကားသည်။ န ဝိရောဓော၊ မဆန့်ကျင်။ ကသ္မာ၊ အဘယ့်ကြောင့်။ န ဝိရောဓော၊ မဆန့်ကျင်ပါသနည်း။

အာဒိဿ ဝစန သာမညတော၊ အာဒိဿ စကား သာမည အားဖြင့်။ လဗ္ဘမာနမတ္ထံ၊ ရအပ်သော အနက်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။

တထာ ဝုတ္တတ္တာ၊ ဆိုသို့ဆိုအပ်သည်၏ အဖြစ်ကြောင့်။ န ဝိရုဇ္ဈတေ၊ မဆန့်ကျင်။

(တေရသကဏ် ဋီကာနက်)

ဣဒံ ပန အဋ္ဌကထာဝစနံ ပါဠိယံ ကာလေပိ အာဒိဿ ဒိန္နန္တိ ဣဒဉ္စ အကာလစီဝရန္တိ ဝစနသာမညတော လဗ္ဘမာနံ သဗ္ဗမ္ပိ ဒဿေတုံ အတ္ထုဒ္ဓါရဝသေန ဝုတ္တံ၊ ပဌမာနိယတေ သောတဿ ရဟောဝိယ၊ သံဃဿ ဟိ ကာလေ အာဒိဿ ဒိန္နံ အကာလေ ဥပ္ပန္နစီဝရံဝိယ သမ္မုခီဘူတေဟိ ဝုတ္ထဝဿေဟိ အဝုတ္ထဝဿေဟိ စ သဗ္ဗေဟိပိ ဘာဇေတဗ္ဗတ္တာ သာမညေန အကာလစီဝရံနာမ ဟောတီတိ ဒဿေတုံ အတ္ထုဒ္ဓါရဝသေန ပါဠိယံ ကာလေပိ အာဒိဿ ဒိန္နန္တိ ဝုတ္တံ၊ န ပန တတော ဘာဇေတွာ လဒ္ဓစီဝရမ္ပိ အကာလေ လဒ္ဓစီဝရမ္ပိ ဝုတ္ထဝဿာနံ ဧကမာသ ပရိဟာရဿ ပဉ္စမာသ ပရိဟာရံ ဝါ နလဗ္ဘတိ ပစ္စာသာ စီဝရေ အသတိ ဒသာဟ ပရိဟာရမေဝ လဗ္ဘတီတိ ဒဿေတုံ ဝုတ္တံ။

အဋ္ဌကထာယမ္ပိ အာဒိဿ ဒိန္နန္တိ ဝစနသာမညတော လဗ္ဘမာနံ သဗ္ဗံ အတ္ထုဒ္ဓါရဝသေန ဒဿေတုံ ဧကပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နန္တိ ဝုတ္တံ။

န ပန တထာ လဒ္ဓံဝါ အကာလေ လဒ္ဓံဝါ အနတ္ထတကထိနာနံ ဒသာဟဗ္ဘန္တရေ အဓိဋ္ဌာတဗ္ဗန္တိ ဒဿေတုန္တိ ဝေဒိတဗ္ဗံ၊ ဣတရထာ ပါဠိ အဋ္ဌကထာဟိ ဝိရုဇ္ဈနတော။

(ဝိမတိဋီကာ)

ပန၊ ဆက်၍ ဆိုဦးအံ့။ ဣဒံ အဋ္ဌကထာဝစနံ၊ ဤ အဋ္ဌကထာ စကားကို။ ပါဠိယံ၊ ပါဠိတော်၌။ ကာလေပိ အာဒိဿ ဒိန္နန္တိ ဣဒဉ္စ၊ ကာလေပိ အာဒိဿ ဒိန္နံ ဟူသော ဤစကားကိုလည်း။ အကာလ စီဝရန္တိ ဝစနသာမညတော၊ အကာလစီဝရံ ဟူသော စကားသာမည ဖြင့်။ လဗ္ဘမာနံ၊ ရအပ်-ရသင့်-ရထိုက်သော။ သဗ္ဗမ္ပိ၊ အလုံးစုံကိုလည်း။

ဒသောတုံ၊ ပြခြင်းငှါ။ ပဌမာနိယတော၊ ပဌမ အနိယတ သိက္ခာပုဒ်၌။ သောတဿ ရဟော ဝိယ၊ သောတဿ ရဟော–ကဲ့သို့။ အတ္ထုဒ္ဓါရ-ဝသေန၊ အနက်ကို ထုတ်ဆိုသည်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

ဟိ၊ မှန်လှပေ၏။ သံဃဿ၊ သံဃာတော်အား။ ကာလေပိ၊ ကာလ၌လည်း။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်းသည်။ အကာလေ၊ အကာလအခါ၌။ ဥပ္ပန္နစီဝရံဝိယ၊ ဖြစ်သောသင်္ကန်းကဲ့သို့။ သမ္မုခီဘူတေဟိ၊ မျက်မှောက် ဥပစာရသိမ်တွင်း၌ ဖြစ်ကုန်သော။ ဝုတ္ထဝဿေဟိ စ၊ ထိုအရပ်၌ ဝါကျွတ် သည် လည်း ဖြစ်ကုန်သော။ အဝုတ္ထဝဿေဟိ စ၊ ထို အရပ်၌ ဝါမကျွတ်သည်လည်း ဖြစ်ကုန်သော။ သဗ္ဗေဟိပိ၊ အလုံးစုံသော ရဟန်းတို့သည်လည်း။ ဘာဇေတဗ္ဗတ္တာ၊ ဝေဖန်ထိုက်သည်၏ အဖြစ်ကြောင့်။ သာမညေန၊ သာမညအားဖြင့်။ အကာလစီဝရံနာမ၊ အကာလသင်္ကန်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ အတ္ထုဒ္ဓါရဝသေန၊ အနက်ကို ထုတ်ဆိုသည်၏ အစွမ်းဖြင့်။ ပါဠိယံ၊ ပါဠိတော်၌။ ကာလေပိ အာဒိဿ ဒိန္နန္တိ-ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ တတော၊ ထိုကာလ၌ ဖြစ်ပေါ်သော သင်္ကန်းမှ။ ဘာဇေတွာ၊ ဝေဖန်၍။ လဒ္ဓစီဝရမ္ပိ၊ ရအပ်သော သင်္ကန်းကိုလည်းကောင်း။ ဝုတ္ထ ဝဿနာနံ၊ ဝါကျွတ်သော ရဟန်းတို့အား။ ဧကမာသ ပရိဟာရံ ဝါ၊ တလ အစောင့်အရှောက်ကို လည်းကောင်း။ ပဉ္စမာသ ပရိဟာရံ ဝါ၊ ငါးလ အစောင့်အရှောက်ကို လည်းကောင်း။ န န လဗ္ဘတိ၊ ရအပ်၏။

ပစ္စာသာစီဝရေ၊ သင်္ကန်းရနိုးခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ဒသာဟ ပရိဟာရမေဝ၊ ဆယ်ရက် အစောင့်အရှောက်သည်သာလျှင်။ လဘတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

အဋ္ဌကထာယမ္ပိ၊ အဋ္ဌကထာ၌လည်း။ အာဒိယာ ဒိန္နန္တိ ဝစန-
သာမညတော၊ အာဒိယာ ဒိန္န–ဟူသော စကားသာမညဖြင့်။ လဗ္ဘမာနံ၊
ရအပ်-ရသင့်-ရထိုက်သော။ သဗ္ဗံ၊ အလုံးစုံကို။ အတ္ထုဒ္ဒါရ ဝသေန၊
အနက်ကို ထုတ်ဆိုသည်၏ အစွမ်းဖြင့်။ ဒဿေတုံ၊ ပြခြင်းငှါ။ ကေ-
ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ပန၊ ဗျတိရိက်ကို ဆိုဦးအံ့။ တထာလဒ္ဓံ ဝါ၊ ထိုသို့ ရအပ်သော
သင်္ကန်းကို လည်းကောင်း။ အကာလေ၊ အကာလအခါ၌။ လဒ္ဓံ ဝါ၊
ရအပ်သော သင်္ကန်းကို လည်းကောင်း။ အနတ္ထတကထိနာနံ၊ မခင်း
အပ်သော ကထိန်ရှိကုန်သော ရဟန်းတို့အား။ ဒသာဟပဗ္ဗန္တရေ၊ ဆယ်ရက်
အတွင်း၌။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊
ပြခြင်းငှါ။ န ဝုတ္တံ၊ အဋ္ဌကထာ၌ မဆိုအပ်။ ဣတိ၊ ဤသို့။ ဝေဒိ-
တဗ္ဗံ၊ သိအပ်၏။ ဣတရာ ဣမသ္မိံ အတ္ထေ၊ ဤမှတပါးသော အနက်ကို။
ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ပါဠိ အဋ္ဌကထာဟိ၊ ပါဠိ အဋ္ဌ-
ကထာတို့နှင့်။ ဝိရုဇ္ဈနတော၊ ဆန့်ကျင်သောကြောင့်တည်း။

(ဝိမတိဋီကာနက်)

ကိဉ္စာပိ တောနိ သဗ္ဗာနိ အကာလစီဝရန္တိ ဝုတ္တာနိ၊
တထာပိ ပိဋ္ဌိသမယေယေဝ ဥပ္ပန္နာနိ အကာလစီဝရန္တိ ဣမေ-
ဓိပ္ပေတာနိ။ ကာလေ သံဃဿ ဣဒံ အကာလစီဝရန္တိ ဒိန္နံ
ပန အကာလစီဝရသာမညတော အတ္ထုဒ္ဓါရ ဝသေန ဝုတ္တံ၊
ယထာ ပိဋ္ဌိသမယေ ဥပ္ပန္နံ စီဝရံ ဝုတ္တဝသေဟိ သေသေဟိ စ
သမ္မုခီဘူတေဟိ ဘာဇေတုံ လဗ္ဘတီတိ အကာလစီဝရံ နာမ
ဇာတံ၊ တထေဝိဒမ္ပိ ဟိ တဒိဒံ အကာလစီဝရသာမညံ ယဒိဓေ
ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နန္တိ
ကသ္မာ ဝုတ္တံ၊ န ဟိ ပုဂ္ဂလဿ အာဒိဿ ဒိန္နံ ကေနစိ
ဘာဇနီယံ ဟောတီတိ၊ နာယံ ဝိရောဓော၊ အာဒိဿ ဒါန-
သာမညတော လဗ္ဘမာန မတ္တံ ဒဿေတုံ တထာ ဝုတ္တန္တိ။

(ကင်္ခါဋီကာသစ်)

ဇေတာနိ သဗ္ဗာနိ၊ ဤ အလုံးစုံသော သက်န်းတို့ကို။ အကာလ **စီဝရန္တိ၊** အကာလစီဝရံ ဟူ၍။ ကိဥ္စာပိ ဝုတ္တာနိ၊ အကယ်၍ ဆိုအပ်ပါ **ပေကုန်၏။** တထာပိ၊ ထိုသို့ပင် ဆိုအပ်ပါသော်လည်း။ ပိဋ္ဌိ-**သမယေဃေဝ၊** ပိဋ္ဌိသမယ၌သာလျှင်။ ဥပ္ပန္နာနိ၊ ဖြစ်ပေါ်လာသော **သက်န်းတို့ကို။** ဣမ၊ ဤ တတိယကထိန သိက္ခာပုဒ်၌။ အဓိပ္ပေတာနိ၊ **အလိုရှိအပ်ကုန်၏။**

ပန၊ ထိုသို့ပင် အလိုရှိအပ်ပါသော်လည်း။ ကာလေ၊ ၌။ **သံဃဿ၊ အား။** ဣဒံ အကာလစီဝရန္တိ၊ ဣဒံ ။လ။ စီဝရံ-ဟူ၍။ ဒိန္နံ၊ ပေးလှူအပ်သော သက်န်းကို။ အကာလစီဝရသာမညတော၊ အကာလသက်န်းသာမညအားဖြင့်။ အတ္ထုဒ္ဓါရ ဝသေန၊ ဖြင့်။ ဝုတ္တံ၊ ၏။ ပိဋ္ဌိသမယေ၊ ၌။ ဥပ္ပန္နံ၊ သော။ စီဝရံ၊ ကို။ ဝုတ္တဝသေဟိ စ၊ ထိုအရပ်၌ ဝါကျွတ်သည်လည်း ဖြစ်ကုန်သော။ သေသေဟိ စ၊ ထိုအရပ်၌ ဝါကျွတ်သည်မှ ကြွင်းသည်လည်း ဖြစ်ကုန်သော။ သမ္မုခီဘူတေဟိ၊ တို့သည်။ ဘာဇေတုံ၊ ငှါ။လဗ္ဘတိ၊ ရအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အကာလစီဝရံနာမ၊ မည်သည်။ ဇာတံ ယထာ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ဣဒမ္ပိ၊ ဤကာလ၌ ရည်၍လှူအပ်သော အကာလ သက်န်းကိုလည်း။ သမ္မုခီဘူတေဟိ၊ တို့သည်။ ဘာဇေတုံ၊ ငှါ။ လဗ္ဘတိ၊ အပ်၏။

ဣတိ တသ္မာ၊ တို့ကြောင့်။ အကာလစီဝရံ နာမ၊ မည်သည်။ ဇာတံ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တဒိဒံ-ကာဣဒံ၊ ထိုသက်န်းသည်။ အကာလစီဝရသာမညံ၊ အကာလသက်န်းသာမညသည်။ ဟောတိ၊ ဖြစ်၏။ ယဒိ ဧဝံ၊ ဤကဲ့သို့ ဖြစ်သည်ရှိသော်။ ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နန္တိ၊ ပုဂ္ဂလဿ ဝါ ။လ။ ဒိန္နံဟူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်ပါသနည်း။

ဟိ၊ မှန်လှပေ၏။ ပုဂ္ဂလဿ၊ အား။ အာဒိဿ၊ ရည်၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်းသည်။ ကေနစိ၊ တစုံတယောက်သော ပုဂ္ဂိုလ်သည်။ ဘာဇနီယံ၊ ဝေဖန်ထိုက်သည်။ န ဟောတိ၊ မဖြစ်ပေ။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

အယံ၊ ဤစကားသည်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ အာဒိဿ ဒါန သာမညတော၊ အာဒိဿ ဒါနသာမညအားဖြင့်။ လဗ္ဘမာနမတ္တံ၊ ရအပ်-ရသင့်-ရထိုက်သော အနက်ကို။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ (ကင်္ခါဋီကာသစ် အနက်)

ဤ ကုစ္ဆိသမယ ကာလအတွင်း၌ ရည်၍ လှူအပ်သော သင်္ကန်းသည် ပိဋ္ဌိသမယအတွင်း၌ လှူအပ်သော သင်္ကန်းနှင့်တူ၍သာလျှင် သဒိသူပစာရ အတ္ထုဒ္ဓါရ၏ အစွမ်းဖြင့် ပြတော်မူလို၍ ဘုရားရှင်သည်—

တတိယ ကထိန သိက္ခာပုဒ်၌ ဟောတော်မူအပ်၏။

စင်စစ် ဤကုစ္ဆိသမယအတွင်း၌ ရည်၍ လှူအပ်သော သင်္ကန်းကို တတိယ ကထိနသိက္ခာပုဒ်၌ အလိုရှိအပ်သောကြောင့် ဟောတော်မမူပေ ဟု ယုံကြည်စွာ မှတ်ကြပါ။

ဤသို့ တတိယ ကထိနသိက္ခာပုဒ်၌ ပိဋ္ဌိသမယ အကာလသင်္ကန်းကိုသာ အလိုရှိအပ်သောကြောင့် ကင်္ခါအဋ္ဌကထာ၌လည်း—

အထဝါ ဘိက္ခုဝေ မာတိကာ ။လ။ ဣမာသံ အဋ္ဌန္နံ၊ မာတိကာနံ အညတရတော ဥပ္ပဇ္ဇေယျ—

ဟူသော အကာလသင်္ကန်း ပြသော စကားကို နောက်ထပ် မိန့်တော်မူခဲ့ပေသည်။

ထိုသို့ နှစ်နည်း မိန့်ဆိုရာ၌-

ယော ယော အဋ္ဌကထာဝါဒေါ ပစ္ဆာဝုတ္တော၊ သောဝ ဂဟေတဗ္ဗော-

ဟု မိန့်တော်အပ်သည့်အတိုင်း နောက်ပြသော ''အထ ဝါ ပန''စသော စကားကိုသာ—

ဤသိက္ခာပုဒ်၌ အလိုရှိအပ်သော အကာလ သက်နိုင်းတည်းဟု အဋ္ဌကထာဆရာ ပြတော်မူလိုသော အာဘောဂရှိ၍ နောက်ထား၍ မိန့်တော်မူခဲ့ပေသတည်း။

ဤ ကခ်ါ အဋ္ဌကထာ၌—

ရှေ့ဖွင့်ပြခြင်းသည် သဒိသူပစာ အကာလသက်နိုင်း၊

နောက်ဖွင့်ပြခြင်းသည် မုချ အကာလသက်နိုင်း။

ဤ အဆုံးအဖြတ်၌ကား-

(၁) မုချ အကာလသက်နိုင်း၊

(၂) သဒိသူပစာ အကာလသက်နိုင်း

စဉ်၍ ပြခဲ့ပေသတည်း။

ဤသို့လျှင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ကုဋ္ဌိသမယကာလအတွင်း၌ ''ဣဒံ စီဝရံ သံဃဿ ဒေမ''ဟုဆို၍ လှူဒါန်းသော သက်နိုင်းသည် အကာလသက်နိုင်း မမည်ပေ။ ကာလသက်နိုင်းသာလျှင် မည်ပေသည်ဟု တညီတညွတ်တည်း ဆိုကြသောကြောင့်—

ကုစ္ဆိသမယ ကာလအတွင်း၌ "သံဃဿ"ဟု ထည့်ဆိုလျှင် ထည့်ဆို၍ လှူဒါန်းခဲ့လျှင် ကာလသင်္ကန်း မည်သည်ဟု သံသယကင်းပြတ် ယုံကြည်စွာ မှတ်ယူကြပါကုန်။

ဤစကား သဒိသူပစာ အကာလသင်္ကန်း အဆုံးအဖြတ်တည်း။

ယာဝ လောကေသု သူရိယော၊
ဝိနဿန္တံ ဝ တိဋ္ဌတိ။
တထာယမ္ပိ ဝိနိစ္ဆယော၊
သုန္ဒရော ယတိပါကဋော။
(သေတဝဝိပုလာဂါထာ)

လောကေသု၊ ဤဩကာသလောကဓာတ်ကြီးထဲ၌။ သူရိယော၊ ရောင်ခြည်တထောင် အလင်းဆောင်သော နေမင်းသည်။ ယာဝ ဝိန-ဿန္တံ၊ ဝိဝဋ္ဋဋ္ဌာယီ သညီခေါ်ကြ ကပ်ကာလ၏ ပျက်ကျသည်တိုင်အောင်။ တိဋ္ဌတိ ဣဝ၊ လောကဓာတ်သူ လောကဓာတ်သား အပေါင်းအား အလင်းရောင်ဖြင့် ကျေးဇူးပြု၍ တည်သကဲ့သို့။ တထာ၊ ထို့အတူ။ သုန္ဒရော၊ ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ဟူသမျှတို့ကို ကျနဖွေရှာ သေချာကြည့်ရှု စီရင်ပြုသဖြင့် ကောင်းမွန်လှပေသော။ အယမ္ပိ ဝိနိစ္ဆ-ယော၊ ဤအဆုံးအဖြတ်သည်လည်း။ လောကေသု၊ သတ္တလောကကြီးထဲ၌။ အတိပါကဋော၊ အလွန်ထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍။ ယာဝ ဝိနဿန္တံ၊ သာသနာအလင်း မိုက်မှောင်ချုပ်ငြိမ်းသည်တိုင်အောင်။ တိဋ္ဌတု၊ တည်ပါစေသတည်း။ ဝါ-တည်ပါစေခလို့။

**မှတ်ချက်။** ။လောကေသု-၌ ဝစနဝိပ္ပလ္လာသ-တည်း။ ယ-အာဂုံ။

အသနိ သေလကမ္ပန္တံပိ၊
ပဒါလေတွာဝ ဂစ္ဆတိ။
ပါဠိျဋ္ဌကထာဟိ ဋီကာဂန္ထံ၊
တထာယမ္ပိ ဝိနိစ္ဆယော။
(ဥဘယ မ-ကာရ)

အသနိ၊ မိုးကြိုးခေါ်ကြ ခုတ်သဘာဝသည်။ သေလက္ခန္ဓပို၊ ကျောက်တောင် ကျောက်ခဲကိုသော်လည်း။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ တထာ၊ ထို့အတူ။ အယမ္ပိ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်သည်လည်း။ ပါဠိ ပြတွေဟိ၊ ပါဠိတော် အဋ္ဌကထာ တို့နှင့်တကွ။ ဋီကာဂန္ထံ၊ ဋီကာကျမ်းကို။ ပဒါလေတွာ၊ ဉာဏ်ဖြင့် သက်ဝင် ဖောက်ခွဲထွင်း၍။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေပြီ။

**မှတ်ချက်။** ။ကုတော နု တံ ဘိက္ခု အာဂစ္ဆတိ၊ ကဲ့သို့။ ဂစ္ဆတိ ပုဒ်ကို ဥပမေယျပက္ခ၌ ပစ္စုပ္ပန်၏အနီးဖြစ်သော အတိတ်၌ တိ-ဝိဘတ် သက်ထားသည်။

ဥပမာ ပက္ခ၌ ဂမု-ခုတ် ဂတိ၊ ဂတိ ဥပမေယျ ပက္ခ၌ ဂမု-ခုတ် ပါပုဏန-ဂတိတည်း။

ကောဏ္ဍညဝံသတ္ထေရေန၊
မဓဝ ါရာမဝ ါသိနာ။
ဗဟုဇန ဟိတတ္ထာယ၊
ကတာယဋ္ဌ ဝိနိစ္ဆယော။

(ပဌမ-မကာရ)

မဓဝ ါရာမဝ ါသိနာ၊ ရွှေမော်ဓောတိုက် နှစ်ခြိုက်ရှင်ကြည် အလီလိ ဣရိယာ ပြောင်းရွှေ့ကာဖြင့် နေလေ့ရှိပေသော။ ကောဏ္ဍညဝံသတ္ထေ-ရေန၊ "ကောဏ္ဍညာဘိဝံသ"ဟု ခေါ်ပြုသညာ ထေရ်ဆရာသည်။ အယံ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်ကို။ ဗဟုဇန ဟိတတ္ထာယ၊ များစွာသော ရဟန်းရှင်လူ အကျိုးငှါ။ ပါ- များစွာသော ရဟန်းရှင်လူ အကျိုးရှိဖို့။ ကတော စ-ကတောဝေ၊ ပြုအပ်သည်သာလျှင်တည်း။

ဣတိ ဝယ လက္က သက္ကရာဇ အဿယုဇကာဠပက္ခေ ဒွါဒသမ ဒိန ဗုဒ္ဓဝါရ ဒိနစ္စယ စတုဃဋိကာလေ ဘယာဘာဝေန နိဋ္ဌိတာယံ ဝိနိစ္ဆယော။

## “သိဝမတ္ထု”

၁၃၁၄-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄-နာရီအချိန်၌ ပြီးစီးသည်။

တတိယပုစ္ဆာ အဖြေ ပြီး၏။

## အောင်လံမြို့၊ အင်ကြင်းပင် ဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တဝါယမ အမေး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သို့-

ဦးကောဏ္ဍည

၁၃၂၃-ခု၊
ဝါခေါင်လဆန်း ၉-ရက်နေ့။

စာရေး သိစေအပ်ပါသည်။

ဃောသိတမှတဆင့် တပည့်တော် ထုတ်ထားသော ကထိန်ပုစ္ဆာ အနက် (၁၂)နံပါတ်ဖြစ်သော အောက်ပါပုစ္ဆာ၏ အဖြေကို ဖြေစေလိုပါသည်။

ဦးဝါယမ
အင်ကြင်းပင်ကျောင်း
အောင်လံမြို့။

" အမေး "

ကျောင်းတိုက်အတွင်းမှာဖြစ်စေ၊ အပြင်မှာဖြစ်စေ၊ မည်သည့်နေရာတွင်မဆို တည်ရှိ၍ 'ကထိန်သင်္ကန်း' လှူဒါန်းသူသည် ရဟန်းဖြစ်စေ၊ လူဖြစ်စေ စတုဒိသာ သံဃာကို မရည်မှန်းပဲ အခြားကျောင်းတိုက် အသီးသီးရှိ အသီးသီးသော သံဃာလောက်ကိုသာ ရည်မှန်း၍ ၎င်းကျောင်းတိုက် အသီးသီးမှ ကြွရောက်နေသော ရဟန်းသံဃာအား ကထိန်သင်္ကန်း ကပ်လှူသော် မြောက်ပါမည်လော။

မြောက်လျှင် ဘာ့ကြောင့်၊ မမြောက်လျှင် ဘာ့ကြောင့်ဟု အကြောင်းပြ၍ ဖြေရှင်းပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

“ အဖြေ ”

ဖြစ်ပေါ်သော သင်္ကန်းသည်—

(၁) ကာလ၌ ဖြစ်ပေါ်သော သင်္ကန်း၊

(၂) အကာလ၌ ဖြစ်ပေါ်သော သင်္ကန်း

နှစ်ပါး ရှိပါသည်။

ထိုနှစ်ပါးတို့တွင် အကာလ၌ဖြစ်ပေါ်သော သင်္ကန်းသည်လည်း—

(၁) ပိဋ္ဌိသမယ၌ ဖြစ်ပေါ်သော အကာလသင်္ကန်း၊

(၂) ကုစ္ဆိသမယ၌ ဖြစ်ပေါ်သော အကာလသင်္ကန်း

ဟု နှစ်ပါး ရှိပါသည်။

ထိုနှစ်ပါးတို့တွင် ပိဋ္ဌိသမယ ဆိုသည်မှာ ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှ သီတင်းကျွတ်လပြည့် အထိ (၁၁)လ။

ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် တရက်မှ သီတင်းကျွတ် လပြည့်အထိ (၇)လသည် ပိဋ္ဌိသမယ မည်ပါသည်၊ ခေါ်ပါသည်။

(က) ပိဋ္ဌိသမယနှင့် အကာလ အတူတူပင် ဖြစ်ပါသည်။

ထို့ကြောင့်—

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ဧကာဒသ မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ—

ဟု ဟောတော်မူပါသည်။

(ပါရာဇိကာဏ်ပါဠိတော်)

ကောဒသမာသေတိ ကော် ပစ္ဆိမ ကတ္တိကမာသံ ထပေတွာ
သေသေ ကောဒသ မာသေ။

သတ္တမာသေတိ ကတ္တိကမာသံ ဟေမန္တိကေ စ စတ္တာရောတိ
ပဥ္စမာသေ ထပေတွာ သေသေ သတ္တမာသေ-

ဟု မိန့်တော်မူပါသည်။

(ပါရာဇိကဏ်အဋ္ဌကထာ)

ထို ပိဋ္ဌိသမယ အခါ၌-

သီမာယ ဒေမ၊ ကတိကာယ ဒေမ၊ ဘိက္ခာပညတ္တိယာ
ဒေမ၊ သံဃဿ ဒေမ၊ ဥဘတော သံဃဿ ဒေမ၊ ဝဿံ
ဝုတ္ထသံဃဿ ဒေမ၊ အာဒိဿ ဒေမ၊ ပုဂ္ဂလဿ ဒေမ-

ဟု မြွက်ဆို၍ လှူဒါန်းသော သင်္ကန်းတို့သည် အကာလသင်္ကန်းတို့
မည်ကုန်၏။

ထို့ကြောင့်-

အဋ္ဌိမာ ဘိက္ခဝေ မာတိကာ စီဝရဿ ဥပ္ပါဒါယ
သီမာယ ဒေတိ၊ ကတိကာယ ဒေတိ၊ ဘိက္ခာပညတ္တိယာ ဒေတိ၊
သံဃဿ ဒေတိ၊ ဥဘတော သံဃဿ ဒေတိ၊ ဝဿံ ဝုတ္ထ-
သံဃဿ ဒေတိ၊ အာဒိဿ ဒေတိ၊ ပုဂ္ဂလဿ ဒေတိ-

ဟု ဟောတော်မူ၏။

(မဟာဝါ ပါဠိတော်)

ဤ ပိဋ္ဌိသမယ အကာလ၌ လှူဒါန်းသော သံဃိကသင်္ကန်း
မှန်သမျှကို (ဥပစာရသိမ်ခေါ်) ကျောင်းအရံတွင်း၌ ရှိသမျှသော
သံဃာများ ဝေဖန်၍ ယူရသည်၊ ဝေဖန်၍ ပေးရသည်။

ထို့ကြောင့်

သံဃာယ ဒေတီတိ သမ္မုခီဘူတေန သံဃေန ဘာဇေတဗ္ဗံ-

ဟု ဟောတော်မူ၏။

(မဟာဝါပါဠိတော်)

သံဃာယ ဒေတီတိ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ သံဃာယ ဒမ္မီတိ ဒေတိ၊ သမ္မုခီ ဘူတေနာတိ ဥပစာရသီမာယ ဌိတေန သံဃေန ဃဏ္ဍိံ ပဟရိတွာ ကာလံ ဃောသေတွာ ဘာဇေတဗ္ဗံ။

(မဟာဝါအဋ္ဌကထာ)

ဝိနယသင်္ဂဟအဋ္ဌကထာ၌လည်း ထို့အတူ မိန့်တော်မူ၏။

ကင်္ခါ အဋ္ဌကထာ၌လည်း—

သံဃာယ ဒေတီတိ ဝိဟာရံ ပဝိသိတွာ သံဃာယ ဒမ္မီတိ ဒိန္နံ ဥပစာရ သီမာဂတာနဉ္စ တတော ဗဟိဒ္ဓါပိ တေဟိ သဒ္ဓိံ ဧကာဗဒ္ဓါနဉ္စ ပါပုဏာတိ-

ဟု မိန့်တော်မူ၏။

သမ္မုခီ ဘူတ သံဃက ဆိုသည်မှာ ဥပစာရသိမ်ခေါ် အရံတွင်း၌ တည်ရှိသော သံဃာကို ယူရပါသည်။

သို့သော်လည်း အရံတွင်း၌ တည်သော သံဃာနှင့် တစပ်တည်း စပ်၍ တည်နေသော အရံပ၌ရှိသော သံဃာကိုလည်း ယူရသည်ဟု မှတ်ကြပါကုန်။

ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌—

သစေ ပန ဥပစာရသီမံ ဩက္ကန္တေဟိ ဧကာဗဒ္ဓါ ဟုတွာ အတ္တနော ဝိဟာရဒွါရေ ဝါ အတ္တနော ဝိဟာရေဃေဝ ဝါ

ဟောန္တိ၊ ပရိသ ဝသေန ဝစ္စိတာနာမ ဟောတိတိ သီမာ
တသ္မာ ဒါတဗ္ဗံ-

ဟု မိန့်တော်မူ၏။

ကစ္စါ အဋ္ဌကထာ၌လည်း—

တတော ဗဟိဒ္ဓါပိ စောဟိ သဒ္ဓိံ ကောဗဒ္ဓါနဥ ပါပုဏာတိ၊ တသ္မာ တေသံ ဂါဟကေ သတိ အသမ္ပတ္တာနမ္ပိ အာဒါတဗ္ဗော-

ဟုမိန့်တော်မူ၏။

သံဃိက သင်္ကန်းမှ ကြွင်းသောသင်္ကန်းများကို ဝေဖန်ရမည်မှာ ထင်ရှားပါ၏။

ထို့ကြောင့် သင်္ကန်းများ ဝေဖန်ပုံ ရထိုက်ပုံတို့ကို မရေးတော့ပါ။

(၂) ကုစ္ဆိသမယ၌ ဖြစ်ပေါ်သော အကာလသင်္ကန်း ဆိုသည် ကား—

ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် (၁) ရက်မှ တန်ဆောင်မုန်း လပြည့်အထိ (၁)လ၊

ကထိန် ခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် (၁) ရက်မှ တပေါင်းလပြည့်အထိ (၅)လသည် ကုစ္ဆိသမယ မည်၏၊ ဝါ- ကာလ မည်၏။

ထို့ကြောင့် ပါရာဇိကဏ် ပါဠိတော်၌-

စီဝရကာလသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ-

ဟု ဟောတော်မူ၏။ ပါစိတ်ပါဠိတော်၌လည်း ဟောတော်မူ၏။

ဤ သင်္ကန်းကာလဟု ဆိုအပ်သော ကုစ္ဆိသမယ (၁)လ၊ (၅)လ အတွင်း၌ သံဃာအား အကာလသင်္ကန်းပါဘုရားဟု ဆို၍ လှူသော သင်္ကန်း စသည်တို့သည် အလာလသင်္ကန်း မည်ကုန်၏။

ထို့ကြောင့် ပါရာဇိကဏ် ပါဠိတော်၌-

ကာလေပိ အာဒိဿ ဒိန္နံ ဧတံ အကာလစီဝရံ နာမ-

ဟု ဟောတော်မူအပ်ပြီ။

ဤပါဠိတော်၌ "အာဒိဿ" ဆိုသည်မှာ ရည်မှတ် ပိုင်းခြား၍ လှူခြင်းကို ယူရပါသည်။

ထို့ကြောင့်-

မဟာဝါ အဋ္ဌကထာ၊ ကင်္ခါ အဋ္ဌကထာတို့၌-

အာဒိဿ ဒေတီတိ အာဒိသိတွာ ပရိစ္ဆိန္ဒိတွာ ဒေတိ-

ဟု မိန့်ဆိုတော်မူ၏။

ရည်မှတ်ပိုင်းခြား၍ လှူဒါန်းသမျှ သင်္ကန်းတို့သည် အကာလ သင်္ကန်း မည်ကုန်သာလျှင်တည်း။

ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌-

ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ ဣဒံ အကာလ-
စီဝရန္တိ ဥဒ္ဒိသိတွာ ဒိန္နံ ဧကပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ
ဒိန္နံ-

ဟု မိန့်တော်မူ၏။

ကင်္ခါ အဋ္ဌကထာ၌လည်း-

ယဉ္စ ကာလေပိ သံဃဿ ဝါ ဣဒံ အကာလ စီဝရန္တိ
ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ ဧတံ
အကာလစီဝရံနာမ-

ဟု မိန့်တော်မူ၏။

ဤပါရာဇိကကဏ် အဋ္ဌကထာ၌ "ကေပုဂ္ဂလဿ ဝါ" စသည်၌–

ကေပုဂ္ဂလဿ ဝါ အကာလစီဝရန္တိ ဥဒ္ဒိသိတွာ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နံ–

ဟု အနက်ယောဇနာ၊ အထောက်ကား "အာဒိဿ ဝစနသာမညတော" ဟူသော တေရသကဏ် ဋီကာ ထောက်သည်ဟု စလင်း ဂဏ္ဌိ၌ မိန့်တော်မူ၏။

ထိုသို့စလင်းဂဏ္ဌိဆရာတော် မိန့်သော်လည်း သံဃာအား လှူဒါန်းရာ၌သာလျှင် အကာလသင်္ကန်းအဖြစ် ကွဲပြားထင်ရှားအောင်"အကာလစီဝရန္တိ ဥဒ္ဒိသိတွာ"ဟူသော စကားကို ထည့်ပြီး ဆိုရပါသည်။ မထည့်မူ၍ သာမညလှူဒါန်းပါလျှင် ကာလသင်္ကန်း ဖြစ်သွားမည်၊ ထို့ကြောင့် "အကာလစီဝရန္တိ ဥဒ္ဒိသိတွာ"ဟူသော စကားကို ထည့်ပြီး ဆိုရမည်။ ပုဂ္ဂိုလ်စသည်အား လှူဒါန်းရာ၌ "အကာလစီဝရန္တိ ဥဒ္ဒိသိတွာ"ဟူသော စကားမထည့်သော်လည်း အကာလသင်္ကန်း မည်ပြီးသားဖြစ်ပါသဖြင့် ထည့်စရာမလိုဟု သဘောကျပါသည်။

ပါဠိတော်၌ "အာဒိဿ"အရကို "သံဃဿ ဝါ ပုဂ္ဂလဿ ဝါ" ဟု အဘယ်အကျိုးငှါ ဖွင့်ဆိုပါသနည်းဟူမူ။

ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှါလည်းကောင်း၊ နယဂ္ဂါဟ ယူပုံယူနည်းကို ပြခြင်းအကျိုးငှါ လည်းကောင်း ဖွင့်ပြတော်မူပါသည်။

အဘယ်သို့ ယုံမှား သံသယဖြစ်ခြင်းကို ပယ်ဖျောက်ပါသနည်း ဟူမူ–

ကာလအခါ၌ သံဃာအား ဤသင်္ကန်းသည် အကာလသင်္ကန်း ပါဘုရားဟု ရည်မှတ်ပိုင်းခြား ပြွက်ကြား၍ လှူဒါန်းလျှင် ဤသင်္ကန်းသည် ကာလအခါဖြစ်၍ ကာလသင်္ကန်းဖြစ်သလော၊ အကာလသင်္ကန်း ပါဘုရားဟုဆို၍ လှူဒါန်းသဖြင့် အကာလသင်္ကန်းဖြစ်သလောဟု ယုံမှား သံသယ ဖြစ်ပါသည်။

ထိုသို့ဖြစ်သော ယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ—

သံဃဿ ဝါ ဣဒံ အကာလစီဝရန္တိ ဥဒ္ဒိသိတွာ ဒိန္န-

ဟု ဖွင့်ပြတော်မူပါသည်။

ပုဂ္ဂလဿ ဝါ-ဟူသော စကားကို အန္တဒီပကနည်းကို ပြခြင်း အကျိုးငှါ ဖွင့်ပြတော်မူပါသည်။

ဤ အဆုံးအဖြတ်ဖြစ်သော "ပုဂ္ဂလဿ ဝါ"ကို ပြဆိုသဖြင့် အစ, အလယ်တို့ကိုလည်း ယူရမည်ဟု နယဂ္ဂါဟကို ပြပါသည်။

ဤသို့ နယဂ္ဂါဟကို ပြခြင်းအကျိုးငှါ ဖွင့်ပြတော်မူပါသည်။

ထို့ကြောင့် ကင်္ခါဝိတရဏီအဋ္ဌကထာ (ကင်္ခါ) ၌-

သိမာယ ဒေမ၊ ကတိကာယ ဒေမ၊ ဘိက္ခာပညတ္တိယာ ဒေမ၊

ဝဿံ ဝုတ္ထသံဃဿ ဒေမ၊ အာဒိဿ ဒေမ၊ ပုဂ္ဂလဿ ဒေမ—

ဟု ရည်မှတ်ပိုင်းခြား၍ လှူဒါန်းသော သင်္ကန်းတို့သည် အကာလသင်္ကန်း တို့ မည်ကုန်၏။

ထိုသင်္ကန်းတို့ကို ကထိန်ခင်းခြင်းငှါ မထိုက်ကုန်ပါ၊ ထိုနည်းအတူ ကျောင်းထိုက်အတွင်းမှာဖြစ်စေ၊ အပြင်မှာဖြစ်စေ၊ မည်သည့်နေရာတွင် မဆို တည်ရှိ၍ ကထိန်သင်္ကန်း လှူဒါန်းသူသည် စတုဒိသာသံဃာကို မရည်မှန်းပဲ အခြားကျောင်းတိုက်အသီးသီးရှိ အသီးသီးသံဃာလောက် ကိုသာ ရည်မှန်းမြွက်ဆို၍ ၎င်းကျောင်းတိုက်အသီးသီးမှ ကြွရောက်သော ရဟန်းသံဃာအား ကထိန်သင်္ကန်း လှူဒါန်းလျှင် မမြောက်ပါ။

အဘယ့်ကြောင့် မမြောက်သနည်းဟူမူ—

စတုဒိသာ သံဃာကို မရည်မှန်းပဲ အခြားကျောင်းတိုက် အသီး သီးရှိ အသီးသီးသံဃာလောက်ကိုသာ ရည်မှတ်မြွက်ဆို၍ လှူဒါန်းပါ သဖြင့် အကာလသင်္ကန်းဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ပါရာဇိကဏ်ပါဠိတော်၌ "ကာလေပိ အာဒိဿ ဒိန္နံ တော် အကာလစီဝရံနာမ"ဟု ဟောတော်မူ၏။

အကာလသက်န်းဖြစ်လျှင် ကထိန်ခင်းခြင်း၌ မအပ်ပါ၊ ခင်းသော်လည်း မပြောက်ပါ။

ဤ ပါဠိတော်၌ ရည်မှတ်ပိုင်းခြား၍ လှူဒါန်းသော သင်္ကန်းမှန်သမျှ ကထိန်မခင်းအပ်ဟု ပြတော်မူပါသည်။

ဤ ပါဠိတော်၏ အနက်အဓိပ္ပာယ် ယူဆပုံကို ထင်ရှားပြလိုသောကြောင့်—

ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ ဣဒံ အကာလစီဝရန္တိ ဥဒ္ဒိသိတွာ ဒိန္နံ၊ ကေပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ ဒိန္နံ–

ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်တော်မူပါသည်။

ဝဇီရဗုဒ္ဓိဋီကာ၌လည်း "ဒါယကေနာပိ ဝဿဝါသိကံ ဝိယ ကထိန စီဝရံ ဥဒ္ဒိဿ ဒိန္နံ န ဝဋ္ဋတီ"ဟု ဥဒ္ဒိဿ ဒိန္န မအပ်ကြောင်း ထင်ထင်ရှားရှား လယ်ပြင်မှာ ဆင်သွားသကဲ့သို့ မိန့်တော်မူအပ်၏။

ထိုသို့ ပါဠိ အဋ္ဌကထာ ဋီကာတို့ လာရှိပါသောကြောင့် ကထိန်သင်္ကန်း လှူဒါန်းသူသည် မည်သည့်နေရာမဆို တည်ရှိ၍ အာဂတနာဂတ စတုဒ္ဒိသာသံဃာကို မရည်မှန်းပဲ၊ အခြား ကျောင်းတိုက် အသီးသီးရှိ အသီးသီးသော သံဃာလောက်ကိုသာ ရည်မှန်းမြွက်ဆို၍ လှူဒါန်းသော သင်္ကန်းသည် အကာလသင်္ကန်း ဖြစ်ပါသဖြင့် ကထိန်မပြောက်ဟု မြဲမြံစွာ မှတ်တော်မူကြပါကုန်။

ဤသို့လာသော ပါဠိ အဋ္ဌကထာ ဋီကာကို ထောက်ရှုသဖြင့်လည်းကောင်း၊ "ဂရုက လဟုကေသု ဂရုကေဝ ဌာတဗ္ဗံ တော် ဝိနယလက္ခဏံ"ဟူသော စကားကို ထောက်ရှုသဖြင့်လည်းကောင်း မပြောက်ပါကုန်။

ဤမျှလောက်သော စကားဖြင့် ကျေနပ်လောက်ပြီဟု ယူဆပါသည်။

တနေရာတည်းက တည်လျက် တခြားကျောင်းတိုက်တို့၏ နာမည်ကို ယူ၍ လှူဒါန်းသော သင်္ကန်းသည် 'မာတိကာ'ရှစ်ပါးတို့တွင် ဘယ်ထဲ၌ သွင်းရမည်နည်းဟူမူ—

မာတိကာ ရှစ်ပါးတို့တွင် "သီမာယ ဒေတိ" ထဲသို့ သွင်းရပါသည်။

သိမ်အများတို့တွင် ဘယ်သိမ်ထဲ သွင်းရမည်နည်းဟူမူ—

သိမ်အများတို့တွင် "ဥပစာရသီမာယ ဒေတိ" ထဲသို့ သွင်းရပါသည်။

ထို့ကြောင့် ထိုသို့ လှူဒါန်းသော သင်္ကန်းမျိုးသည် **အကာလ** သင်္ကန်း ဖြစ်ပါသည်။

(အယမေတ္ထ အမှာကုံ ရှစ်)

(၁) ဇယဒ္ဓဇ နေဂမဿ၊ ဒက္ခိဏာယ ဇိသာယ စ။
ကျေူန ဝိသတျုသဘော၊ ၌တော ယော အာလဝိဟာရော။

(၂) ဆာယူဒကေန သမ္ပန္နော၊ ဗုဒ္ဓထူပေတိ သောဘိတော။
ဂမနာဂမနသမ္ပန္နော၊ သာဓု ဇနေဟိ သလ္လိနော။

(၃) တသ္မိံ ဝိဟာရေ ဝသတာ၊ ဘာသန္တရေသု မိမတာ။
အာစာရေန ဝိပုစ္ဆိတော၊ နိဋ္ဌိတော ယံ ဝိနိစ္ဆယော။

(၄) ကောဏ္ဍညဝံသတ္ထေရေန၊ မဓေဝါရာမ ဝါသိနာ။
ဝိမတိစ္ဆေဒနတ္ထာယ၊ ကတာယဥ္စ ဝိနိစ္ဆယော။

(၁+၂) ဇယဒ္ဓဇ နေဂမဿ၊ သန့်ရှင်းတည်ငြိမ် ခေါင်းဆောင်ကွဲတွင် ထည့်မဲရှင်များ ဆန္ဒအားကြောင့် အများခေါ်ပြန် မြို့အောင်လံ၏။ ကျေူနဝိသတျုသဘော၊ ဆယ့်ကိုးဥသဘ ဝေးကွာထသော။ ဒက္ခိဏာယ ဒိသာယ၊ ကျွန်းကိုင်းလယ်ယာ ပြည့်စုံစွာဖြင့် သာယာတင့်တယ် ဖြည့်ကျင့်လွယ်သော တောင်မျက်နှာအရပ်၌။ ၌တော၊ တည်သော။ ဆာယူ-ဒကေန၊ နားခိုသောက်ချိုး အရိပ်ရေမျိုးနှင့်။ သမ္ပန္နော၊ တင့်ဖြိုးဝေဖြာ

ပြည့်စုံစွာသော။ ဗုဒ္ဓထူပေဟိ၊ ဘုရားပုထိုး စေတီမျိုးတို့ဖြင့်။ သောဘိ-တော၊ တင့်တယ်လျှောက်ပတ် ကောင်းမွန်မြတ်လှစွာသော။ ဂမနာ-ဂမနသမ္ပန္နော၊ သွားရာ လာရာ လမ်းဖြောဖြောနှင့် ပြည့်စုံပေထသော။ သာဓုဇနေဟိ၊ သူတော်ကောင်းတို့သည်။ သလ္လိနော၊ ပုန်းအောင်းခိုမှီ တွယ်ရာသည်လည်း ဖြစ်ပေထသော။ ယော သာလဝိဟာရော၊ အင်ကြင်း ပင်ပျို ရှိနဂိုကြောင့် ခေါ်ဆိုသမိုက် အကြင် အင်ကြင်းပင် ကျောင်း တိုက်သည်။ အတ္ထိ၊ ရှိ၏။

(၃) တသ္မိံ ဝိဟာရေ၊ ထို အင်ကြင်းပင် ကျောင်းတိုက်၌။ ဝသတာ၊ လေးဝဏ္ဏရိယ နှစ်မူရဖြင့် မျှတလျက်သာ နေထိုင်ပါသော။ ဘာသန္တရေသု၊ ဘာသန္တရတို့၌။ ဝါ—အင်္ဂလိပ် စသော တခြားဘာသာ တို့၌။ ခမတာ၊ ကျွမ်းကျင်သမှု သင်ကြားပြု၍ စေ့ငုသေချာ တတ်စေ ပါသော။ အာစရေန၊ ဘဒ္ဒန္တဝါယမ-ဟု ဂုဏ်ဖြောဖြော ထေရ်ဆရာသည်။ ဝိပုစ္ဆိတော၊ မေးအပ်သော။ အယံ ဝိနိစ္ဆယော၊ ဤ အဆုံးအဖြတ် ဝိနိစ္ဆယသည်။ နိဋ္ဌိတော၊ ပြီးပြီ။

(၄) မဓဝါရာမဝါသိနာ၊ ရတနာတင်းတိန် မြို့ရိုးရှိန်ကြောင့် ဂုဏ်သိန်ကျော်ဟိး တောင်တွင်းကြီး၏ တပည့်ရာကျော် နှစ်တိုင်း ပျော်လျက် ရွှေမော်ဓော ဟု မည်ခေါ်ပြုသည့် ကောင်းမှုတော်စိုက် ကျောင်းကြီးတိုက်၌ ယာပိုထ်လေးလီ မျှအညီဖြင့် ရှင်ကြည်လွှေ့လွှေ့ နေထိုင်လေ့ရှိပါသော။ ကောဏ္ဍညဝံသတ္ထေရေန၊ ကောဏ္ဍညာဘိဝံသဟု နာမထေရ်ကျော် တပည့်တော်သည်။ ဝိမတိစ္ဆေဒနတ္ထာယ၊ ယုံမှား သံသယ အဝစကို မြစ်ကဖြတ်ငြား ငုတ်အလားသို့ ထင်ရှားမသေ ဖြတ်တောက်စေခြင်း အကျိုးငှါ။ အယံ ဝိနိစ္ဆယော၊ ဤ ဝိနိစ္ဆယကို။ ကတော၊ ပြုအပ် စီရင်အပ်ပြီ။

ကတ္တိကမှာသဿ ဇုဏှပက္ခေ ပဋ္ဌမဒိဝသေ ဗုဒ္ဓဝါရေ ဒိဝါ
အစုတေယျ ဿင္ရွိယံ သုနိဋ္ဌိတောယန္တိ။

ကတ္တိကမာသဿ၊ တန်ဆောင်မုန်းလ၏။ ဇုဏှပက္ခေ၊ လဆန်း၌။ ပဋ္ဌမဒိဝသေ၊ တရက်နေ့၌။ ဗုဒ္ဓဝါရေ၊ ဗုဒ္ဓဟူးနေ့၌။ ဒိဝါအဓ္ဓ-တေယျ ဃဋိယံ၊ နှစ်နာရီခွဲ အချိန်၌။ အယံ၊ ဤအဆုံးအဖြတ်သည်။ သုနိဋ္ဌိတော၊ ကောင်းစွာ ပြီးဆုံးခြင်းသို့ ရောက်၏။

ဦးကောဏ္ဍညအဖြေ ပြီး၏။

---

## ဤကထိနတ္ထာရစာတမ်း ထွက်ပေါ်လာရခြင်း၏ အကြောင်းမှာ

၁၃၂၅-ခု သီတင်းကျွတ်လဆုတ် (၁၀)ရက်နေ့ တို့အောင်မြေကျောင်း၌ ကထိန်သင်္ကန်း ဆက်ကပ်ပြီးလျှင် နေ့ (၂)နာရီ အချိန်မှာ လှည်းတော်အမတ်ဟောင်း ဦးဘသန်း၏အိမ်၌ တရားပွဲ ကျင်းပပါသည်။ ထိုအခါ ပင့်ထားသော ကျောင်းတော်ကြီးဆရာတော်၊ မိုးထိဆရာတော်၊ မင်းကွန်းဆရာတော် စသော ဆရာတော်များ အစုံအလင် ကြွလာ၏။

ထိုအချိန်အခါ ဓမ္မသာကစ္ဆာ အနေအားဖြင့် ကထိန်တရား ဆွေးနွေးရာ ကထိန်ခင်းသောအစဉ်သို့ ရောက်သွား၏။ ထိုအခါ ဤစာရေးသူ ရွှေမော်ဓောဘုန်းကြီးက "ဉတ်ပေးသော သံဃာများ ရှေ့မှောက်၌ ကထိန်ခင်းတာပေါ့ ဘုရား"လို့ လျှောက်ထားပါတယ်၊ ထိုအခါ မိုးထိဆရာတော်က "သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် သုံးမျိုးတို့တွင် တမျိုးမျိုး ရှေ့မှောက်၌ ခင်းရမည်"ဟု ပရိဝါ၌ လာပါသည်၊ "သို့အတွက် သူ့ကျောင်းမှာ ဦးပဥ္စင်းရှိသားပဲ၊ ဦးပဥ္စင်းရှေ့မှောက်၌ ခင်းတာပေါ့"ဟု အမိန့်ရှိပါ၏။ ထိုအခါ စာရေးသူ ရွှေမော်ဓောဘုန်းကြီးက "အနုမောဒနာ ပြုရမှာသာ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် သုံးမျိုး ပရိဝါပါဠိတော်၌ လာပါသည် ဘုရား"ဟု ပြန်လျှောက်ထား၏။ သို့အတွက် ကထိန်ခင်းခြင်းသည် သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် သုံးမျိုးတို့တွင် တမျိုးမျိုး ရှေ့မှောက်၌ ခင်းသင့်-မခင်းသင့် ဝေဖန် ပြဆိုလိုသည့် အတွက် ဤစာတမ်းကို ထုတ်နုတ် ရေးသားလိုက်ရပါသည်။

တပါး, နှစ်ပါး, သုံးပါး, လေးပါး ရဟန်းသံဃာ ရှိသောကျောင်း၌ တခြားကျောင်းက ရဟန်းသံဃာတော်များကို အယုတ်ဆုံးကျောင်းရှိ သံဃာတို့နှင့်တကွ ငါးပါးပြည့်အောင် ပင့်ပြီးလျှင် ကထိန်ဥတ်ကမ္မဝါဖြင့် ကထိန်ခံမည့်ရဟန်းအား ထိုကျောင်း သိမ်ရှိလျှင် ထိုသိမ်ထဲ၌၊ သိမ်မရှိလျှင် သိမ်ရှိရာသို့ သွား၍ သိမ်ထဲ၌ ဖတ်ပြီးလျှင် ကထိန်ခံသော အရံထဲသို့ ပြန်လာပြီး ထိုအရံထဲ၌ ထိုတခြားသံဃာတော်တို့၏ ရှေ့မှောက်၌ သင်္ကန်းကြီးကို ခင်းလိုအံ့၊ ရှေးဦးစွာ အသစ်သင်္ကန်းကို မိန္ဒုတလုံးထိုးပြီး သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပါ၊ ပြီးလျှင် အသစ်သင်္ကန်းကို အဓိဋ္ဌာန်တင်ပါ၊ ပြီးလျှင်—

ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ၊

သို့မဟုတ်
ကေသီ ခင်းလိုအံ့၊

ဣမိနာ ဥတ္တရ သင်္ဂေန ကထိနံ အတ္ထရာမိ၊

သို့မဟုတ်
သင်းပိုင်ကို ခင်းလိုအံ့၊

ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ-

ဟု နှုတ်ကဆိုပြီး ခင်းရပါသည်၊ ကထိန်ခင်းရာ ကျောင်းတိုက်၌ သံဃာ ငါးပါး, ခြောက်ပါး စသည်ရှိသည်ဖြစ်အံ့၊ ထိုကျောင်းတိုက် သံဃာအများရှေ့၌ ခင်းလိုသော သင်္ကန်းကို နောက်ကနည်းတူဆို၍ ခင်းရပါသည်။

ပုဂ္ဂိုလ်, ဂိုဏ်း ရှေ့မှောက်၌ လည်းကောင်း၊ တပါးဟည်းဖြင့်လည်းကောင်း ကထိန်ခင်းရမည်ဟု ပါဠိ အဋ္ဌကထာ ဋီကာတို့ မိန့်ဆိုချက်မရှိပါ။

သံဃာရှေ့မှောက်၌သာ ခင်းရမည်ဟု မိန့်ဆိုချက် ရှိပါသည်။

ထို့ကြောင့် မဟာဝါအဋ္ဌကထာ၌—

ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ
ဒါနဋ္ဌ ဘုဥ္ဇိတွာ ဂမိဿန္တိ-

ဟု မိန့်တော်မူ၏။

ဤအဋ္ဌကထာ၌ "ကထိနံ အတ္ထရာပေတွာ"ဟူသော စကား၌ စေခိုင်းတိုက်တွန်းတတ်သော ကာရိုက် ဏာပေ-ပစ္စည်းနှင့် မိန့်ဆိုပါသဖြင့် ကထိန်ခံရာကျောင်းမှ အပ သံဃာများသည် ကထိန် ခံသောရဟန်းကို ကထိန်ခင်းစေပြီး၍ ပြန်ကြကုန်လတ္တံ့ဟု မိန့်ဆိုသောကြောင့် သံဃာရှေ့မှောက်၌ ကထိန်ခင်းရသည်၊ ခင်းရမည်ဟူသော အဓိပ္ပာယ် ပေါ်လွင်ထင်ရှားပါသည်။

ဝိနယာလင်္ကာရဋီကာ၌လည်း သံဃာရှေ့မှောက် ခင်းရမည်ဟု အကျယ် မိန့်ဆိုတော်မူ၏။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌—

ကထိနံ အတ္ထရာပေတွာတိ သကာရိတ ဂဇနေန တေဟိ ဗာဟိရတော အာဂတတ္တေရေဟိ သယံ ကထိနံ န အတ္ထရိတဗ္ဗံ၊ သဗ္ဗပုဗ္ဗကိစ္စာဒိကံ သံဝိဒဟိတွာ တေဟိ ပုရိမိကာယ ဝဿုပဂတော အဉ္ဈောသိမင္ဂဘိက္ခုယော၀ အတ္ထရာပေတဗ္ဗောတိ ဒဿေတိ၊ ဒါနဋ္ဌ ဘုဥ္ဇိတွာတိ ခါဒနီယဘောဇနီယဘူတံ အန္နပါ-နာဒိ ဒိန္နံ ဘုဥ္ဇိတွာ န ဟိ တေ ဝတ္ထုဒါနံ လဘန္တိ—

ဟု မိန့်တော်မူ၏။

ဤစကားရပ်များဖြင့် "ဝိနယ ဝိနိစ္ဆယေ သမ္ပတ္တေ ဂရုကေဋှပေတဗ္ဗံ"ဟု ဝိနည်းအဋ္ဌကထာ ဋီကာများ လာသည့်အတိုင်း ရေးသား လိုက်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိနယဂရုက ဖြစ်တော်မူကုန်ကြသော ရှေးဆရာကြီးတို့သည် သံဃာရှေ့မှောက်၌သာ ကထိန်ကို ခင်းတော်မူကြကုန်၏။

သံဃာများ အရေးကြီးသော ကိစ္စများရှိ၍ ပြန်သွားကြလျှင် ဂိုဏ်းရှေ့မှောက်၌ လည်းကောင်း၊ ပုဂ္ဂိုလ်ရှေ့မှောက်၌လည်းကောင်း၊ တပါးတည်းဖြင့် လည်းကောင်း အလျှော်အားဖြင့် ဖြစ်သည်ဟု အချို့ ဆရာများ ယူကြပါကုန်၏။

အနုမောဒနာ တိုက်တွန်းခြင်း၊ အနုမောဒနာ ပြုခြင်းတို့သည် သုံးပါးပြား၏။

(၁) သံဃာ { အား တိုက်တွန်းခြင်း / ထံပြုခြင်း

(၂) ဂိုဏ်း { အား တိုက်တွန်းခြင်း / ထံပြုခြင်း

(၃) ပုဂ္ဂိုလ် { အား တိုက်တွန်းခြင်း / ထံပြုခြင်း

ထိုသုံးပါးတို့တွင် သံဃာအား တိုက်တွန်းပုံကား—

အနုမောဒနာ တိုက်တွန်းသောရဟန်း၊ အနုမောဒနာ ပြုသော ရဟန်းတို့သည်—

"ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ" ဟူ လာသောကြောင့် လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ရုံကေသီ တင်လျက် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင်—

(ကြီး) အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

(ငယ်) အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

## သံဃာ့ထံ အနုမောဒနာပြုပုံကား

(ကြီး) အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာ-ရော အနုမောဒါမ။

(ငယ်) အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

ဂိုဏ်းအား တိုက်တွန်းပုံ၊ ဂိုဏ်းထံ အနုမောဒနာပြုပုံမှာလည်း အထက် သံဃာနည်းတူပင် တိုက်တွန်းပြပါ။

## တပါးတည်းပုဂ္ဂိုလ်အား တိုက်တွန်းပုံ

(ကြီး) အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာ-ရော အနုမောဒါဟိ။

(ငယ်) အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါဟိ။

## တပါးတည်းပုဂ္ဂိုလ်က ပြန်၍ အနုမောဒနာပြုပုံ

(ကြီး) အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာ-ရော အနုမောဒါမိ။

(ငယ်) အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမိ—

ဟု ဝစီဘေဒ နှုတ်မြွက်၍ ဆိုရပါသည်။

**မှတ်ချက်။** ။အနုမောဒနာ တိုက်တွန်းရာမှာ ဖြစ်စေ၊ အနုမောဒနာ ပြုရာမှ ဖြစ်စေ အကြီးဖြစ်လျှင် "အာဝုသော" အငယ် ဖြစ်လျှင် "ဘန္တေ"ဟု ဆိုကြပါ။

မောက္ခလမ္ဗ သက္ကရာဇေ၊
ကတ္တိကာဿ ကာဠပက္ခေ။
ဆဿဋ္ဌိယံ သတ္တဗိန္ဒေ၊
နိဋ္ဌိတာယံ ဝိနိစ္ဆယေ။

ဝိနိစ္ဆယေ ဋ္ဌ ဝနပ္ပဂုဒ္ဓမ္မ ကဲ့သို့ သိ-ဝိဘတ်ကို ဧ-ပြုထားသည်။

၁၃၂၅-ခု၊ တန်ဆောင်မုန်းလဆုတ် (၇)ရက်နေ့၊ (၆)နာရီ အချိန်၌ ဤစာတမ်း **ပြီး၏**။

ကထိနတ္ထာရစာတမ်း ပြီး၏။

# နေ့ခင်းဆွမ်းဆက်တွဲ

## ရွှေမော်ဓောဆရာတော် မေးလျှောက်၍ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးနန္ဒိယ ဖြေကြားအပ်သော

## သဟုဗ္ဗာရ အဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘိက္ခု အတ္တတကထိနော စီဝရံ အာဒါယ ပက္ကမတိ ပစ္စေဿန္တိ သော ဗဟိသီမဂတော စီဝရံ ကာရေတိ သော ကတစီဝရော ပစ္စေဿံ ပစ္စေဿန္တိ သမ္ပုဏာတိ၊ ကထိန်ုဒ္ဓါရံ တဿ ဘိက္ခုနော သဟ ဘိက္ခူဟိ ကထိန္နုဒ္ဓါရော။

(မဟာဝဂ္ဂ ကထိနက္ခန္ဓက ပါဠိတော်)

ကထိန်ခင်းပြီးသော ရဟန်းသည် ဤကထိန်ခင်းရာ ကျောင်းတိုက်သို့ ပြန်ဦးမည်ဟူ၍ (အာဝါသပလိဗောဓကို မဖြတ်ပဲ) မချုပ်သေးသော သင်္ကန်းလျာကို ယူဆောင်၍ တပါးသောအရပ်သို့ ဖဲသွားပြီးနောက် ပြင်ပရောက်သောအခါ သင်္ကန်းချုပ်လုပ်မှုကို ပြုလေတော့၏။ သင်္ကန်းချုပ်ပြီးဖြစ်၍ (စီဝရပလိဗောဓ ပြတ်လေ၏၊) ပြန်ဦးမည်ဟု နေရင်းကျောင်းတိုက်၌ ငဲ့ကွက်မှုရှိသော သာပေက္ခစိတ်ဖြင့် ပြန်သွားရာ နေရင်းကျောင်းတိုက်ရှိ သံဃာတို့ပြုအပ်သော (အန္တရုဗ္ဗာရ) ကထိန်နုတ်ခြင်းကို မှီရုံမျှ မှီလိုက်၏။ (ဆန္ဒတူ တိုင်ပင်၍ ကမ္မဝါစာ မပြုလိုက်ရ) ထိုရဟန်း၏ ကထိန်နုတ်ခြင်းသည် သဟုဗ္ဗာရမည်၏။

ဤကား ပါဠိတော်၌ လာပုံတည်း။

ဤပါဠိတော်အရ စီဝရပလိဗောဓ ရှေးဦးစွာ ပြတ်၍ အာဝါသပလိဗောဓ နောက်မှ ပြတ်သည်။

ရှင်း အဋ္ဌကထာ၌ လည်းကောင်း၊ ပရိဝါပါဠိတော်၌ လည်း ကောင်း၊

"သဟာဂ္ဂါရေ ဒွေပိ ဗလိဗောဓော အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ" ဟူ၍ စီဝရပလိဗောဓ, အာဝါသပလိဗောဓ နှစ်ပါး တပြိုင်နက် ပြတ် ခြင်းကို ပြ၏။

ဝိမတိ၌—

သဟာဂ္ဂါရေ ဒွေပိ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိတိ ဣဒံ အကတစီဝရံ ပစ္စေသန္တိ၊ အဓိဋ္ဌာန သဗ္ဗာဝ ပက္ခ သန္ဓာယ ဝုတ္တံ၊ တေသု အညတရသဗ္ဗာဝေပိ သဟာဂ္ဂါရော ဟောတိ—

ဟူ၍ သဗ္ဗာဝ (သို့မဟုတ်) သဗ္ဗာဝကထိန္နုဒ္ဓါရကို ရည်မှတ်၍ ပရိဝါနှင့် အဋ္ဌကထာ၌ တပြိုင်နက် ပြတ်ခြင်းကို ဆိုပေသည်ဟု မဟာဝါပါဠိတော် နှင့် ပရိဝါပါဠိတော် အဋ္ဌကထာ နှစ်ဖြာတွဲစပ် ထပ်မိစေလျက်--

(၁) ပြီးပြီးသော သင်္ကန်းရှိသော ရဟန်း၏ ပြန်ဦးမည်ဟု ဆောက်တည်၍ ပြန်ရောက်ရာ၊ တကွနုတ်ခြင်းဟူသော သဟာဂ္ဂါရ၊

(၂) မပြီးသေးသော သင်္ကန်းရှိသော ရဟန်း၏ ပြန်ဦးမည်ဟု ဆောက်တည်၍ ပြန်ရောက်ရာ တကွနုတ်ခြင်းဟူသော သဟာဂ္ဂါရ—

ဟူ၍ သဟာဂ္ဂါရ နှစ်ပါးရှိကြောင်းကို ဆိုသည်။

ဝဇီရဗုဒ္ဓိ၌—

သဉ္ဇာဂ္ဂါရေ စီဝရ ပလိဗောဓော ပဌမံ ဆိဇ္ဇန္တော ဝိယ ခါယတိ၊ အထ ခေါ သာပေက္ခတာယ စီဝရ ကရဏ- သဉ္ဇာဿာဟောဝ ဟောတိတိ တေသံ သန္ဓာယ ပရိဝါရ-

ဝသေန ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တီတိ ဝုတ္တံ
ကတစီဝရောတိ ဝုတ္တတ္တာ ဣဓ န သမ္ဗဇ္ဇတိ—

ဟူ၍ မိန့်ဆို၏။

(အဓိပ္ပာယ်ကား) သဟုဗ္ဘာရ ကထိန်နုတ်ခြင်း၌ (ဤမဟာဝါ ပါဠိတော်အရ) စီဝရ ပလိဗောဓ ရှေးဦးစွာပြတ်သကဲ့သို့ ထင်ရသော်လည်း ပြန်ဦးမည်ဟု အာဝါသ၌ ငဲ့ကွက်မှုရှိသောကြောင့် (ငဲ့ကွက်မှုရှိနေသမျှ ကာလပတ်လုံး) သက်နှံ့ချုပ်လုပ်မှု၌ ဥဿာဟလည်း ရှိသေးသည်သာ ဖြစ်၏ဟု (ဆိုထိုက်သော) အမြွက်ကိုရည်၍ ပရိဝါပါဠိတော်နှင့် ဆက်စပ်သောအားဖြင့် (တထပ်တည်း ထပ်မိအောင်)

'ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ'' ဟု အဋ္ဌကထာ၌ မိန့်ဆိုအပ်၏။

(ကတစီဝရော-ဟု ပါဠိတော်၌ ဟောအပ်သောကြောင့် ကတစီဝရ ရဟန်း၏ ဤပါဠိတော်လာ သဟုဗ္ဘာရ မျိုး၌ တပြိုင်နက်ပြတ်ခြင်း မဖြစ်သင့် ဟူသတည်း။)

ထို့ကြောင့် ကတစီဝရ ရဟန်း၏ သဟုဗ္ဘာရ၌ စီဝရပလိဗောဓ ရှေးဦးစွာပြတ်၍ အာဝါသ ပလိဗောဓ နောက်မှပြတ်၏။

ဝိပ္ပကတ စီဝရ ရဟန်း၏ သဟုဗ္ဘာရ၌ နှစ်ပါးစုံ တပြိုင်နက် ပြတ်၏ ဟူ၍ ဝိမတိ အဆိုနှင့် ထပ်တူ အဓိပ္ပာယ်ယူရာ၏။

စတ္တာရော ကထိနုဒ္ဓါရာ နေဝ သံဃာဓိနာ န ပုဂ္ဂလာဓိနာ နာသနန္တိကော သဝနန္တိကော အာသာဝစ္ဆေဒိကော သဟုဗ္ဘာရော—

ဟူသော ပရိဝါ ကထိနဘေဒပါဠိတော်အရ

သံဃာပုဂ္ဂိုလ်နှင့် မစပ်ဟူရာ၌—

ကထိန်ခင်းရာကျောင်းတိုက်၌ ရှိသမျှသံဃာအား သမာနလာဘ ဖြစ်စေခြင်းငှါ အကာလသင်္ကန်းလှူလိုသော ဒါယကာ၏ တောင်းပန် လျှောက်ထားခြင်းကြောင့်—

"အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ"ဟု ဘိက္ခုနီဝိဘင်း၌ ခွင့်ပြုတော်မူအပ်သော ကထိန်နုတ်ခြင်းကို တိုက်ပြင်တပါး မသွားမထွက် တိုက်တွင်းနေရဟန်းတို့ ဉတ္တိဒုတိယကမ္မဝါစာဖြင့် တပေါင်းလပြည့် ကာလအတွင်း ပြုကြရာ၊ အပြင်သို့ ထွက်သွားပြီး၍ ပြန်လာသော ရဟန်းသည် တိုက်တွင်းသံဃာနှင့် ဆန္ဒတူ တိုင်ပင်၍ ကမ္မာရဟ မပြုပဲ ကထိန်နုတ်ရာသိမ်ထဲသို့ မိရုံ ရောက်ရုံမျှဖြစ်၍ ၎င်းပြန်လာသောရဟန်း၏ ကထိန်နုတ်ခြင်း (သဟုဗ္ဘာရ) သည် သံဃာသက်သက်နှင့် မစပ်၊ ပုဂ္ဂိုလ်ဟူသော မိမိနှင့် မစပ်သောကြောင့် နေဝသံဃာဓိန နပုဂ္ဂလာဓိန ဖြစ်၏။

တိုက်တွင်းနေ ရဟန်းတို့၏ ကထိန်နုတ်ခြင်း (အန္တရုဗ္ဘာရ) သည် သံဃာဓိန ဖြစ်၏။

ဤမျှဖြင့် သဟုဗ္ဘာရနှင့်စပ်၍ ယူမှားသင့်သည်တို့ကို မိမိဉာဏ်၌ ထင်မြင်သလောက် ကောက်နုတ်ဆုံးဖြတ်ပါ၏။

ဦးနန္ဒိယ
ရတနာသိဒ္ဓိကျောင်း
မဟာဝိသုတာရာမတိုက်၊
ပခုက္ကူမြို့။

၁၃၁၆-ခု၊ ပြာသိုလဆန်း ၈-ရက်၊ ရေးပြီး၏။

ရွှေမော်ဓောဆရာတော်က မေးလျှောက်ထား၍ ဖြေကြားသော အဆုံးအဖြတ်ဖြစ်သည်။

## ဤအနာဂရောစနစ်တမ်း ထွက်ပေါ်လာရခြင်း အကြောင်းမှာ

၁၂၉၂-ခုနှစ် သီတင်းကျွတ်ပြီး၍ ရွှေမော်ဓောတိုက်တည် အရှင်ဝိသုဒ္ဓါစာရသည် ပရိဝတ် မာနတ်ဆောက်တည်၏။ ရက်စေ့သောအခါ မြို့ပေါ်ရှိ မိမိထက်ကြီးသော ဆရာတော်ကြီးများကို ကန်တော့ပြီးလျှင် နောက်ဆုံးအနေဖြင့် တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့ညနေ တောရဗိမာန်ဆရာတော်ကြီးအား သွားကန်တော့၏။ ထိုအခါ တောရဗိမာန် သိမ်၌ပင်လျှင် အဗ္ဘာနကံဆောင်ဖို့ရာ လျှောက်ထားပါသဖြင့် ဆရာတော်ကြီးနှင့်တကွ ဦးမာလာလေး-စသော သံဃာတော်များ သိမ်ထဲသို့ ကြွကြ၏။

ထိုအခါ ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းပေါ်မှာ နေမကောင်း၍ ဦးပဉ္စင်းကြီးတပါး ကျန်နေ၏။ ထိုအခါ သံဃာကုန်ပြီလားဟု အရှင်ဝိသုဒ္ဓါစာရက လျှောက်ထားပါသည်။ ထိုအခါ ဦးဂုဏဝံက ဆရာတော်ကြီးကျောင်းပေါ်မှာ နေမကောင်းသော ဦးပဉ္စင်းကြီးတပါး ကျန်ပါသေးသည်ဟု လျှောက်ထား၏။ ထိုအခါ အရှင်ဝိသုဒ္ဓါစာရက ဒါဖြင့် ပင့်ပါဘုရားဟု လျှောက်ထားသော အခါ ဦးမာလာလေးက ပင့်စရာမလိုပါဘူး၊ ဖြစ်ပါတယ်ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်ဝိသုဒ္ဓါစာရက ဟုတ်ပါတယ်ဘုရား၊ တပည့်တော် သတိလစ်လို့ပါဟု လျှောက်ထား၏။ ဤကဲ့သို့ ပြောကြားခြင်းကို ဘဒ္ဒန္တကောဏ္ဍညသည် သိမ်အပြင်ပါပါသဖြင့် နားဆတ်ဆတ်ကြားရ၏။ ထိုအခါက ဘဒ္ဒန္တကောဏ္ဍညသည် သိက္ခာ လေးဝါသာ ရသေး၏။ ဒါပေမယ့် ဆရာတော်ဦးမာလာလေးသည် စာတတ်သည်ဟု ကျော်စောထင်ရှား၏။ သို့အတွက် အမိန့်ရှိသောစကားသည် မဟုတ်ပဲနှင့် မမိန့်တန်ရာ၊ ဤစကားကို ငါ၏နှလုံးထဲ၌ ထားပြီးလျှင် နိကာယ ပါရဂူ ဆရာတော်တို့အား လျှောက်ထားနည်းယူပြီး ပါဠိ အဋ္ဌကထာ ဋီကာကို

စေ့ငုသေချာစွာ ကြည့်ရှုကြံစည်မည်ဟု စိတ်ထဲမှာ နှလုံးသွင်းမိ၏။ ထိုသို့ ကြံစည်သောကြောင့်လည်းကောင်း။

တကြောင်းမှာ ၁၃၂၃-ခု သီတင်းကျွတ်လ၌ မြို့တွင်း ရိပ်သာကျောင်းမှာ ရိပ်သာဘုန်းကြီး၏ မယ်တော်က ဆွမ်းလာကပ်၏။ ထိုအခါ ကြွလာသော သံဃာအများတွင် ပရိဝတ် မာနတ် ရက်စေ့သော သီရိမင်္ဂလာ ဦးကဝိန္ဒ ပါလာ၏။ ဆွမ်းစားပြီးသောအခါ အဗ္ဘာနကံဆောင်ပေးရန် သံဃာများအား လျှောက်ထားသဖြင့် သိမ်ထဲသို့ ကြွဖို့ရန် ရိပ်သာဆရာတော်က လျှောက်ထား၏။ ထိုအခါ ရိပ်သာဆရာတော်၏ ဆရာဖြစ်သော တောင်ငူဆရာတော်က– ငါတော့ ကျောင်းပေါ်ပဲ နေရစ်မည်ကွာ၊ သံဃာအစေ့သားပဲ ဟု မိန့်တော်မူရာဝယ်၊ အသောကာရုံဆရာတော်က ဘယ်ဖြစ်မလဲဘုရား၊ ဥပစာရ တခုတည်း ဖြစ်နေတာပဲဟု လျှောက်ထား၏။

ထိုအခါ တောင်ငူ ဆရာတော်က "ဘယ့်နှယ်လဲ၊ ရွှေမော်ဓောဘုန်းကြီး" ဟု မေးရာ၊ ရွှေမော်ဓောဘုန်းကြီးက "ဖြစ်ပါတယ်ဘုရား" ဟု လျှောက်ထား၏။ ထိုအခါ အဗ္ဘာနာရဟ ပုဂ္ဂိုလ် ဦးကဝိန္ဒ က "ကြွသာကြွပါ၊ သံသယကင်းတာ ကောင်းပါတယ်ဘုရား"ဟု လျှောက်ထား၏။ ထိုအခါ ရွှေမော်ဓောဘုန်းကြီးက "သံသယတော့ ရှိစရာမလိုပါဘူး၊ ကျေနပ်သလိုသာ ဆောင်ရွက်တော်မူကြပါ"ဟု လျှောက်ထား၏။ တောင်ငူ ဆရာတော်လည်း သိမ်ထဲသို့ ကြွလိုက်ပါ၏။ ထို့ကြောင့်လည်းကောင်း။

တကြောင်းမှာ ၁၃၂၅-ခုနှစ် သီတင်းကျွတ်လဆုတ် (၁၀)ရက်နေ့၌ ဒေါ်ရင်းကုန်းကျောင်းမှာ ကထိန် ရဟန်းခံ ရှင်ပြုအလှူပင့်သံဃာသုံးကျိတ်ကျော် ကြွရောက်လာ၏။ ရဟန်းလောင်းမှာ ရွှေမော်ဓောတိုက်မှ ရှင်ကုမာရ ဖြစ်၏။

(၁၀) ရက်နေ့ နံနက် ဥပသမ္ပဒကံဆောင်ပြီးလျှင် ချောက်ကြားရွာဦးကျောင်း ဆရာတော်ကို အဗ္ဘာနကံဆောင်ရန် ပြုလုပ်သောအခါ ချင်ကိုက်ကုန်း ဆရာတော်က "ကျောင်းလေးပေါ်က ဦးပဋ္ဌင်းကြီးကို

ချောက်ကြားတောရ ဆရာတော် သွားပြီးတော့ ပင့်မှုပဲ'' ဟု လျှောက်ကြား၏။ ထိုအခါ ရွှေမော်ဓောဘုန်းကြီးက ''မပင့်ပဲ မဖြစ်ဘူးလား'' ဟု လျှောက်၏။ ထိုအခါ ချောက်ကြားတောရဆရာတော်က ''တပည့်တော်တို့ကတော့ ပင့်မှုပဲ ကျေနပ်တယ်''ဟု မိန့်ပြီးလျှင် ''အရှင်ဘုရား မပင့်ပဲ ဖြစ်ပုံကို အမိန့်ရှိပါ'' ဟု ပြောဆိုသောအခါ၌ အချိန်ကလည်း တိုတောင်းပါသဖြင့် အကျယ်အဖြေမပေးပဲ ''အရှင်ဘုရားတို့ ကျေနပ်သလိုသာလုပ်ပါ''ဟု လျှောက်ထားလိုက်၏။ ဆွမ်းစားပြီးတဲ့အခါလည်း ဆွေးနွေးခွင့် အချိန်မရသဖြင့် မဆွေးနွေးခဲ့ရပေ၊ ထို့ကြောင့်လည်း ကောင်း။

ဤပရိဝတ် မာနတ် အဗ္ဘာန်သွင်းရာ၌ ဥပစာရ အရံတွင်းရှိ သံဃာအားလုံး မပင့်ပဲဖြစ်သော အနာရောစနစာတမ်း ထွက်ပေါ်လာရခြင်း ဖြစ်ပါကြောင်း။

## အနာရောစနစာတမ်း

ကျောက်ပန်းတောင်းမြို့အပိုင် ရေထွက်ကျောင်းနေ ရှင်သုမန ရိုသေစွာ လျှောက်ထားအပ်ပါသည် ရွှေမော်ဓောတိုက် ဆရာတော်ဘုရား။

ပရိဝတ် မာနတ် ပေးသောအခါ၌လည်းကောင်း အဗ္ဘာန်သွင်းသောအခါ၌ လည်းကောင်း၊ ဥပစာရအရံအတွင်းရှိ ရဟန်းသံဃာအားလုံးကို မပင့်ပဲ ဖြစ်၏ဆိုသောဝါဒ၊ အကုန်လုံးဖြစ်၏ဆိုသောဝါဒ၊ ဤသို့ဝါဒနှစ်မျိုးရှိရာ၊ ဘယ်ဝါဒက အဋ္ဌကထာ ဋီကာနှင့် ညီညွတ်သည်ဟု မိန့်တော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ပရိဝတ် ဆောက်တည်သောအခါ၌လည်းကောင်း၊
မာနတ် ဆောက်တည်သောအခါ၌လည်းကောင်း၊
အဗ္ဘာန်သွင်းသောအခါ၌လည်းကောင်း၊

ကျောင်းဝိုင်း ကျောင်းအရံခေါ် ဥပစာရသိမ်အတွင်းရှိ ရဟန်းအားလုံးကို မပင့်ဆောင်ပဲ ခဏ္ဍသိမ်ထဲ၌ ကံဆောင်လျှင် ထမြောက်အောင်မြင်ပါသည်၊ ကျမ်းဂန်နှင့်လည်း ညီညွတ်ပါသည်။

အကြောင်းကား ဘိက္ခုနီမတို့ ပက္ခမာနတ်ယူရာ၌ ဥပစာရသိမ်တွင်း၌ရှိသော ရဟန်းအားလုံးကို မသိမ်းဆည်းပဲ ခဏ္ဍသိမ်၌ မာနတ်ပေးသောကြောင့်တည်း။

ထို့ကြောင့် စူဠဝါ အဋ္ဌကထာ၌-

တံ ပန ဘိက္ခုနီဟိ အတ္တနောသိမံ သောဓေတွာ ဝိဟာရ သီမာယ ဝါ ဝိဟာရသိမံ သောဓေတုံ အသက္ကောန္တီဟိ ခဏ္ဍသီမာယ ဝါ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတုဝဂ္ဂဂဏံ သန္နိပါတာပေတွာ ဒါတဗ္ဗံ-

ဟု မိန့်တော်မူ၏။

ရှေးအခါက ကျောင်းဝိုင်းတခုလုံး မဟာသိမ် သမုတ်ကြမြဲဖြစ်၏။ ထိုသို့ သမုတ်သည်ကိုရည်၍ "ဝိဟာရသီမာယဝါ"ဟု အဋ္ဌကထာဆရာ မိန့်တော်မူပါသည်။ မဟာသိမ် မဟုတ်သော ကျောင်းဝိုင်းကိုရည်၍ မမိန့်ဆိုပါ။

ထို့ကြောင့်—

အတ္တနောသိမံ သောဓေတွာ ဝိဟာရသီမာယာတိ ဝိဟာရေ ဗဒ္ဓသီမာမေဝ သန္ဓာယ ဝုတ္တံ-

ဟု မိန့်တော်မူ၏။

(တေရသကဏ်ဋီကာ)

ဆိုလိုရင်းမှာ ဥပစာရသိမ်ခေါ် မဟာသိမ်ထဲ၌ ကံဆောင်အံ့၊ ဥပစာရသိမ်တွင်းရှိ ရဟန်းအားလုံးကို ဟတ္ထပါသ် ရောက်အောင် ပင့်ဆောင်ပြီး မာနတ်ပေးပါ။

အကယ်၍ ဥပစာရသိမ်ကို မသုတ်သင်နိုင်လျှင်၊ ဝါ- မသိမ်းနိုင်လျှင် ဥပစာရသိမ်ထဲမှာ သမုတ်ထားသော ခဏ္ဍသိမ်၌ အယုတ်ဆုံး လေးပါး စည်းဝေး၍ မာနတ်ပေးပါဟု ဆိုလိုပါသည်။

ခဏ္ဍသိမ်၌တည်ကုန်သော ရဟန်းတို့သည် မဟာသိမ်၌ ကံပြုကုန်သော ရဟန်းတို့၏ ကံကို မပျက်စေကုန်၊ မဟာသိမ်၌ တည်ကုန်သော ရဟန်းတို့သည်လည်း ခဏ္ဍသိမ်၌ ပြုသောကံကို မပျက်စေကုန်။

သီမန္တရိက၌ တည်ကုန်သော ရဟန်းတို့သည် မဟာသိမ်, ခဏ္ဍသိမ် နှစ်လုံး၌ ပြုသောကံကို မပျက်စေကုန်။

ထို့ကြောင့်—

ခဏ္ဍသီမာယံ ဌိတာ ဘိက္ခူ မဟာသီမာယံ ကမ္မံ ကရောန္တာနံ န ကောပေန္တိ၊ မဟာသီမာယံ ဌိတာ ခဏ္ဍသီမာယံ ကရောန္တာနံ သီမန္တရိကာယ ပန ဌိတာ ဥဘိန္နမ္ပိ န ကောပေန္တိ—

ဟု မဟာဝါအဋ္ဌကထာ, ဝိနယသင်္ဂဟ အဋ္ဌကထာ, ကင်္ခါ ဋီကာသစ်တို့၌ မိန့်တော်မူ၏။

ဤစကားအစဉ်သည် ပရိဝတ် မာနတ် အဗ္ဘာန်သွားရာ၌ ဥပစာရသိမ် ခေါ် ကျောင်းအရံအတွင်း၌ရှိသော ရဟန်းသံဃာ အကုန်လုံး မပင့်ပဲ ကံပြုရာ၌ ကံအထမြောက် အောင်မြင်ပုံ မပျက်ပုံတို့ကို ပြဆိုသော စကားရပ်များ ဖြစ်ပေသတည်း။

ပရိဝတ် မာနတ်ပေးပြီး၍ ပရိဝတ် မာနတ်ဆောက်တည်ပြီးလျှင် ကြားသောအခါ ခဏ္ဍသိမ်ထဲက သံဃာကိုသာ ကြား၍ ချရမည်လော။

သို့မဟုတ် ဥပစာရသိမ် ခေါ် ကျောင်းအရံအတွင်းရှိ သံဃာအားလုံးကို ကြား၍ ချရမည်လော ဟူမူ—

ခဏ္ဍသိမ်ထဲ၌ရှိသော သံဃာကိုသာ ကြား၍ ချရပါသည်၊ ကျောင်းအရံတွင်းရှိ သံဃာအားလုံးကို ကြား၍ မချရပါ။

ထိုခဏ ဆောက်တည်၊ ထိုခဏ ကြွား, ထိုခဏ ချပါသဖြင့် ဝတ်နေသောအခါသည် တခဏမျှ ကြာပါသည်၊ ထိုဝတ်နေသော ခဏ၌ ဒိဋ္ဌ သုတ မရှိသဖြင့်လည်းကောင်း၊ တဆယ့်နှစ်တောင်အတွင်း ရဟန်း မရောက်လာသဖြင့်လည်းကောင်း ဒုက္ကဋ်အာပတ် ရတ္တိစ္ဆေဒတို့ မဖြစ်နိုင်ပါ။

နိက္ခိတ္တ ဝတ်သည် ဤကဲ့သို့ အရံအတား အစောင့်အရှောက် ရပါသည်။

နိက္ခိတ္တ ဝတ်နေသော ရဟန်းသည် ပကတတ် ရဟန်းတပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ လေးပါးဖြစ်စေ ခေါ်၍ ကျောင်းအရံပြင်ပ ခဲနှစ်ပစ်ရှိသော အရပ်၌ နေလျက် ခေါ်လာသော ပကတတ် ရဟန်းထံ ဆောက်တည်ပြီး၊ ထိုရဟန်းတို့အား ကြွားပြီး နေ၏။ ထိုအခါ ပါလာသော ပကတတ်ရဟန်းတို့သည် ကိစ္စရှိ၍ ကျောင်းသို့ အကုန်ပြန်ကြကုန်၏။ အရုဏ်တက်၍ ဝတ်ချမည်ပြုသောအခါ ပကတတ် တပါးမှ မမြင်ပေ၊ ထိုအခါ ဝတ်နေသောရဟန်းသည် ကျောင်းအရံအတွင်းသို့ သွားပြီးလျှင် ရှေးဦးစွာ မြင်သော ပကတတ်ရဟန်းအား ဝတ်ကိုကြွား၍ ချပါ၊ အကယ်၍ စောစောက ကြွားပြီးသား ပကတတ်ဖြစ်အံ့၊ မကြွားမူ၍ ဝတ်ကိုသာ ချပါ။

ဤလို ကျောင်းအရံအတွင်းသို့ သွားသောအခါ အရံတွင်းရှိ သံဃာအားလုံးကို မကြွားရပါ၊ ဒါပေမယ့် ဒိဋ္ဌ သုတ ရှိသော ရဟန်းကိုလည်းကောင်း၊ ဒိဋ္ဌ သုတ ပင် မရှိငြားသော်လည်း ဆယ့်နှစ်တောင် အတွင်းသို့ ရောက်လာသော ရဟန်းတို့ကိုလည်းကောင်း ကြွားရပါသည်။

(ဤစကား၌ အရံတွင်းရှိ သံဃာအားလုံးကို မကြွားခြင်းကြောင့် အာပတ်မသင့်ခြင်းကား နိက္ခိတ္တ ဝတ်၏ လွတ်လပ်ခွင့် ရမှုကြီး ဖြစ်ပါသည်။)

အကယ်၍ မရခဲ့သည်ဖြစ်အံ့၊ အရံတွင်းရှိ သံဃာအားလုံးကို ကြွားရမည်ဟု မိန့်ဆိုတော်မူခဲ့ရာ၏၊ ထိုသို့ကား မိန့်ဆိုတော်မမူခဲ့ပေ။

သို့ပေမယ့် (သိမ်ထဲအခိုက်အတန့်မှာ ဒိဋ္ဌ သုတ မရှိအောင် အထူး ဂရုပြုပါ)။

အကယ်၍ ညဉ့်ဦးက ဝတ်ဆောက်တည်သည် ဖြစ်အံ့၊ ဥပစာရ သိမ်တွင်းရှိ သံဃာအားလုံးကို ကြားရပါသည်၊ မကြားက ဝတ္တဘေဒ ဒုက္ကဋ်လည်း သင့်၏၊ ရတ္တိစ္ဆေဒလည်း ဖြစ်၏။

ဤကဲ့သို့ ဝိနည်းအရာ၌ လိမ္မာတော်မူကြကုန်သော ဆရာတော် ကြီးများ ယူတော်မူကြကုန်၏။

ထို့ကြောင့်- အဋ္ဌကထာ ဋီကာတို့၌ အောက်ပါစကားတို့ကို မိန့်တော်မူကြကုန်၏။

> သစေ န ကိဉ္စိ ပဿတိ ဝိဟာရံ ဂန္တွာ အတ္တနာ သဒ္ဓိံ ဂတဘိက္ခုဿ သန္တိကေ နိက္ခိပိတဗ္ဗန္တိ မဟာသုမတ္ထေရော အာဟ၊ မဟာပဒုမတ္ထေရော ပန ယံ ပဌမံ ပဿတိ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ အယံ နိက္ခိတ္တဝတ္တဿ ပရိ-ဟာရောတိ အာဟ။
>
> (စူဠဝဂ္ဂ ပါဠိအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ)

> သစေ သော ပုရေ အရုဏောဃေဝ ကေနစိ ကရဏီ-ယေန ဂတော ဝိဟာရံ ဂန္တွာ ယံ သဗ္ဗပဌမံ ဘိက္ခုံ ပဿတိ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။
>
> (ကင်္ခါအဋ္ဌကထာ)

> အယံ ပနေတ္ထ ထေရဿ အဓိပ္ပာယော ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ ဥပစာရဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ အဒိဋ္ဌ အသုတာနမ္ပိ အန္တော ဒွါဒသ ဟတ္ထဂတာနံ အာရောစေတဗ္ဗံ ဣဒံ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ လက္ခဏန္တိ။
>
> (သာရတ္ထဋီကာ၊ ဝဇီရဗုဒ္ဓိဋီကာ၊ ဝိနယာလင်္ကာရဋီကာ)

ယံ သဗ္ဗပထမံ ဘိက္ခုန္တိ ဝိဟာရတော နိက္ခမန္တံ ဝါ အာဂန္တုကံ ဝါ သဗ္ဗပထမံ ယံ အညံ ဘိက္ခုံ ပဿတိ တဿ အာရောစေတဗ္ဗာ နိက္ခိပိတဗ္ဗန္တိ၊ အနာရောစေန္တဿ ဒုက္ကဋံ သိယာ တံ သန္ဓာယ ဝုတ္တံ၊ နတု ရတ္တိစ္ဆေဒံ သန္ဓာယ ဣတရထာဟိ သီမာ ပရိယာပန္နံ သဗ္ဗေသံ အာရောစေတဗ္ဗာတိ ဝဒေယျ။
(ကင်္ခါ ဋီကာသစ်)

ဤသို့ အဋ္ဌကထာ ဋီကာတို့ မိန့်ဆိုပါသဖြင့် သိမ်ထဲ ပရိဝတ် မာနတ် ယူသောအခါ၌လည်းကောင်း၊ အဗ္ဘာန်သွင်းသောအခါ၌လည်း ကောင်း ဥပစာရတွင်း၌ ရှိသမျှ ရဟန်းတို့ကို သိမ်ထဲမပင့်ပဲ ကံဆောင် နိုင်ခြင်း၊ သိမ်ထဲရှိ ရဟန်းတို့ကိုသာ ကြားရခြင်းတို့ကို ယုံကြည်စွာ မှတ်သားကြပါကုန်။

ဤသည်လျှင် ပရိဝတ် မာနတ် ယူသော အခါ၌လည်းကောင်း၊ အဗ္ဘာန်သွင်းသောအခါ၌ လည်းကောင်း၊ ဥပစာရသိမ်တွင်းရှိ သံဃာ အားလုံးကို အကုန်မပင့်သော်လည်း ကံမပျက်ပုံ၊ အနာရောစန မဖြစ်ပုံတို့ကို ပြဆိုဆုံးဖြတ်ရာ စကားတရပ် အပြီးသတ်သတည်း။

မောက္ခလမ္ဗသက္ကရာဇေ၊
ကတ္တိကဿ ကာဠပက္ခေ။
တိဿဋ္ဌိယံ ပဉ္စဒိနေ၊
နိဋ္ဌိတောယံ ဝိနိစ္ဆယော။

ဝိနိစ္ဆယော၌ ဝနပ္ပဂုမ္ဗေ ကဲ့သို့ သိဝိဘတ်ကို ၆-ပြုထားသည်။

၁၃၂၅-ခု၊ တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့၊
(၃) နာရီအချိန် ပြီး၏။

## မှော်ဘီမြို့၊ တပ်ကြီးကုန်းရွာ၊ ကွင်းကျောင်းဆရာတော် ဦးပဒုမ၏ သိမ်နှင့်ပတ်သက်သော အမေးပုစ္ဆာ လျှောက်ထားလွှာ

၁၃၃၅-ခု၊ တန်ခူးလဆုတ် (၁၂)ရက်

ရိုသေစွာ လျှောက်ထားပါသည် ရွှေမော်ဓောဆရာတော်ဘုရား။

အောက်ထပ် အကာလေးဘက် အထက်ကြမ်းပြင်သို့ မထိမစပ်ပဲ ဆောက်လုပ်ထားသော သိမ်ကျောင်းအပေါ်ထပ်၌ သံဃကံ ပြုကောင်း မပြုကောင်း သိလိုပါ၍ ဖြေရှင်းပေးသနား ချီးမြှင့်တော်မူပါဘုရား။

ပဒုမ

ကွင်းကျောင်း၊ လေထီးလမ်း၊
တပ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့။

### ၎င်းသိမ်နှင့်ပတ်သက်သော အမေးပုစ္ဆာ၏ အဖြေ

မှော်ဘီ နဂရသမီပေ၊ တပ်ကြီးကုန်းဂါမ ဂေါစရေ။
ပဒုမတ္ထေရပုစ္ဆန္တံ၊ ဝိသဇ္ဇေဿံ ယထာဗလံ။

သမုတ်ပြီးသား သိမ်ပေါ်၌ ပြုလုပ်သော အဆောက်အအုံတို့သည် ဘယ်လိုပင် ပြုလုပ်ပြုလုပ် သိမ်မြေနှင့် ထိပါက သိမ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် သိမ်မြေပေါ်၌တန်ဆောင်းဆောက်၍လည်းကောင်း၊ နှစ်ထပ်ကျောင်း ဆောက်၍ လည်းကောင်း၊ နံရံ အကာလေးဘက် ကြမ်းပြင်မထိပဲ အထက်ထပ်ပေါ်မှာ ကံဆောင်ကြပါသည်၊ဆောင်သော ကံတို့သည် ထမြောက်အောင်မြင်သည်သာ ဖြစ်ပါသည်။

ရှေးရှေးကာလ၌ သမုတ်ပြီးသား သိမ်ပေါ်မှာ တန်ဆောင်းသာ ဆောက်ကြ၏။ ကျောင်း မဆောက်ကြပါ ဘုရားဟု မေးစရာ ရှိ၏။ ရှေးရှေးတုံးကတော့ သိမ်ဆိုတာ ခေတ္တခဏ ကံပြုဆဲ အခိုက်၌သာ နေရ ပါသဖြင့် တက်လွယ်ဆင်းလွယ်အောင် ပြုလုပ်ကြပါသည်။ အကာတောင်

များသောအားဖြင့် မကာကြပါ၊ ထို့ကြောင့် တန်ဆောင်းသာ ဆောက်လုပ်ကြပါသည်။

ထို့ကြောင့်—အဋ္ဌကထာ ဋီကာဆရာတို့ မိန့်တော်မူကြပေ၏။

(၁) သီမာယ ဂေဟံ ကရောန္တိ သီမဋ္ဌကမေဝ ဟောတိ။

(၂) ဩဃော သီမမဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ သီမမာဠကေ အဋ္ဋံ ဗန္ဓိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ။

(မဟာဝါ အဋ္ဌကထာ-၃၂၆)

(၃) သီမမာဠကေတိ ခဏ္ဍသီမမာဠကေ။

(၄) သီမမာဠကေတိ ခဏ္ဍသီမင်္ဂဏေ။

(တေရသကဏ်နှင့် ဝိမတိဋီကာ)

(၅) သီမာယံ ပစ္ဆာ ဉဋ္ဌိတ ရုက္ခေ နိသီဒိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ၊ ပစ္ဆာ သီမာယံ ကတဂေဟေ ဝိယ ပစ္ဆာ ဉဋ္ဌိတ-ရုက္ခော ပန တပ္ပဋိဗဒ္ဓတ္တာ သီမာသင်္ချမေဝ ဂတော စေ ပုဗ္ဗေ ဉဋ္ဌိတရုက္ခော ပိတို ဂဟေတဗ္ဗံ။

(ဝဇိရဗုဒ္ဓိဋီကာ-၁၃၂)

(၆) သီမမာဠကေတိ ခဏ္ဍသီမာယ မာဠကေ၊ အဋ္ဋံ ဗန္ဓိတွာတိ အဋ္ဋာလကံ ဗန္ဓိတွာ။

(ယောဇနာ-၂၂၀)

(၁) သီမာယ၊ သိမ်ပေါ်၌။ ဂေဟံ၊ သိမ်တန်ဆောင်း သိမ်ကျောင်းကို။ ကရောန္တိ၊ ပြုကုန်အံ့။ သီမဋ္ဌကမေဝ၊ သိမ်မည်သည်သာလျှင်။ ဝါ၊ သိမ်၌ တည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

(၂) ဩဿော၊ ရေအလျှဉ်သည်။ သီမမဏ္ဍလံ၊ သိမ်အပြင်ကို။ ဩတ္ထရိတွာ၊ လွှမ်းမိုး၍။ ဂစ္ဆတိ၊ သွား၏။ သီမ-မာဠကေ၊ သိမ်တန်ဆောင်း၌။ (တေရသကဏ်အလို) ဝါ၊ သိမ်အပြင်၌။ (ဝိမတိအလို) အဋ္ဌံ၊ ငြမ်းကို။ ဗန္ဓိတွာ၊ ဖွဲ့ချီ၍။ ကမ္မံ၊ ကံကြီးကံငယ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

(၃) သီမ မာဠကေတိ၊ ဟူသည်ကား။ ခဏ္ဍသီမ မာဠကေ၊ ခဏ္ဍ သိမ်တန်ဆောင်း၌။

(၄) သီမ မာဠကေတိ၊ ဟူသည်ကား။ ခဏ္ဍသီမင်္ဂဏေ၊ ခဏ္ဍ သိမ်ယင်ပြင်၌။

(၅) သီမာယံ၊ သိမ်၌။ ပစ္ဆာ၊ နောက်မှ။ ဥဋ္ဌိတရုက္ခော၊ ပေါက်သောသစ်ပင်၌။ နိသီဒိတွာ၊ နေ၍။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ကိမိဝ၊ အဘယ် ကဲ့သို့နည်းဟူမူကား။ သီမာယံ၊ သိမ်၌။ ပစ္ဆာ၊ နောက် မှ။ ကတဂေဟေ ဝိယ၊ ပြုလုပ်သော သိမ်တန်ဆောင်း သိမ်ကျောင်းကဲ့သို့တည်း။

ပစ္ဆာ၊ နောက်မှ။ ဥဋ္ဌိတ ရုက္ခော ပန၊ ပေါက်သော သစ်ပင်သည်ကား။ တပ္ပဋိဗဒ္ဓတ္တာ၊ ထိုသိမ်နှင့် စပ်သည်၏ အဖြစ်ကြောင့်။ သီမာသင်္ချမေဝ၊ သိမ်ဟူသော ရေတွက် ခြင်းသို့သာလျှင်။ ဂတော၊ ရောက်ပေ၏။ ဝေုံ၊ ဤအတူ။ ပုဗ္ဗေ၊ ရှေး၌။ ဥဋ္ဌိတရုက္ခောပိ၊ ပေါက်သောသစ်ပင် သည်ကား။ သီမာသင်္ချမေဝ၊ သိမ်ဟူသော ရေတွက် ခြင်းသို့သာလျှင်။ ဂတော၊ ရောက်ပေ၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

(၆)· ယောဇနာ နက် တူပြီ။

(အနက်)

## အစိပ္ပာယ်ရှင်းလင်းချက်

(၁) နံပါတ်။ အဋ္ဌကထာစကား၌ ဂေဟံ-အရ၊ တန်ဆောင်းကိုလည်းကောင်း၊ ကျောင်းကိုလည်းကောင်း ယူရပါသည်။ ၎င်းနှစ်ဆောင်လုံးပင် အကာရှိ အကာမရှိ နှစ်မျိုးလုံးပင် ယူရပါသည်။ ထို့ကြောင့် နံရံလေးဘက် အကာ ကြမ်းပြင်သို့ မထိပဲ ကာထားသော သိမ်ကျောင်း၌လည်းကောင်း၊ အောက်ထပ် အကာလုံးလုံးမရှိသော သိမ်ကျောင်း၌လည်းကောင်း အပေါ်ထပ် သိမ်ဖြစ်သည်သာလျှင် ဖြစ်ပါသည်။ ဘာကြောင့်နည်း၊ သမုတ်ပြီးသား သိမ်ပေါ်မှာ ဆောက်ထားသောကြောင့် ဖြစ်ပါသည်။ (၁+၅) နံပါတ် အဋ္ဌကထာ ဋီကာကို ထောက်၍ သိရပါသည်။

အကယ်၍ သိမ်အပြင် သို့မဟုတ် သိမ်တန်ဆောင်း အောက်ခြေကို ရေတွေ လွှမ်းနေငြားအံ့၊ တန်ဆောင်း မရှိလျှင် သိမ်အပြင်ပေါ်၌ တိုင်များစိုက်ပြီး ငြမ်းထိုး၍လည်းကောင်း၊ တန်ဆောင်းရှိသည်ဖြစ်အံ့၊ တန်ဆောင်းတိုင်တို့ကို ငြမ်းထိုး အဆင့်လုပ်၍လည်းကောင်း၊ ၎င်းအဆင့်ပေါ်မှာ ကံပြုလုပ်ပါဟု အဋ္ဌကထာဆရာ မိန့်ခဲ့ပါသည်။ ထိုသို့ ငြမ်းထိုးပြုလုပ်ရာမှာ အောက်က နံရံအကာလေးဘက် ဘယ်မှာ ရှိပါအံ့နည်း၊ မရှိပဲ ကံပြုကောင်းသည်သာတည်း။

ထို့ကြောင့် အောက်ထပ် အကာမရှိပဲ အထက်ထပ်၌လည်း သိမ်ပင်ဖြစ်၍၊ အထက်ထပ်၌ ကံပြုခြင်းသည် ထမြောက်အောင်မြင်သည်သာ ဖြစ်ပါသည်။ သံသယရှိစရာ မလိုပါ။

ထိုမှတပါး အခက်အခက်ဖြာထွက်သော မော်ဘီဥယျာဉ်ထဲက သကြားပင်များကဲ့သို့ သမုတ်ပြီး သိမ်ပေါ်မှာ ပေါက်ရောက်ရှိနေသော

သစ်ပင်၏ အကိုင်းတွေပေါ်၌ ဆင့် ကြမ်းစီပြီး ကံပြုလိုလျှင်လည်း ပြုလုပ်ကောင်းပါသည်ဟု ဝဇီရဗုဒ္ဓိဋီကာဆရာ ဆိုထားပါသည်။

ဤသို့ပြုရာ၌ အောက်က အဘယ်မှာ အကာရှိပါအံ့နည်း။

ထို့အတူ—အောက်အကာမရှိပဲ တပင်တိုင်၊ ဝါ-တိုင်တလုံးတည်း သိမ်ပေါ် ဆောက်လုပ်ထားသော တပင်တိုင် ကျောင်းပေါ်၌လည်း ပြုကောင်းပါ၏၊ အပ်သည်သာတည်း။

အချုပ်မှာ သမုတ်ပြီးသား သိမ်ပေါ်၌ ဘယ်လိုပင် ပြုလုပ် ပြုလုပ် သိမ်ဖြစ်သည်သာတည်းဟု စွဲစွဲမြဲမြဲ မှတ်သားထားရန် ဖြစ်ပါသည်။

သမုတ်ပြီးသား သိမ်နှင့် မသမုတ်ရသေး သမုတ်လတ္တံ့သော သိမ် တက်ပုံ သက်ပုံ မတူသည်ကို သတိပြုစေလိုပါသည်။

ကောဏ္ဍညစံသတ္တေရေန၊ မဓံဝါရာမဝါသိနာ။
သံဝဏ္ဏနံ ပေက္ခိတွာန၊ ဝိသဇ္ဇိတော ယထာဗလံ။
ယထာဗလံ ဝိသဇ္ဇိတော၊ ကထာတန္တိံ အနုက္ကမ-
ကောဂ္ဂစိတ္တ ဟုတွာန၊ ဒုက္ခန္တုံ သာသနမာမကာ။
စုလ္လာလက် သက္ကရာဇေ၊ ဇေဋ္ဌ မာသ ကာဠပက္ခေ။
တိဿဋ္ဌိယံ ပဉ္စဒိနေ၊ နိဋ္ဌိတာယံ သုလိက္ခိတော။

၁၃၃၆-ခု၊ နယုန်လဆုတ် (၅) ရက်နေ့ (၃) နာရီအချိန် ပြီး၏။

## သိမ်နိမိတ်ကြားပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနဿ သာသနံ စိရံ ဌာတု။

ဇိနဿ၊ ဒေဝပုတ္တ ကိလေသနှင့် ခန္ဓမစ္စု သင်္ခါရဟု ငါးခု မာရ်ယုတ် ရန်ခလုတ်ကို တမဟုတ် ရှောင်တခင် ဘုန်းတော်ညွန့် အောင်လုံတင်၍ အောင်ပလ္လင် ကနက်ဒဏ်ရိပ်မှာ အောင်ဘိသိက် သွန်းတော်မူ ပြီးသော မြတ်စွာဘုရားသခင်၏။ သာသနံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သုံးဖြာသော သာသနာ သည်။ စိရံ၊ ကြာမြင့်စွာ။ စိရံ၊ သာသနာငါးထောင် ကြာမြင့် ရှည်အောင်။ ဌာတု- တိဋ္ဌတု၊ တည်ပါစေသတည်း။ တိဋ္ဌတု၊ မယိမ်းမယိုင် ကျောက်စာ တိုင် ကဲ့ သို့ မြဲခိုင်တည်တံ့ပါစေ သတည်း။

၁။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။
ဥဒကံ ဘန္တေ။
ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝ ဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူပေထသော။ မုနိန္ဒေန၊ မုနိငါးဝ ပိုင်သစိုးအုပ် အချုပ်ရာဇိန် မြတ်မုနိန် ဖြစ်တော်မူထသော။ ဇိနေန၊ ပြိုင်ပွဲဆိုင်ပွဲ နိုင်မြဲအကျော် ရှင်တော်ထွတ်ထား မြတ်ဘုရားသည်။ သိဿာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကမ္မာကမ္မာနံ၊ ကံကြီးကံငယ်တို့ကို။ အာဝ- ဟတ္ထာယ၊ ဆောင်ရွက်ပါစေခြင်းအကျိုးငှါ။ အနုညာတာယ၊ ခွင့်ပြု တော်မူအပ်သော။ ဣမိဿာ သီမာယ၊ ဤသမုတ်အပ်လတ္တံ့သော ဗဒ္ဓသိမ်၏။ ပုရတ္ထိမာယ ဒိသာယ၊ အာဒိပထမ ပါစိန-ဟု ပါဠိမည်ခံ ကျားမင်းစံသည့် ပြုဗ္ဗဘက်သာ ရှေ့မျက်နှာမှတ် တနင်္လာအရပ်၌။ အနုညာတေသု၊ ခွင့်ပြုတော်မူအပ်ကုန်သော။ အဋ္ဌသု၊ တောင်,ကျောက်,

တော, သစ်, မြစ်, ရေ, ဝမ္မိက, ခရီးမ အားဖြင့် ရှစ်ပါးကုန်သော။ နိမိတ္တေသု၊ သိကြောင်းအမှတ်အသား နိမိတ်တို့တွင်။ ကိံ၊ နိမိတ်ဖြစ်ဖွယ် မည်ရှစ်သွယ်တွင် အလွယ်ဖြေမူ ဘယ်ဝတ္ထုသည်။ နိမိတ္တံ၊ သကတ်မပြား ဒြပ်အားဖြင့် မှတ်သားစုံမြောက် ဂုဏ်ရောင်တောက်၍ လုံလောက်သော အမှတ်အသား နိမိတ်ပါနည်း။

ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ရေပါဘုရား။

အာဝုသော၊ ငါ့ရှင် နိမိတ်စောင့်။ ဣဒံ ဥဒကံ၊ ကမ္မဝါဆုံးရောက် မခန်းခြောက်ဟု သင်လျှောက်ဆိုသော ဤရေသည်။ နိမိတ္တံ၊ ငွေရောင် စိန်ရောင် ထိန်ပြောင်ကွန့်မြူး ရပ်စူးစူးဝယ် နတ်မူး မတရှု မြဲစောင့်ကြပ်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၂။ ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝ ဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္တာယ၊ ငှါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။ ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့နှင့်တောင် ကွေ့မြောင်မရှင်း ခြသေ့မင်း၏ စံလျှင်းထင်စွာ အဂ်ါမှတ်သိ အဂ္ဂိပညတ် ရှေ့တောင်ရပ်၌။ အနုညာတေသု၊ ကုန်သော။ အဋ္ဌသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ အဘယ်ဝတ္ထုသည်။ နိမိတ္တံ၊ နည်း။

ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ စောင့်။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ရှေ့တောင်နှစ်ရပ် ကွေ့မြောင်စပ်သည့် နေရပ်ထောင့်မှာ နေလတ်မတရှု ဝိရူဠှတို့

အာဝုဓရှိန် စောင့်ရှောက်ချိန်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၃။ ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။
ဧတံ ဥဒကံ နိမိတ္တံ။

ဒေဝ ဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဃာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္ထာယ၊ ငှါ။ အနုညာတာယ၊ သော။ ဧတိမိသာ သီမာယ၊ ၏။ ဒက္ခိဏာယ ဒိသာယ၊ လက်ယာစောင့်မှူး တောင်စူးစူးဝယ် ပြောင်းထူးဆန္ဒန် ဆင်မင်းစံသည့် အလျှံကွန့်မြူး ဗုဒ္ဓဟူးရပ်၌။ အနုညာ-တေသု၊ ကုန်သော။ အဋ္ဌသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ သနည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ စောင့်။ ဧတံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ပတ္တမြားညို နီလာဆိုသည့် နဂိုရောင်မှည့် ပြောင်ပြောင်လှည့်၍ တောင်တည့်တည့် ပြောင့် မှောင်ရောင့်အန္တရာယ် မတွယ်မငြိ ဖျက်ပယ်ဘိသျှက် နေသည့် စိရှင်ဌက နတ်ဒေဝတို့ စောင့်ထမှိန် လက်နက်ချိန်သို့ နာဂတ်မှိန် မပြတ်ထိန်သော ဤသိမ်၏အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၄။ ဒက္ခိဏာယ အနုဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။
ဧတံ ဥဒကံ နိမိတ္တံ။

ဒေဝဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဃာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ ကိုကို။

အာဝဟတ္တာယ၊ ၄ါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။ ဒက္ခိဏာယ အနုဒိသာယ၊ ပတ္တာမြားဖန်ရှိန် ကြွလုံ့ထိန်သည့် ကွေ့လိမ် ရဟတ် နောက်တောင်မှတ်၍ ရေနတ်နဂါး ပျော်စံစားသည့် ထူးခြား အောင်မြေ စနေမည်ရှိ နရတီအရပ်၌။ အနုညာတေသု၊ ကုန်သော။ အင္ဂေသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ နည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ ငှာ။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ဝိရူဠှက နတ်ဒေဝနှင့် ဝိရူပက္ခ နတ်အလှတို့ စပ်ထနယ်ခြား ရန်ပယ်ရှားလျက် စက်သွားဝရဇိန် ဘေးကိုနှိမ်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၅။ ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္တာယ၊ ၄ါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။ ပစ္ဆိမာယ ဒိသာယ၊ နေလနက္ခတ် တာရာနတ်တို့ ဝင်အပ်သက်ရာ ဗန်ရောင်ဖြာဟု စာလာဂုရု ခေါ်မှုတွင်ဘိ မူသိကခေါ် ကြွက်မင်းပျော်၍ တေဇော်ရှိန်ပြေး ထိန်မမှေးသည့် ကြာသပတေးခေါ်လတ် နောက် အရပ်၌။ အနုညာတေသု၊ ကုန်သော။ အင္ဂေသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ နည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ ငှာ။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ဝိရူပက္ခ အနရဟု ဒေဝအစောင့် နေလရောင်နှင့် ဥသျှောင်နဝချတ် ပြောင်ပြောင်

ဟပ်လျက် စက်မြတ်လျှံထိန် ရန်ကိုနှိမ်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၆။ ပစ္ဆိမာယ အနုဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္ထာယ၊ ငှါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။ ပစ္ဆိမာယ အနုဒိသာယ၊ ဖန်ရွှေရောင်သန်း ဖြောင့်မတန်းဟု ထောင့်နန်း ပါရပ် လာလတ်သမှု ရာဟုခေါ်ငြား ဟိုင်းများစံရာ သယံဇာနှင့် လျှံဖြာတောက်လတ် နောက်မြောက်အရပ်၌။ အနုညာတေသု၊ ကုန်သော။ အဋ္ဌသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ သနည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ စောင့်။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ဝိရူပက္ခ ကုဝေရ ဟု ဌာနခြယ်သီး နှစ်သွယ်မှီးသည့် နယ်ကြီးနှစ်ရပ် နှစ်ပါး နတ်တို့ စောင့်ကြပ်စိုးရှိန် တန်ခိုးထိန်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၇။ ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္ထာယ၊ ငှါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။

ဥတ္တရာယ ဒိသာယ၊ မြင်းမိုရ်ခါးပန်း ဗဟိုနန်းဟု စိုးလမ်းစည်စွာ သိင်္ဂီရာနှင့် နီဝါသေတ္တု ရောင်အစုံတို့ ပြောင်မှုဖြာဖြာ ကုရုဥတ္တရာ သမုတ်ခါလျှင် ထုတ်ရာတထွေ ပူးမင်းနေ၍ ထွေထွေတောက်လတ် မြောက်အရပ်၌။ အနုညာတေသု၊ ကုန်သော။ အင္ဂေသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ သနည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ ငါ့ရှင်။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ ထော့က်ခါမပို နှောက်ရှာဆိုမူ သောကြာဂြိုဟ်ထူး ကြယ်သောက်ရှုးလျှင် တောက်မြူးတေဇ ကုဝေရ-ဟု ဒေဝခပင်း နတ်တသင်းတို့ စောင့်ခြင်းမမှိန် လင်းလင်းထိန်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြားအမှတ်အသား နိမိတ်ပေတည်း။

၈။ ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဣဒံ ဥဒကံ နိမိတ္တံ။

ဒေဝ ဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္ထာယ၊ ငှါ။ အနုညာတာယ၊ သော။ ဣမိဿာ သီမာယ၊ ၏။ ဥတ္တရာယ အနုဒိသာယ၊ ဝစနက္ကမ ထုတ်နုတ်ပြမူ ပုဗ္ဗုတ္တရသညာ နုဒိသာဟု ညီစွာခုနစ်ပျံ ဂင္ဂုန်စံ၍ သေန်လင်းမြေ တြင်းချွေသည့် တနင်္ဂနွေမည်လတ် ရှေ့မြောက်ရပ်၌။ အနုညာတေသု၊ ကုန်သော။ အင္ဂေသု၊ ကုန်သော။ နိမိတ္တေသု၊ တို့တွင်။ ကိံ၊ သည်။ နိမိတ္တံ၊ သနည်း။

ဘန္တေ၊ ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ ငါ့ရှင်။ ဣဒံ ဥဒကံ၊ သည်။ နိမိတ္တံ၊ တိတျာဂြိုဟ်ရိပ်ကြာခိုသည့် မိဿဟာဆိုမှတ် နဂိုဇာတ်ဖြင့် ကြွီအပ်မင်္ဂလာ အောင်

ဩဘာနှင့် အောင်ရာအောင်ကြောင်း အောင်မောင်းလက်နက် အောင်ချက်အောင်ရာ စွဲကိုင်ပါသော ဒေဝါ ဓာရှေ့၌ ကုဝေနတ်တို့ စောင့်လတ်မိုးချိန် ရန်မျိုးနှိမ်သို့ နာဂတ်မမှိန် မပြတ်ထိန်သော ဤသိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်ပေတည်း။

၉။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။

ဥဒကံ ဘန္တေ။

ဧတံ ဥဒကံ နိမိတ္တံ။

ဒေဝ ဒေဝေန၊ သော။ မုနိန္ဒေန၊ သော။ ဇိနေန၊ သည်။ သိဿာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ကမ္မာကမ္မာနံ၊ တို့ကို။ အာဝဟတ္ထာယ၊ ငှါ။ အနုညာတာယ၊ သော။ ဧမိဿာ သီမာယ၊ ၏။ ပုရတ္ထိမာယ ဒိသာယ၊ ၌။ အနုညာတေသု၊ ကုန်သော။ အဋ္ဌသု၊ ကုန်သော။ နိမိတ္တေသု၊ တို့ဘွင်။ ကိံ၊ သည်။ နိမိတ္တံ၊ သနည်း။

ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ ဘုရား။

အာဝုသော၊ စောင့်။ ဧတံ ဥဒကံ၊ သည်။ နိမိတ္တံ၊ တည်း။

ဤနိမိတ်ကြားနည်းမှာ—

၁၃၂၉-ခု၊ တပေါင်းလဆန်း (၇) ရက်နေ့ည နယ်သိမ်းသမုတ်အပ်သော တောင်တွင်းကြီးမြို့ ဓမ္မာရုံကျောင်း သိမ်သမုတ်ရာ၌ နိမိတ်ပြင်ဘက်မှ နေပြီး ရွှေမော်ဓောဆရာတော် အဋ္ဌကထာ ဋီကာလာသည့် အတိုင်း—

၁။ မြင်းမိုရ်တောင်၏အရောင်

၂။ အရပ်ရှစ်မျက်နှာ၏ အခေါ်အဝေါ်

၃။ အရပ်ရှစ်မျက်နှာ ဂြိုဟ်နတ်များ

၄။ ဂြိုဟ်စီးယာဉ်များ

ပြည့်စုံစွာထည့်သွင်းလျက် သမာဓိသဒ္ဒါလင်္ကာရ, ဥပမာ-အတ္ထာလင်္ကာရ တို့နှင့် ပြည့်စုံစွာ နိမိတ်ကြားပုံတည်း။

**မှတ်ချက်။** ။ကျောက်နိမိတ်ဖြစ်လျှင်-
ဧသော ပါသာဏော။

အယံ ပါသာဏော။ ။ရာဇဝတ်တောင် ပမာဆောင်လျက် မြားမြောင်ကြာရှည် အခွန့်တည်မည့် ဤကျောက်တုံး ကျောက်တိုင် သည်-ဟုဆိုပါလေ။

# နှိုင်းခိုင်း

ယာဝ လောကေသု သူရိယော၊ ဝိနယန္တံဝ တိဋ္ဌတိ။
တထာယမ္ပိ ဝိနိစ္ဆယော၊ သုန္ဒရော ယတိပါကဋော။

(သေတဝဝိပုလာဂါထာ)

လောကေသု၊ ဤသြကာသ လောကဓာတ်ကြီးထဲ၌။ သူရိယော၊ ရောင်ခြည်တထောင် အလင်းဆောင်သော နေမင်းသည်။ ယာဝဝိနယန္တံ၊ ဝိဝဋ္ဋဋ္ဌာယီ သညီခေါ်ကြ ကပ်ကာလ၏ ပျက်ကျသည်တိုင်အောင်။ တိဋ္ဌတိ ဣဝ၊ လောကဓာတ်သူ လောကဓာတ်သား အပေါင်းအား အလင်းရောင်ဖြင့် ကျေးဇူးပြု၍ တည်သကဲ့သို့။ တထာ၊ ထို့အတူ။ သုန္ဒရော၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ဂန္ထ ဟူသမျှတို့ကို ကျနစွာရှာ သေချာကြည့်ရှု စီရင်ပြုသဖြင့် ကောင်းမွန်လှပသော။ အယမ္ပိ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်သည်လည်း။ လောကေသု၊ သတ္တလောကကြီးထဲ၌။ ယတိပါကဋော၊ အလွန်ထင်ရှားသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ယာဝ ဝိနယန္တံ၊ သာသနာအလင်း မိုက်မှောင်ချုပ်ငြိမ်းသည့်တိုင်အောင်။ တိဋ္ဌတု၊ တည်ပါစေသတည်း။ ဝါ-တည်ပါစေခလို။

အသနိ သေလကူဋ္ဌံပိ၊ ပဒါလေတွာဝ ဂစ္ဆတိ။
ပါဠိဇ္ဇတ္တေဟိ ဋီကာဂဏ္ဌိံ၊ တထာယမ္ပိ ဝိနိစ္ဆယော။

(ဥဘယ-မ-ကာရ)

အသနိ၊ မိုးကြိုးခေါ်ကြ ဓာတ်သဘာဝသည်။ သေလကူဋ္ဌံပိ၊ ကျောက်တောင် ကျောက်ခဲကိုသော်လည်း။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ တထာ၊ ထို့အတူ။ အယမ္ပိ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်သည်လည်း။ ပါဠိဇ္ဇတ္တေဟိ၊ ပါဠိတော် အဋ္ဌကထာတို့နှင့်

တက္ကု။ ဋီကာဂန္ထံ၊ ဋီကာကျမ်းကို။ ပဒါလေတွာ၊ ညက်ဖြင့်သက်ဝင် ဖောက်ခွဲထွင်၍။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပေပြီ။

ကောဏ္ဍည ဝံသတ္ထေရေန၊ မဓေဝါရာမ ဝါသိနာ။
ဗဟုဇန ဟိတတ္ထာယ၊ ကတာယဉ္စ ဝိနိစ္ဆယော။

(ပဌမ-မ-ကာရ)

မဓေဝါရာမ ဝါသိနာ၊ ရွှေမော်ဓောတိုက် နှစ်ခြိုက်ရှင်ကြည် အလီလီ ဣရိယာ ပြောင်းရွေ့ကာဖြင့် နေလေ့ရှိပေသော။ ကောဏ္ဍည ဝံသတ္ထေရေန၊ 'ကောဏ္ဍညာဘိဝံသ' ဟု ခေါ်ပြုသညာ ထေရ်ဆရာသည်။ အယံ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်ကို။ ဗဟုဇန ဟိတတ္ထာယ၊ များစွာသော ရဟန်းရှင်လူအကျိုးငှါ။ ဝါ၊ များစွာသော ရဟန်းရှင်လူ အကျိုးရှိဖို့။ ကတော၊စ-ကတော၊ဧဝ၊ ပြုအပ်သည်သာလျှင်တည်း။

စာအုပ်ရိုက်နှိပ် ထုတ်ဝေရေးအတွက် အလှူငွေထည့်ဝင်ကြသော

# ကုသိုလ်ရှင်များ

| ဘွဲ့တော်နှင့်အမည် | ကျောင်း/တိုက် ရပ်ကွက်/ကျေးရွာ မြို့/မြို့နယ် | ငွေ |
|---|---|---|
| ၁။ ဆရာတော် ဦးသုန္ဒရ | ကံလှကန်ကျောင်း၊ ကံလှကန်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် | ၁၀၈ |
| ၂။ ။ ဦးဉာဏိက | ကွင်းကျောင်း၊ ကွင်းကျေးရွာ မြို့သစ်မြို့နယ် | ၅၀ |
| ၃။ ။ ဦးကေဝလ | စည်သာကျောင်း၊ စည်သာ ကျေးရွာ၊ နတ်မောက်မြို့နယ် | ၂၀၀ |
| ၄။ ။ ဦးမဏိက | ငန်းကျကျောင်း၊ ငန်းကျကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် | ၂၀၀ |
| ၅။ ။ ဦးဝိနယ | စစ်တားကျောင်း၊ စစ်တားကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် | ၂၀၀ |
| ၆။ ။ ဦးသြဘာသ | ကျောင်းကြီးကျောင်း၊ ချောင်းနက်အရှေ့စု၊ တောင်တွင်းကြီးမြို့နယ် | ၂၀၀ |

| စဉ် | ဘွဲ့တော်နှင့်အမည် | ကျောင်း/တိုက်<br>ရပ်ကွက်/ကျေးရွာ မြို့/မြို့နယ် | ငွေ |
|---|---|---|---|
| ၇။ | ။ ဦးဝိစိတ္တ | ကျောင်းကြီးကျောင်း၊<br>ချောင်းနက်အရှေ့စု၊<br>တောင်တွင်းကြီးမြို့နယ် | ၂၀၀ |
| ၈။ | ဆရာတော် ဦးသြဘာသ | ပေတောကျောင်း၊<br>ချောင်းနက်အနောက်စု၊<br>တောင်တွင်းကြီးမြို့နယ် | ၂၀၀ |
| ၉။ | ။ ဦးနန္ဒမာလာ | ဟင်္ဂရော်ကျောင်း၊<br>ဟင်္ဂရော်ကျေးရွာ၊<br>တောင်တွင်းကြီးမြို့နယ် | ၅၀ |
| ၁၀။ | ။ ဦးဉာဏုတ္တရ | ချောင်းဖြူကျောင်း၊<br>ချောင်းဖြူကျေးရွာ၊<br>နတ်မောက်မြို့နယ် | ၂၀၀ |
| ၁၁။ | ။ ဦးဓမ္မသာမိ | ညောင်ပင်ကျောင်း၊<br>ညောင်ပင်ကျေးရွာ၊<br>မကွေးမြို့နယ် | ၁၀၀ |
| ၁၂။ | ။ ဦးဓမ္မာစာရ | တလုပ်ပင်ကျောင်း၊<br>တလုပ်ပင်ကျေးရွာ၊<br>တောင်တွင်းကြီးမြို့နယ် | ၂၀၀ |
| ၁၃။ | ။ ဦးကောဝလ | နှစ်ဆင့်ကျောင်း၊<br>ရှမ်းကိုင်းကျေးရွာ၊<br>တောင်တွင်းကြီးမြို့နယ် | ၁၀၀ |

| စဉ် | ဘွဲ့တော်နှင့်အမည် | ကျောင်း/တိုက်<br>ရပ်ကွက်/ကျေးရွာ မြို့/မြို့နယ် | ငွေ |
|---|---|---|---|
| ၁၄။ | ။ ဦးဓမ္မိကသာရ | စစ်တလင်းကျောင်း၊<br>စစ်တလင်းကျေးရွာ၊<br>မြို့သစ်မြို့နယ် | ၃၀၀ |
| ၁၅။ | ဆရာတော် ဦးကဝိန္ဒ | ဖိုးပေါက်ကန်ကျောင်း၊<br>ဖိုးပေါက်ကန်ကျေးရွာ၊<br>မကွေးမြို့နယ် | ၁၀၀ |
| ၁၆။ | ။ ဦးဩဘာသ | ရေလျှံဓမ္မာရုံကျောင်း၊<br>အုန်းတောရပ်ကျေးရွာ၊<br>တောင်တွင်းကြီးမြို့ | ၁၀၀ |
| ၁၇။ | ။ ဦးထေဝမနိ | တုတ်စမ်းအရှေ့ကျောင်း၊<br>တုတ်စမ်းကျေးရွာ၊<br>မကွေးမြို့နယ် | ၂၀၀ |
| ၁၈။ | ။ ဦးကဿပ | ရွှေစေတီကျောင်း၊<br>ဝါးကြီးအိုင်ကျေးရွာ၊<br>မြို့သစ်မြို့နယ် | ၅၀ |
| ၁၉။ | ။ ဦးကောသလ | လက်ပန်ရွာသစ်ကျောင်း<br>လက်ပန်ရွာသစ်ကျေးရွာ၊<br>မကွေးမြို့နယ် | ၁၀၀ |
| ၂၀။ | ။ ဦးတေဇောဘာသ | ပမ်းဘဲအင်းကျောင်း၊<br>ဝမ်းဘဲအင်းကျေးရွာ၊<br>နတ်မောက်မြို့နယ် | ၂၀၀ |

| စဉ် | ဘွဲ့တော်နှင့်အမည် | ကျောင်း/တိုက် ရပ်ကွက်/ကျေးရွာ မြို့/မြို့နယ် | ငွေ |
|---|---|---|---|
| ၂၁။ | ။ ဦးပညာဝံသ | ကံလှကန်ကျောင်း၊ ကံလှကန်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ် | ၁၀၀ |
| ၂၂။ | ဆရာတော် ဦးတေဇိန္ဒ | ချိုင်းကျောင်း၊ သန်းကုန်းကျေးရွာ၊ မြို့သစ်မြို့နယ် | ၂၀၀ |
| ၂၃။ | ။ ဦးသီလဝံသ | ရွှေမော်ဓောတိုက်၊ တောင်ပြင် (၂)၊ တောင်တွင်းကြီးမြို့ | ၁၀၀ |
| ၂၄။ | ။ ဦးကောမုဒိယ | ပါရမီရိပ်သာ၊ ကန့်ကော်မြိုင်လမ်း၊ ရန်ကင်း၊ ရန်ကုန် | ၂၀၀ |
| ၂၅။ | ။ ဦးဃောသိတ | ရွှေမော်ဓောတိုက်၊ တောင်ပြင် (၂)၊ တောင်တွင်းကြီးမြို့ | ၃၀၀ |
| ၂၆။ | ဒေါ်မယ်ဟန် | ဘုန်းကြီးမယ်တော် ပန်းတောရွာ၊ တောင်တွင်းကြီးမြို့နယ် | ၁၀ |
| ၂၇။ | ဦးချစ်ဆွေ-ဒေါ်စောရင် | ဝမ်းတွင်းမြို့ | ၂၅ |
| ၂၈။ | ဒေါ်သိန်းဟန် | ဘုန်းကြီးမယ်တော် စမ်းချောင်းရပ်၊ မြေထဲမြို့ | ၁၁၀ |

| စဉ် | ဘွဲ့တော်နှင့်အမည် | ကျောင်း/တိုက် ရပ်ကွက်/ကျေးရွာ မြို့/မြို့နယ် | ငွေ |
|---|---|---|---|
| ၂၉။ | ဦးကံထွန်း | မြစ်ခြေ၊ ပခုက္ကူ | ၅၀ |
| ၃၀။ | ဆရာတော် ဦးသုမန | မြို့ရှေ့တိုက်ကျောင်း၊ ကျောက်ပန်းတောင်းမြို့ | ၁၀၀ |
| ၃၁။ | ဆရာတော် ဦးကေလာသ | ရေထွက်ကျောင်း၊ ရေထွက်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် | ၁၀၀ |
| ၃၂။ | ။ ဦးဣန္ဒိမ | ဝက်ကြီးကန်ကျောင်း၊ ဝက်ကြီးကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် | ၁၀၀ |
| ၃၃။ | ။ ဦးပညာသာမိ | အင်တောအရှေ့ကျောင်း၊ အင်တောကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် | ၁၀၀ |
| ၃၄။ | ။ ဦးစန္ဒ | အင်တောအနောက်ကျောင်း၊ အင်တောကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် | ၅၀ |
| ၃၅။ | ဒါယကာ-ဒါယိကာမများ | အင်တောကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ် | ၇၅၀ |
| ၃၆။ | ဆရာတော် ဦးဣန္ဒာစာရ | ဇောတိကကျောင်း၊ ခင်မကန်တိုက်၊ မန္တလေး | ၁၀၀ |

# ရွှေမော်ဓော ဆရာတော်ဘုရားကြီး
# ရေးသားတော်မူအပ်သော

**ထွက်ပေါ်ပြီး ကျမ်း—**

သြကာသ အဓိပ္ပာယ်ကျမ်း

**မကြာမီ ထွက်ပေါ်လာတော့မည့် ကျမ်းများ—**

၁။ နိဗ္ဗာနဝိသဇ္ဇနာကျမ်း

၂။ ဝိပဿနာနည်းပြကျမ်း

၃။ ဓမ္မသဘာဝဒီပနီကျမ်း

၄။ ကမ္မဋ္ဌာန်းအဓိပ္ပာယ်ကျမ်း

၅။ အနေကဇာတင်အကျယ်ကျမ်း

၆။ အသက်ငယ်ငယ် ဂုဏ်ထူးကြွယ်ဝတ္ထု

## ရွှေမော်ဓော ဆရာတော်ဘုရားကြီး
## ရေးသားတော်မူအပ်သော

ထွက်ပေါ်ပြီး ကျမ်း—

ဩကာသ အဓိပ္ပာယ်ကျမ်း

မကြာမီ ထွက်ပေါ်လာတော့မည့် ကျမ်းများ—

၁။ နိဗ္ဗာနဝိသဇ္ဇနာကျမ်း

၂။ ဝိပဿနာနည်းပြကျမ်း

၃။ ဓမ္မသဘာဝဒီပနီကျမ်း

၄။ ကင်္ခါအဓိပ္ပာယ်ကျမ်း

၅။ အနေကဇာတင်အကျယ်ကျမ်း

၆။ အသက်ငယ်ငယ် ဂုဏ်ထူးကြွယ်ဝဋ္ဌ၊